www.burmeseclassic.com



www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၆၁၀၇၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၆၅၀၉၀၈
အဖုံးဒီဇိုင်း - Lလင်း
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းဌေး
ပုံနှိပ်ခြင်း - ၂၀၀၉ ခုနှစ်၊ ဇွန်လ။
ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်


BURMESE CLASSIC

## အခန်း (၁)

သူသည် မဟော်ဂနီရောင် တဖိတ်ဖိတ် တောက်ပနေတဲ့ ကျွန်းလှေကားကြီးရဲ့ လှေကားထစ်တွေအတိုင်း တစ်ထစ်ချင်း လှမ်းတက်လာခဲ့မိလေသည်။ ဓာတ်လှေကားရှိနေပေမယ့် ဓာတ်လှေကားကို မသုံးဘဲ မဟော်ဂနီရောင် ကျွန်းလှေကားကြီးအတိုင်းပဲ တစ်ထစ်ချင်း လှမ်းတက်လာခဲ့၏။ မိုးသောက်ကြယ် သွင်းကုန် ထုတ်ကုန် ကုမ္ပဏီကြီးရဲ့ မန်နေဂျင်းဒါရိုက်တာ မေမြတ်မဒီရဲ့ အခန်းဆီကို ရောက်ရှိရန် ဖြည်းဖြည်းချင်းပဲ လှမ်းတက်လာနေမိသည်။

"ဒေါ်မေမြတ်မဒီ ခင်ဗျားက ဘယ်လောက်များ လှပချော မောနေလို့လဲ၊ ခင်ဗျား ဒီလို ကြီးကျယ်ခမ်းနားပြီး ချမ်းသာကြွယ်ဝ



www.burmeseclassic.com

www.burmeseclassic.com



နောက်ဘဝတွေမှာလည်း ကျုပ်အစ်ကို ထက်သာရဲ့ အရင်းအနှီးငွေကြေးတွေကြောင့်ပဲလို့ မာမီက ပြောတယ်၊ ခင်ဗျားက ကျုပ်အစ်ကိုကို အပိုင်ချိုင်ပြီး အသည်းခွဲသွားတဲ့ မိန်းမတဲ့၊ ဖောက်ပြန်သွားတဲ့ မိန်းမတဲ့၊ ခင်ဗျား ဘယ်လိုမိန်းမမျိုးလဲ"

သူ့မျက်ဝန်းတွေက တင်းမာခက်ထန်နေလေသည်။ မာမီပြခဲ့တဲ့ ဓာတ်ပုံထဲက ဒေါ်မေမြတ်မဒီကတော့ ချောမောလှပလွန်းနေပြီး ကျက်သရေရှိလွန်းနေ၏။ ရွှေအိုရောင် ကြိုးကြီးချိတ်နှင့် မြင်ရသူငေးလောက်အောင် ချောမွတ်အိစက်နေသည်။ ကိုကို နှစ်သက်မြတ်နိုး စွဲမက်မည်ဆိုရင်လည်း စွဲမက်စရာပင်။ ဒါပေမဲ့ ဒီမိန်းမက ကြောက်စရာ ကောင်းလောက်အောင် ကိုယ်ကျင့်တရားညှိုးမှိုင်းပြီး သစ္စာမဲ့ဖောက်ပြန်တတ်သော မိန်းမတစ်ယောက်ဟုလည်း မာမီက နာကျင်ကြေကွဲဆို့နစ်စွာ ပြောပြခဲ့လေသည်။

"မင်းကိုကို အရက်တွေ အလွန်အကျွံသောက်ပြီး ကားအက်စီးဒင့် ဖြစ်သွားရတာ ဒီမိန်းမကြောင့်ပဲ၊ နောက်ဆုံး အသေဆိုးနဲ့ သေဆုံးသွားရတာလေ သားငယ်"

ပန်းသီးတွေ ဖရဲဖရဲနှင့် အခန်းထဲမှာရှိနေတဲ့ ပန်းသီးတွေ





အားလုံး ကိုကို ပစ်ပေါက်ရိုက်ခွဲထား၍ အကွဲအစတွေ အကျိုးအပြတ်တွေ ဖြစ်နေပေမယ့် ဒေါ်မေမြတ်မဒီ ပုံကတော့ လုံးဝ အထိအခိုက်မရှိ၊ အပြစ်အနာ မရှိ။ ကိုကို့အိပ်ခန်းထဲမှာ လှပကြွရွစွာ ရှိနေခဲ့လေသည်။

"မင်းအစ်ကိုက မေမြတ်မဒီကို အရမ်းချစ်တယ် သားငယ်၊ အရမ်းလည်း မြတ်နိုးတယ်၊ ဒီမှာကြည့်လေ၊ ဒီမိန်းမရဲ့ဓာတ်ပုံကို မဖျက်ဆီးရက်ဘဲ ဒီအတိုင်းထားခဲ့တာလေ"

မာမီက နာကျည်းလွန်း၍ ကိုကိုထက်သာရဲ့ အိပ်ခန်းကို ဒီအတိုင်းပဲထားခဲ့သည်။ အခန်းပိတ်ပြီး ထားခဲ့တာကြာပြီ။

"မင်းအစ်ကို တစ်ညလုံး သောင်းကျန်းတယ်၊ ပန်းသီးတွေ ပေါက်ခွဲလွှင့်ပစ်နေတယ်၊ အရက်တွေလည်း အလွန်အကျွံသောက်ထားတယ်၊ မင်း ငါ့ဘဝကြီးကို ဖျက်ဆီးပစ်လိုက်တဲ့ မိန်းမ၊ သစ္စာမရှိတဲ့ မိန်းမလို့ တတွတ်တွတ် အော်ဟစ်ပြောဆိုနေတယ်"

"မာမီက မထားဘူးလားဟင်၊ မာမီက မဖျောင်းဖျဘဲ ဒီအတိုင်းပဲ ထားလိုက်လား"

"ဟင့်အင်း…ဖျောင်းဖျတာပေါ့၊ တားဆီးတာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



သားကြီးက အိပ်ခန်းတံခါးကို ပိတ်ထားတယ်။ သူတစ်ယောက်တည်း ခေါ်ထုတ်ခွဲပါရစေတဲ့၊ မာမီ မနှောင့်ယှက်ပါနဲ့တဲ့၊ မာမီက သားတွေကို လွတ်လပ်စွာ နေထိုင်ခွင့်ပေးထားတာလေ၊ မာမီ့သားတွေက သိမှုရေးခြားရှိလွန်းတဲ့ သားတွေပဲဟာ"

မာမီက အလွန်ထက်မြက်တဲ့ မိန်းမတစ်ယောက်ဖြစ်ပြီး သားတွေကိုလည်း ချစ်ခင်မြတ်နိုးလေသည်။ ဒက်ဒီဆုံးသွားတာလည်း စီးပွားရေးလုပ်ငန်းတွေက ယိမ်းယိုင်နိမ့်ကျမသွားဘဲ မာမီရဲ့ ထက်မြက်စွာ ထိန်းချုပ်လုပ်ကိုင်နိုင်မှုအောက်မှာ ပို၍ပင် ကြီးပွားတိုးတက်ခဲ့၏။ လုပ်ငန်းတွေ ပိုအောင်မြင်လာကာ ချမ်းသာကြွယ်ဝလာခဲ့ရသည်။ သားတွေကိုလည်း လွတ်လပ်ပျော်ရွှင်စွာ ကြီးပြင်းစေခဲ့ပြီး ပညာတတ် သားတွေအဖြစ် ထိန်းကျောင်းပဲ့ပြင်နိုင်ခဲ့၏။ သူက နိုင်ငံခြားမှာ ပညာသွားသင်ချင်သည်ဆိုတော့လည်း မာမီက ပြည့်စုံစွာ ထောက်ပံ့ပေးနိုင်ပြီး သားငယ်ရဲ့ဆန္ဒတွေအတိုင်း ဖြစ်စေ၏။ ကိုကိုကတော့ စီးပွားရေး လုပ်ငန်းတွေမှာ စိတ်ဝင်စားသဖြင့် မာမီ ဦးစီးလုပ်ကိုင်နေတဲ့ လုပ်ငန်းတွေကို လွှဲပြောင်းပေးအပ်ခဲ့လေသည်။





"သားကြီး အရမ်းတော်ပါတယ်၊ လုပ်ငန်းတွေကိုလည်း အောင်မြင်အောင် လုပ်ကိုင်နိုင်တယ်လေ"

မာမီ့မျက်ဝန်းတွေထဲမှာ မျက်ရည်စတွေ ပြည့်ဝိုင်းလာပြီး ရီဝေစိုစွတ်နေလေသည်။ အသံတွေပင် တုန်ရီလှိုက်ခါပြီး နှုတ်ခမ်းတွေပင် တုန်ရီလာရ၏။ သားတွေကို မာမီ ဘယ်လောက်အထိ ချစ်ခင်မြတ်နိုး တန်ဖိုးထားတယ်ဆိုတာ သူအသိဆုံးပါပဲ။ သူတို့ ညီအစ်ကို နှစ်ယောက်ကိုလည်း တစ်ယောက်နှင့်တစ်ယောက် ချစ်ခင်ပြီး သံယောဇဉ်ကြီးမားစွာ တွယ်တာနေအောင် မာမီက ဆုံးမသွန်သင် ပုံစံသွင်းထားခဲ့သည်။

"မာမီက သားတွေကို ခပ်ညံ့ညံ့သားတွေ မဖြစ်စေချင်ဘူးလေ၊ အရမ်းပဲ ထက်မြက်ပြီး လူ့လောကကြီးအတွက် အသုံးကျတဲ့ လူတော်တွေ ဖြစ်စေချင်တာ၊ မိသားစုပျော်ပျော်ရွှင်ရွှင်နဲ့ သံယောဇဉ်ကြီးမားကြတဲ့ မိသားစုလေးပဲ ဖြစ်စေချင်တယ်လေ"

သူတို့ညီအစ်ကိုကလည်း တစ်ယောက်နှင့်တစ်ယောက် အလွန်အမင်း ချစ်ခင်ကြပြီး သံယောဇဉ်ကြီးမားစွာ တွယ်တာခဲ့ကြလေ၏။ သူ နိုင်ငံခြားကို ထွက်သွားတော့လည်း သူ နေ့စဉ်



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုနှင့် ဖုန်းပြောဖြစ်ကြ၏။ လွန်ခဲ့သော သုံးနှစ်လောက်က ကိုကိုထက်သာ ကားအက်စီးဒင့်ဖြစ်၍ သေဆုံးသွားရရှာပြီဟု မာမီက ဖုန်းဆက်ခဲ့သည်။ သူ အတိုင်းအဆမရှိအောင် ကြေကွဲဝမ်းနည်းခံစားခဲ့ရ၏။ အကျိုးအကြောင်းတွေကို သားပြန်လာမှ ပြောပြမည်ဟု ပြောခဲ့သည်။ သူ အရေးတကြီး စာမေးပွဲတွေရှိနေ၍ မပြန်ဖြစ်တော့။ ကိုကိုလည်း လူ့လောကကြီးထဲမှာ မရှိတော့တာဘဲ။ ကိုကိုသေဆုံးရတဲ့ အကြောင်းတွေကို သူသိချင်ခဲ့ပေမယ့် မာမီက သူပညာသင်ကြားရာမှာ စိတ်အနှောင့်အယှက်ဖြစ်မှာစိုး၍ မပြောခဲ့ပေ။

"သားကြီးက မေမြတ်မဒီဆိုတဲ့ မိန်းကလေးတစ်ယောက်နဲ့ မာမီကို မိတ်ဆက်ပေးတယ်လေ၊ အရမ်းကို ချောမောလှပပြီး ကျက်သရေရှိလွန်းလို့ မာမီတောင် ချက်ချင်းသဘောတူလိုက်မိတယ် သားငယ်ရယ်"

မာမီသည် အမြဲတမ်း သားတွေအပေါ် တာဝန်ကျေလွန်းတဲ့ မိခင်တစ်ယောက်ပဲ ဖြစ်လေသည်။ အလိုလိုက် အကြိုက်ဆောင်ကာ လိုလေသေးမရှိအောင် ဖြည့်စွမ်းပေးတတ်၏။





"မာမီက ချွေးမကို လိုလေသေးမရှိအောင် ခရီးဦးကြိုပြီး ကြင်နာယုယပြခဲ့ပေမယ့် မကြာခင် သားရဲ့ပေါက်ကွဲမှုတွေနဲ့ ရင်ဆိုင်လိုက်ရတာပဲလေ"

ကိုကိုကလည်း တည်ကြည်ခန့်ညားပြီး ချောမောတဲ့ ယောကျ်ား တစ်ယောက်ပါပဲ။ ဖျိုတိုင်းကြိုက်တဲ့ နှင်းဆီနိုင်ပဲ။ မေမြတ်မဒီရဲ့ ချောမောလှပ ကျက်သရေရှိမှုတွေကလည်း စံတင်လောက်နေလေသည်။ ယောကျ်ားသားတစ်ယောက်အား ညှို့ယူဖမ်းစားထားနိုင်တဲ့ ခန္ဓာကိုယ်အလှအပ ရှုက်ဖိုကြီးငယ် အသွယ်သွယ်ကို ပိုင်ဆိုင်ထားတဲ့ ဒေါ်မေမြတ်မဒီကို ဘယ်လောက်များ ကိုကို နှစ်သက်မြတ်နိုးနေမလဲဆိုတာ သူသိနေလေသည်။

"သစ္စာမဲ့တဲ့မိန်းမ၊ ငါ့ဘဝကြီးတစ်ခုလုံးကို ဖျက်ဆီးပစ်တဲ့ မိန်းမ၊ အလကားမိန်းမဆိုပြီး အော်ဟစ်ပေါက်ကွဲနေတော့တာပဲလေ"

ကိုကိုထက်သာလို ယောကျ်ားတစ်ယောက်ကို ဘာဖြစ်လို့ ဒေါ်မေမြတ်မဒီက သစ္စာမဲ့ဖောက်ပြန်သွားရတာလဲ။ စည်းစိမ်ဥစ္စာတွေရော ရုပ်ရည်ရူပကာရော မိန်းမတစ်ယောက်ရဲ့ဘဝကို ပြည့်စုံအောင်ဖြည့်မှုတွေ ပေးစွမ်းနိုင်တဲ့ ယောကျ်ားတစ်ယောက်အပေါ် ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့များ သနားမဲ့ခဲ့ရတာလဲဗျာ။ ကိုကိုလို ယောကျ်ား တစ်ယောက် ဆုံးရှုံးလိုက်ရတယ်။ လူ့လောကကြီးအတွက်ရော များစွာနစ်နာထိခိုက်ရသည်။ ခင်ဗျား တော်တော်ရက်စက်တဲ့မိန်းမပဲ။ သူ့စိတ်ထဲမှာ အမြဲတမ်း နာကျင်ကြေကွဲနေရ၏။ ဒီမိန်းမကို မုန်းတီး ရွံရှာနေမိသည်။ ကျုပ်အစ်ကိုလို ယောကျ်ားတစ်ယောက်ကိုမှ ခင်ဗျား ရက်စက်ယုတ်မာလွန်းတယ်ဗျာ။

သူ့ခြေလှမ်းတွေက မယောင်ကန်းရောင် ကျွန်းလှေကားကြီး အတိုင်း အပေါ်ဆုံးအထပ်သို့ တက်ရောက်လာခဲ့လေသည်။ ပန်းက နုတ်တွေကို လှပစွာ နှင်းဆီပန်းပွင့်ပုံ ခြယ်သထားသော ကျွန်းတံခါး ကြီးကို ပိတ်ကာရံထားသည့် အခန်းရှေ့တွင် သူ ခြေစုံရပ်မိသွားရ၏။ တစ်စုံတစ်ယောက်နှင့် တွေ့ဆုံရတော့မည်ဟူသော အတွေးက သူ့စိတ်တွေကို ရုတ်ခြည်း တင်းမာခက်ထန်သွားရလေသည်။ အံသွားတွေကို တင်းကျပ်စွာ ဖိကြိတ်ထားလိုက်မိ၏။ ခင်ဗျားကို ကျုပ်အရမ်းမုန်းတယ်။ ဖြစ်နိုင်ရင် ကျုပ်လက်တွေနဲ့ ခင်ဗျားခန္ဓာ ကိုယ်တစ်ခုလုံးကို အမှုန့်ဖြစ်သွားအောင် ခြေမွပစ်ချင်တယ် ဒေါ်မေ မြတ်ခဒီ။ ခင်ဗျားရဲ့ လှပချောမွတ်နေမှုတွေကို ဘမ်းပြုပြီး ယောကျ်ား





ဘယ်နှစ်ယောက်ကို မြူဆွယ်ဖြားယောင်းပြီး ဒုက္ခပေးခဲ့ဖူးပြီးပြီ သဲဗျာ။ အခုချိန်ကစပြီး ခင်ဗျားနဲ့ကျုပ် စိန်ခေါ်လိုက်ပြီ ကိုထက်သာ ရဲ့ညီ ဉာဏ်သာပဲ။ ခင်ဗျားကို စိန်ခေါ်ဖို့ ရောက်လာပြီလေ။ ဉာဏ်သာရဲ့ အသည်းနှလုံးတွေကိုခွဲဖို့ ခင်ဗျားကြိုးစားစမ်းပါ။ ကျုပ် စိန်ခေါ်တယ်။

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲရှင်"

"သြော်...မန်နေးဂျင်းဒါရိုက်တာ ဒေါ်မေမြတ်နဲ့ တွေ့ချင် လို့ပါ"

"ချိန်းထားပါလား"

"မချိန်းထားပါဘူးခင်ဗျာ"

"ဒါဆို"

"ထက်သာသော်ရဲ့ညီ ဉာဏ်သာသော်က တွေ့ချင်လို့ပါ လို့ ပြောပေးပါ"

"ခဏလေးစောင့်ပါနော်"

"ဟုတ်ကဲ့"

ထက်သာသော်ရဲ့ညီ ဉာဏ်သာသော်ဆိုရင် ခင်ဗျားတွေ့



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ။ ခင်ဗျားက ဟန်ဆောင်ကောင်းတဲ့ မိန်းမတစ်ယောက်ဖြစ်နေလို့ပဲ။ ကျုပ်ကို ဘာတွေအားပေးနှစ်သိမ့်မလဲ၊ လိမ်ညာလှည့်ဖြားမလဲ။ ဘာတွေ မူယာမာယာတွေနဲ့ မြူဆွယ်ဖြားယောင်းဦးမလဲ။ ကိုကိုက သူချစ်မြတ်နိုးရသော မိန်းမချောလေးရှိနေပြီဟု ဖုန်းနှင့်ပြောခဲ့သည်။

"ညီ မင်းမရီးချောချောလေးတစ်ယောက် ရတော့မယ်ကွ၊ ကိုတို့ချစ်သူကိုတွေ့ရင် အရမ်းပဲ မှင်သက်မိပြီး အရမ်းချောလိုက်တာလို့ ပြောယူရမယ်"

"ဓာတ်ပုံပို့လိုက်လေ"

"မပို့ဘူးညီ၊ မင်း မြန်မာပြည်ရောက်မှပဲ လူကိုယ်တိုင်ကြည့်လေ၊ ကိုကိုဟာ ကမ္ဘာပေါ်မှာ ကံအကောင်းဆုံး ယောကျ်ားတစ်ယောက်ပဲဆိုတာ ညီ အသိအမှတ်ပြုစေရမယ်လေ"

"အဟက်"

"မရယ်နဲ့ကွ၊ မင်းက မိန်းမချောလေးတွေကို ခံစားတတ်တဲ့ သူတစ်ယောက် မဟုတ်ဘူးဆိုတော့ ညီလည်း ချစ်သူထားချင်တဲ့စိတ်တွေ အရမ်းဖြစ်ပေါ်သွားစေရမယ်ကွာ"

"တယ်စာတဲ့ဆိုပါလား"





"ကိုကိုတကယ်ပြောတာကွ၊ မနောက်နဲ့ညီ"

"ကောင်းပါပြီဗျာ၊ ညီ မြန်မာပြည်ကို ပြန်လာမှပဲ မရီးကိုကြည့်ပါတော့မယ်၊ ကိုကို ကံကောင်းပါစေ"

ကိုကို့ရဲ့ ပျော်ရွှင်ကြည်နူးပီတိတွေ လွှမ်းနေတဲ့အသံတွေကို သူကြားယောင်လာမိလေသည်။ အံသွားလေးတွေကို တင်းတင်းကြိတ်ကြိတ် ဖိကပ်ထားမိသွားရ၏။ ကိုကို့ရဲ့အနာဂတ်တွေကို ခင်ဗျား ဖြတ်စီးပစ်လိုက်တာပဲ မေမြတ်မဒီ။ ကျုပ်အစ်ကိုဆီက ခင်ဗျားယူချင်တာတွေ ရယူသွားပြီး သစ္စာမဲ့ခဲ့တာပဲမဟုတ်လား။

"မင်းကိုကိုဆုံးသွားပြီ၊ ကားအက်စီးဒင့်ဖြစ်လို့လေ သားငယ်၊ အကျိုးအကြောင်းကိုတော့ သားပြန်ရောက်လာမှ ပြောပြမယ်၊ အရမ်းရှည်တယ်လေ"

မာမီ့အသံ တုန်တုန်ရီရီတွေက သူ့နှလုံးသားတွေကို ဆွဲယူဆုတ်ကိုင် ခြေမွလိုက်သလို စူးရှနာကျင်သွားရလေသည်။ သူ့ချစ်သော၊ သံယောဇဉ်ကြီးမားစွာ တွယ်တာရသော ကိုကိုသည် နီးရှားတဲ့ အန္တရာယ်နဲ့ ရင်ဆိုင်ရပြီး လူ့လောကကြီးထဲကနေ အရှုံးပေးလိုက်ကာ ထွက်ခွာသွားခဲ့ရလေသည်။ အဓိကတရားခံက ခေါ်



www.burmeseclassic.com

www.burmeseclassic.com



မြတ်ဒေဝီပဲတဲ့။ သူမှီနိုင်ခေါ်ရမည့် မိန်းမတစ်ယောက်လည်း ဖြစ်နေရလေသည်။

❦ ❦ ❦



## အခန်း (၂)

"အထဲကိုကြွပါရှင်၊ မမ စောင့်နေပါတယ်"

ဝန်ထမ်းမိန်းကလေးရဲ့ အသံသာသာလေးကြောင့် သူ့အသိတွေ ဝင်လာကာ အတွေးစတွေ ပြတ်သွားခဲ့ရလေသည်။ ထိုမိန်းကလေးက အခန်းတံခါးကို ခါးလေးကိုင်းညွတ်ကာ ဖွင့်ပေးရှာ၏။ တော်တော်လေး ကြီးကျယ်ခမ်းနားတဲ့ ဒေါ်မမြတ်မဒီပါလားဟု သူ တွေးမိနေသည်။ ထိုးမည့်ဆင် နောက်တစ်လှမ်းဆုတ်ဆိုသလို သူ့ရင်ထဲမှ ပေါက်ကွဲထွက်တော့မည့် ဒေါသတွေကို ထိန်းချုပ်ထားလိုက်ပြီး တင်းမာနေတဲ့ မျက်ဝန်းတွေထဲသို့ အပြုံးတွေ စီးမျောဝင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ပါ ဉာဏ်သာ"

သူမအသံကလည်း အေးစက်တင်းမာနေလေသည်။ သူ မော့ကြည့်လိုက်မိစဉ်မှာပင် တဒင်္ဂတော့ မှင်သက်မိသွားသလို ထိုမိန်းမရဲ့ မျက်နှာကို ငေးစိုက်ကြည့်မိသွားရတော့၏။ ကိုကိုပြောတဲ့ စကားတွေကို သူပြန်၍ ကြားယောင်လာရသည်။

"ကိုကို့ချစ်သူကို မင်းတွေ့လိုက်ရရင် အရမ်းကိုချောမော ပြီး ကျက်သရေရှိတာပဲလို့ ပြောဆိုချီးကျူးမိပြီး မှင်သက်မိသွားစေ ရမယ်"

ဒေါ်မမြတ်မဒီဟု ခေါ်နေရပေမယ့် သူနှင့် အသက်ချင်း သိပ်မကွာလှဘဲ ချောမောခြင်း၊ ကျက်သရေရှိခြင်း၊ ဖွံ့မက်စရာ ကောင်းခြင်းဆိုတာတွေနှင့် ပြည့်စုံနေလေသည်။ အင်းလေ ကိုကို သူလည်း သိပ်မှမကွာတာဘဲ။

"ဉာဏ်သာသော်"

"ဟင်"

"မင်း ဘာကိစ္စရှိလို့ မမကို လာတွေ့ရတာလဲ"

မမတဲ့။ သူ့ကိုတွေ့တွေ့ချင်း အထက်စီးကနေ ပြော





ဆက်ဆံလိုက်တာပဲ ဖြစ်လေသည်။ မျက်တောင်ကော့လေးတွေ တဖျပ်ဖျပ်ခတ်ပြီး ရှုန်းလဲ့နက်မှောင်နေသော ညို့မျက်ဝန်းတွေနှင့် သူ့ကို စူးစိုက်ကြည့်နေ၏ သူမမျက်ဝန်းတွေထဲမှာလည်း မာန်မာန တွေနှင့် ခပ်ထန်ထန်လေး ဖြစ်နေလေသည်။ သူ့ရင်ထဲမှာ ပေါက်ကွဲ လုဒေါသတွေက ထိန်းချုပ်ထားနေသည့်ကြားမှ ပေါက်ကွဲလွင့်စင် ထွက်ချင်လာရသည်။

"မင်းအစ်ကိုကြောင့် လာတာလား၊ မင်းက ခုတ်ပုံထဲက အတ် ပိုပြီးချောနေပါလား ဉာဏ်သာသော်"

ဘာမှမဖြစ်သလို ခံစားမှုကင်းမဲ့စွာ ပြောဆိုနေသော ဒေါ်မမြတ်မဒီကိုကြည့်ပြီး သူ့မျက်ဝန်းတွေက မာထန်ဝင်းတောက် သွားရလေသည်။ သူမနှုတ်ခမ်းတွေပေါ်မှာ ပြုံးယောင်လေး သမ်းနေ တာတောင် မထေမဲ့မြင်နိုင်လွန်းနေ၏။ ဘယ်လောက်များ ဒေါသတွေ ထွက်စရာကောင်းနေလဲလို့။ ကျုပ်က ခင်ဗျားကို စိန်ခေါ်ရမယ် ဒေါ်မမြတ်မဒီ၊ ကျုပ်အစ်ကို အသည်းနှလုံးတွေ ကွဲအက်ကြေမွပြီး အဝကြီးတစ်ခုလုံးပါ ပေးဆပ်ခဲ့ရသလို ခင်ဗျားလည်း ပေးဆပ်စေရ မယ်။ ခင်ဗျား မခံစားဖူးတဲ့ အချစ်ရဲ့ ပြင်းပြလှိုက်မောနာကျင်မှုတွေကို

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား ခံစားစေရမယ်။ သူ့အကြည့်တွေက ဒေါ်မေမြတ်မဒီဆိုတဲ့ ချောမောအိစက်လွန်းနေတဲ့ ညို့မျက်ဝန်းတွေဆီ စူးစိုက်စွာ ရောက်သွားရလေသည်။

"ဉာဏ်သာ မင်းလာတာ မမသိပါတယ်၊ မင်းအစ်ကို သေဆုံးမှုအတွက် စွဲချက်တွေတင်ပြီး လက်စားချေ တုံ့ပြန်ဖို့လာတာ မဟုတ်လား"

"အဟက်"

သူ ပြုံးလိုက်လေသည်။ သူက ခန့်ညားချောမောတဲ့ ယောက်ျားတစ်ယောက်ဖြစ်တဲ့အပြင် မိန်းကလေးတွေကို ညို့ယူဖမ်းစားထားနိုင်တဲ့ အပြုံးတွေ ပိုင်ဆိုင်ထားလေသည်။ ဉာဏ်သာ ပြုံးလိုက်ရင် ကြောက်စရာအရမ်းကောင်းတယ်နော် ဒေါ်မေမြတ်မဒီ။

"ဘာလဲ ဉာဏ်သာ၊ မင်းကိုကို သေဆုံးရတာ မမကြောင့်လို့ မင်းမာမီ စွဲချက်တင်သလို စွဲချက်တင်ချင်တာလား"

သူမ မျက်ဝန်းတွေက ခက်ထန်မာကျောသွားရလေသည်။ သူမအား သစ္စာမဲ့ဖောက်ပြန်တဲ့ မိန်းမတစ်ယောက်အဖြစ် လူပုံအလယ်မှာ အရှက်ကွဲစေရန် စွပ်စွဲပြောဆိုခဲ့သော ထက်သာသော်





ရဲ့မိခင် ဒေါ်မာလာချိုကို မေမြတ်မဒီ မုန်းတီးနာကျည်းဆုံးပင် ဖြစ်နေရ၏။ မေမြတ်မဒီက သူ့သားအပေါ် ဘာတွေများ သစ္စာမဲ့ဖောက်ပြန်ခဲ့မိလို့လဲ။ သူမကိုယ်တိုင် ထက်သာသော်နှင့် ချစ်သူဖြစ်ခဲ့ရသော အချိန်တိုတိုအတွင်းမှာ ထက်သာသော်ရဲ့ ဖောက်ပြန်သစ္စာမဲ့မှုတွေကို ရင်ဆိုင်ခံစားခဲ့ရတယ်ဆိုတာရော ဘာဖြစ်လို့များ မလေ့လာမစူးစမ်းဘဲ သူမပိုင်ဆိုင်ခဲ့သော ကုမ္ပဏီမှာ လာရောက်ကာ စွပ်စွဲပုတ်ခတ် အရှက်ခွဲသွားခဲ့လေသည်။

သူမရှေ့ကို ရောက်ရှိလာသော ထက်သာသော်ရဲ့ညီ ဉာဏ်သာသော်ကို သူမ စူးစိုက်စွာကြည့်မိနေတော့၏။ မင်းက မင်းမာမီရဲ့ တစ်ဖက်သက် စွပ်စွဲပုတ်ခတ် ပြောဆိုနေတဲ့ စကားတွေဆို နားယောင်ပြီး ငါ့ကို အရှက်ထပ်ခွဲဖို့ ရောက်လာတာမဟုတ်လား။ မင်းမျက်ဝန်းတွေထဲမှာ ငါ့ကိုမုန်းတီးရွံရှာစက်ဆုပ်နေတဲ့ အရိပ်တွေ ပြည့်လျှံနေတာပဲ။

"ကဲ ပြောလေ ဉာဏ်သာ၊ မင်း ဘာအကြောင်းနဲ့ မမကို လာတွေ့ရတာလဲလို့"

ကမ္ဘာပေါ်မှာ သာယာနာပျော်ဖွယ်အကောင်းဆုံး ညတွေက



www.burmeseclassic.com

www.burmeseclassic.com



ခရာတာတာ အသံချိုအိလေးက စွဲဆောင်ညို့ယူ ဖမ်းစားနိုင်စွမ်း အပြည့် ရှိနေသည်ဟု သူ ထင်မှတ်မိလေသည်။ ဒါကြောင့်လည်း ကိုကို စွဲလမ်းခဲ့ရတာပါပဲ။ တော်ရုံယောကျ်ားလေးဆို မလွယ်ဘူး။ ဒေါ်မေမြတ်မဒီဆိုတဲ့ မိန်းမတစ်ယောက်ကြောင့် ရှုံးသွားနိုင်တယ်။ ကျုပ်ကတော့ ခင်ဗျားကို လုံးဝပဲ။ ဘယ်တော့မှ ခင်ဗျားညွှတ်ကွင်းထဲကို မသက်ဆင်းဘူး။ ခင်ဗျား စွဲဆောင်ချင်တိုင်း စွဲဆောင်လို့ရမရနိုင်တဲ့ယောကျ်ား ရှိသေးတယ်ဆိုတာ ခင်ဗျားသိစေရမယ်။ နောက်ဆုံး ခင်ဗျား နောင်တတရားတွေနဲ့အတူ ကျုပ်ကိုကိုနောက်ကို ခင်ဗျား လိုက်သွားစေရမယ်။ ခင်ဗျားပေးဆပ်ရမယ် ဒေါ်မေမြတ်မဒီ။

မထေ့တထေ့အပြုံးတွေနှင့်အတူ ရွှန်းလဲ့တောက်ပနေတဲ့ မျက်ဝန်းတွေနှင့် ရဲတင်းစွာ ရင်ဆိုင်ကြည့်ရှုဝံ့နေသော မိန်းမတစ်ယောက်က ဘာအထင်များကြီးစရာရှိလို့လဲ ကိုကိုရာ၊ မတန်လိုက်တာ၊ ညီတော့ အရမ်းရှုံ့တယ်။ အထင်မကြီးပါဘူး။ ဒီမိန်းမ ကိုကို့အပေါ် သစ္စာမဲ့ ဖောက်ပြန်တာ မဆန်းပါဘူး။

“မမကို စိန်ခေါ်ဖို့ မင်းရောက်လာတာလား ဉာဏ်သာ”

“ဟုတ်တယ်”





“မင်းကိုကိုအတွက်လား”

“ခင်ဗျား သိသားပဲ”

“ထိုင်ပါဦး”

ဉာဏ်သာက သူမနှင့် အသက်သိပ်အကွာကြီးတော့ မဟုတ်ပေ။ ဉာဏ်သာရဲ့အစ်ကိုနှင့် သူမ ချစ်သူတွေဖြစ်ခဲ့စဉ်က ကိုယ့်ညီက ကိုယ့်ထက် တစ်နှစ်လောက်ပဲ ငယ်မယ်လို့ ပြောပြခဲ့ဖူးသည်။ ထက်သာက ဒီဒီထက် နှစ်နှစ်ကြီး၏။

“ဒီမှာ ဒေါ်မေမြတ်မဒီ”

“မမလို့ပဲ ခေါ်ပါလား၊ ဉာဏ်သာထက် မမက တစ်နှစ်လောက်ပဲ ကြီးတာပါ၊ ကုမ္ပဏီပိုင်ရှင် သူဌေးမကြီးဖြစ်နေပေမယ့် မမအသက်က အခုမှ နှစ်ဆယ့်ခြောက်နှစ်ပဲ ရှိပါသေးတယ် ဉာဏ်သာရယ်”

“ကောင်းပြီလေ၊ ဒါဆိုလည်း မမလို့ပဲ ခေါ်မယ်လေ”

“အိုကေ”

လုပ်ငန်းနှင့် အရှိန်အဝါကြောင့် ဒေါ်မေမြတ်မဒီလို့ ခေါ်လိုက်ရပေမယ့် တကယ်တမ်းကျတော့ နုနယ်ချောမော အိစက်

www.burmeseclassic.com



နေသည့် မိန်းမငယ်တစ်ယောက်သာ ဖြစ်နေလေသည်။ ကိုကိုက ညည်း သူ့ထက် သုံးနှစ်ပဲကြီးတာပါ။ ကိုကို့ချစ်သူက ကိုကို့ထက် နှစ်နှစ်ငယ်တယ်၊ မင်းထက် တစ်နှစ်ပဲကြီးတယ်ညီဟု ပြောပြထား ခဲ့လေ၏ ဒီအသက်အရွယ်နဲ့ ခင်ဗျားဘာဖြစ်လို့ ဒီလိုစည်းစိမ်ချမ်းသာ တွေ ဂုဏ်ဒြပ်တွေ ပိုင်ဆိုင်နေရတာလဲဆိုတာ ကျုပ်သိနေပါပြီ။ ယောကျ်ားတွေ ဘယ်နှစ်ယောက်ဆီက ခင်ဗျား မြူဆွယ်ဖြားယောင်း သိမ်းသွင်းရယူထားတာလဲဗျာ။

"ဒီမိန်းမက သားကြီးအဆောက်အအုံတွေနဲ့ သူဌေးမကြီး ဘ၀ကိုတောင် ရယူပိုင်ဆိုင်ထားတယ်လေ သားငယ်၊ ရုပ်ကလေး ဘမ်းပြုပြီး လုပ်စားနေတာပါ၊ ဘယ်လောက်မှန်းစရာကောင်းလဲလို့"

မာမီပြောတဲ့စကားတွေကို သူပြန်၍ ကြားယောင်လာမိလေ သည်။ မေမြတ်မဒီက မြင်သူငေးရလောက်အောင် ချောမောလှပနေ ပေမယ့် အကျင့်စာရိတ္တကတော့ အထင်ကြီးစရာမရှိပေ။ ဒီလိုမိန်းမ တစ်ယောက်ကို သူ ပညာပေးချင်နေမိသည်။

"မင်းက မမကို ဘယ်လိုများ စိန်ခေါ်ချင်ရတာလဲ ညဏ်သာ၊ ထက်သာလို သေမင်းနိုင်ငံကို ကိုယ့်စရိတ်နဲ့ကိုယ်





လိုက်သွားရမှာလား"

"ဟုတ်တယ်၊ စိန်ခေါ်လိုက်လေ"

ငါ့ဘ၀မှာ ယောကျ်ားတွေကို မုန်းတီးနာကြည်းလွန်းလို့ ဘယ်ယောကျ်ားအတွက်ကြောင့်မှ အသည်းကွဲပြီး လူ့လောကကြီး ထဲကနေ ထွက်ခွာသွားချင်လောက်အောင် နာကျင်ခံစားရတော့မှာ မဟုတ်ဘူး။ မင်း ရှုံးသွားလိမ့်မယ်။ ငါက မင်းအစ်ကိုကို အရမ်း ချုန်းတီးနာကြည်းနေတာလေ။ ပြီးတော့ လူပုံအလယ်မှာ ငါ့ကို ဓားရားစွပ်စွဲပြီး ပါးရိုက်သွားတဲ့ မင်းမာမီ ဒေါ်မာလာချိုကိုလည်း ငါအရမ်းမုန်းတီးနာကြည်းနေလို့ပဲ။ မင်းက အရမ်းပဲ သနားစရာ ကောင်းတဲ့ ယောကျ်ားတစ်ယောက်ပါပဲလား ညဏ်သာရယ်။ ငါ့ရဲ့ သားကောင် ဖြစ်သွားရပြီ။ မင်းအစ်ကို ဒေါသတွေပေါက်ကွဲပြီး သေခြင်းတရားနဲ့ မရှုမလှရင်ဆိုင်သွားရတာ ငါ့ကြောင့်မဟုတ်ဘူးဆို တာ မင်းသိသွားစေရပြီး အဲဒီအချိန်မှာ မင်းနှလုံးသားတွေထဲမှာ ငါဘယ်လောက်အထိများ နေရာယူလွှမ်းမိုးထားနိုင်နေပြီလဲဆိုတာ စောင့်ကြည့်လေ။ ဒီတစ်ခါ ငါ့အလှည့်ပဲ ညဏ်သာသော်။ ငါ့ရှေ့မှာ မှောက်လျက်လာလဲတဲ့ သားကောင်ကိုတော့ ငါ အမိအရ ပေးရ



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်လေ။

"မင်း ဘာဖြစ်လို့ မမဆီ ရောက်လာတာလဲဆိုတာ မမ သိပါတယ်လေ၊ မမကို မင်းက ပေါ်တင်စိန်ခေါ်ဖို့ ရောက်လာတာပဲ မဟုတ်လား"

"မမကသိနေတာပဲ၊ ဟုတ်တယ်၊ ကိုယ်ရောက်လာတာက ဒေါ်မေမြတ်မဒီဆိုတဲ့ မိန်းမတစ်ယောက်ကို ပေါ်တင်စိန်ခေါ်ဖို့ပဲ လေ"

"အဟက်"

"ခင်ဗျားမျက်ဝန်းတွေထဲမှာ ကျုပ်ကိုမမှုတဲ့ မထီမဲ့မြင် အရိပ်တွေ ထင်ဟပ်နေတာပဲ ဒေါ်မေမြတ်မဒီ၊ ခင်ဗျားအလှအပတွေကို ကျုပ် တိမ်းညွှတ်ယစ်မူးသွားမယ်လို့များ ထင်မြင်ယူဆနေပြီလား"

မေမြတ်မဒီကို သူ ပေါ်တင်ပဲ စိန်ခေါ်ချင်နေလေသည်။ နီးစပ်မှုရရှိရန် ပြောင်ပဲ ကြိုးစားပစ်ချင်နေ၏။ သူ့အကြည့်တွေက စူးရှနေသည်။ ကိုကို့အပေါ် ရက်စက်နိုင်ခဲ့တဲ့ ခင်ဗျားနှလုံးသားတွေကို သံရည်ပူတွေနဲ့ လောင်းချပစ်ချင်တယ်ဗျာ။ ဟန်ဆောင်ကောင်း





တဲ့ မိန်းမ၊ မာယာများတဲ့မိန်းမ၊ အရှက်သိက္ခာကင်းမဲ့လွန်းနေတဲ့မိန်းမ၊ ခင်ဗျားရုပ်ရည်နဲ့ ခင်ဗျားစိတ်ဓာတ်က လုံးဝဆန့်ကျင်ဘက်ပဲဗျာ၊ ရှုန်းလိုက်တာ။

"ညာဏ်သာ"

"ပြောပါ"

"မင်း ဘာဖြစ်ချင်လဲ"

"မမနဲ့ အနီးကပ်ဆုံးမှာ နေချင်တယ်၊ ဘာအလုပ်ပဲဖြစ်ဖြစ် ပေါ့"

"အိုကေ ဖြစ်နိုင်ပါတယ်၊ မမမှာလည်း ယဉ်ယဉ်ကျေးကျေး ပြောရရင်တော့ မမရဲ့ကိုယ်ရံတော်လေ၊ နည်းနည်းရိုင်းရိုင်းပြောရရင် ဒရိုင်ဘာတစ်ယောက်တော့ လိုအပ်နေတယ်၊ အားတော့နာပါတယ်၊ *မင်းက နိုင်ငံခြားပြန် ပညာတတ်ကြီးတစ်ယောက် မဟုတ်လား*"

"အိုကေ လက်ခံတယ်"

"ဒါဆို အိုကေ၊ မင်းဆန္ဒရှိတဲ့အချိန် အလုပ်ဝင်နိုင်တယ်လေ ညာဏ်သာ"



www.burmeseclassic.com

www.burmeseclassic.com



''အခုချက်ချင်းပဲ ကိုယ် အလုပ်ဝင်မယ်''

''အိုကေ''

မေမြတ်မဒီ မျက်ဝန်းတွေနှင့် သူ့မျက်ဝန်းတွေ ဆုံမိသွားလေသည်။ အရန်းတွေရဲ့ ဆုံမှတ်အဖြစ် အကြည့်ကို ရုတ်ခြည်း လွှဲဖယ်ခြင်း မပြုကြ။ မထင်မှတ်ဘဲ ပေါ်တင်စိန်ခေါ်ပွဲကြီးအဖြစ် နှစ်ဦးနှစ်ဖက် သဘောတူညီခဲ့ကြလေတော့သည်။

❦ ❦ ❦



## အခန်း (၃)

ဖြူဖွေးအိစက်နေသော ဆိုဖာဆက်တီပေါ်တွင် မေမြတ်မဒီ ငြိမ်သက်စွာ ထိုင်နေမိလေသည်။ သူမလက်ထဲတွင် တီဗီရုမုတစ်ခုဆို ကိုင်ထား၏။ သူမမျက်ဝန်းတွေက တီဗီဖန်သားပြင်အား စိုက်ကြည့်နေ၏။ ဉာဏ်သာ မင်းက ငါ့ကို ပေါ်ပေါ်တင်တင် ခွဲသင်လာခေါ် တာပါလား။ မင်းကပဲ ငါ့ကို ညှို့ယူဖမ်းစားနိုင်လား၊ ငါကပဲ မင်းကို ညှို့ယူဖမ်းစားနိုင်မလားဆိုတာ စောင့်ကြည့်ကြသေးတာပေါ့လေ။ သူမ နှုတ်ခမ်းသားတွေက တင်းကြပ်စွာ စေ့ကပ်နေသည်။ ထက်သာသော်ဆိုတဲ့ ယောကျ်ားတစ်ယောက် အကြောင်းကို ဘယ်တော့မှ မစဉ်းစားချင်ခဲ့ပေ။ မေ့ပစ်ထားလိုက်



www.burmeseclassic.com

www.burmeseclassic.com



အေး မင်းက ငါ့ကိုလာပြီး အစဖော်ပေးတာပဲ ဉာဏ်သာသော်။ မင်းအစ်ကို ထက်သာသော်အတွက် မင်းက ငါ့ကိုလက်စားချေဖို့ စိန်ခေါ်တာလား။ အတိတ်တွေက မကောင်းဆိုးဝါးတစ်ကောင်လို မေမြတ်မဒီရဲ့ ရင်ထဲကို နာကြည်းချောက်ချားဖွယ် ထိုးနှက်နေလေသည်။ ငါ့မေ့ပစ်ထားခဲ့တာပဲ။ မင်းကရော ဘယ်လိုကောင်လေးမျိုးလဲ ဉာဏ်သာ။ ငါနဲ့မင်းက တစ်နှစ်လောက်ပဲ ကွာတာပဲ။ ဒါပေမဲ့ မင်းကိုတော့ ငါ အထက်စီးကပဲ ဆက်ဆံပစ်ရမယ်။

"မမ"

"ဟင်"

"ညှိုသည်"

"ဉာဏ်သာသော်လား"

"ဟင်"

အိမ်ဖော်ကောင်မလေး နီတာက မျက်လုံးပြူးလေးနှင့် ကြည့်လေသည်။

သူမ အေးစက်နေမိ၏။ ဉာဏ်သာ လာမယ်ဆိုတာ ဒီဒီ ကြိုသိနေခဲ့သည်။ မင်းက ငါနဲ့ ရင်းနှီးမှုရယူဖို့ လာမယ်ဆိုတာ





သိပြီးသားပဲ ဉာဏ်သာသော်။ ညှိုခန်းမှာ စောင့်နေပါဟု နီတာ့ကို ပြောခိုင်းလိုက်လေသည်။ ဒီဒီ ထလိုက်၏။ ကိုယ်လုံးပေါ်မှန်ကြီးရှေ့မှာရပ်ပြီး အလှအပတွေ ပြင်လိုက်၏။ ဒီပွဲမှာတော့ ဒီဒီ လုံးဝ အလျှော့ပေးလို့မဖြစ်ဘူး။ အနိုင်ယူရမယ်။ မင်းက ငါ့ကိုမုန်းတီး နာကြည်းနေတာ မဟုတ်လား။ မင်းအစ်ကိုအသက်ကို ချွေခဲ့တဲ့မိန်းမ တစ်ယောက်လို့ စွဲချက်တွေနဲ့ ပေါ်တင်စိန်ခေါ်ပြီး မင်းရောက်လာတာ မဟုတ်လား။

"ဒေါက်"

"ဒေါက်"

"ဒေါက်"

မဟူရာရောင် လက်လက်ထနေသော ကျွန်းလှေကားကြီး ပေါ်မှ ခွာမြင့်ဖိနပ်သံကြောင့် ဉာဏ်သာ အကြည့်တွေ အမှတ်မထင် ဆောက်သွားရလေသည်။ ဒီမိန်းမက ကြီးကျယ်ခမ်းနားနေပါလား။ အိမ်ပေါ်မှာ ဖိနပ်စီးသည်။ အကြည့်ကို လွှဲပစ်ဖို့ ကြံစည်ပြီးမှ သူ့စိတ်တွေက အကြည့်ကိုလွှဲပစ်ဖို့ ဝန်လေးစွာ ကြည့်မိနေလေသည်။ ဉာဏ်သာ မင်းစိတ်တွေကို ထိန်းစမ်းပါ။ ဒီမိန်းမက



www.burmeseclassic.com

www.burmeseclassic.com



မာယာများတယ်၊ ကြောက်စရာကောင်းတယ်။ ပူလောင်တယ်။ ယောကျ်ားတွေကို ဒုက္ခပေးမယ့် မိန်းမ။ ညဏ်သာ မင်း စိတ်ဝင်စားအောင် ဒီမိန်းမ လုပ်ပြနေတာပဲ။ သူ့အကြည့်တွေကို ခက်ခက်ခဲခဲ ရှောင်ဖယ်ပစ်လိုက်ရသည်။

"ညဏ်သာ"

သူမက ဆိုဖာဆက်တီပေါ်မှာ စတိုင်လ်အပြည့်နှင့်ထိုင်ပြီး ညဏ်သာကို ကြည့်လေသည်။ ကိုကို စွဲမက်ယစ်မူးမည်ဆိုလည်း ယစ်မူးဖွယ်ပါပဲ။ ညဏ်သာလို ယောကျ်ားမျိုးတောင် ဒီမိန်းမရဲ့ မျက်ဝန်းတွေ အလှတွေ ဝတ်စားပြင်ဆင်မှုတွေကိုက ရိုးသားဖြူစင်နေသည်။ ပကတိ စွဲမက်ဖွယ်ဖြစ်နေ၏။ မြတ်မဒီက ညဏ်သာနှင့် အသက်အရွယ်မကွာပေ။ နုပျိုလှပ ဖူးစင်နေသော သူမသည် ညဏ်သာထက် ငယ်မည်တောင် ထင်ရပေမယ့် အစ်မကြီး တစ်ယောက်စတိုင်လ်က အပြည့်အဝ ဖမ်းထားလေသည်။

"ဒရိုင်ဘာ ရောက်လာပြီပဲ"

"မမ နိုင်းချင်ရာခိုင်းပါခင်ဗျာ"

"အိုကေ"





"မမ"

"ပြော"

"အားမနာတမ်းခိုင်းပါ"

မမတဲ့၊ ညဏ်သာ မင်း ဒီဒီကို အသက်အရွယ်ကြီးရင့်တဲ့ မိန်းမကြီးတစ်ယောက်အဖြစ် စတင်စိန်ခေါ်ပစ်လိုက်ခြင်း ဖြစ်လေသည်။ ဒီဒီ နည်းနည်းတော့ စိတ်တိုသွားရ၏။ ခံပြင်းလိုက်တာ။ ငါက ဘယ်လောက်များ အသက်အရွယ်ကွာနေလို့လဲ ညဏ်သာသော်၊ တစ်နှစ်လောက်ပါ။ ငါ အသက်အရွယ်ကြီးရင့်တဲ့ မိန်းမတစ်ယောက် မဟုတ်သေးပါဘူးနော်။ အမူအရာပျက်သွားချင်ပေမယ့် ဒီဒီ ဟန်ပျက်လို့ မဖြစ်ပါဘူး။ ညဏ်သာက စိန်လာခေါ်တာပါ။ တွေ့ကြမယ်လေ၊ မမြတ်မဒီပဲဟာ။ ဖူးငုံစွင့်နေတဲ့ နှုတ်ခမ်းလေးကို တင်းတင်းစေ့ထားလိုက်သည်။

မင်းကို ဒရိုင်ဘာအဆင့်ပဲ ငါသတ်မှတ်တယ် ညဏ်သာ။ မင်းဟာ ငါ့အတွက် ဘာမှအထင်ကြီးစရာမရှိပါဘူးကွာ။ မင်းကို သူငယ်နပ်စားကောင်လေးတစ်ယောက်လို့ပဲ သဘောထားတယ်။

"ဒရိုင်ဘာအလုပ်ခိုင်းရတာ အားနာတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"တိုယ်က မမအနားမှာပဲ နေချင်တာလေ၊ အိုကေ ပေးခိုင်းတဲ့ အလုပ်တာဝန်ကို ထမ်းဆောင်ပါမယ်ဗျာ"

ဉာဏ်သာ့ကို သူမကြည့်ပြီး ရယ်ချင်သွားရလေသည်။ မင်းကို မင်းမာမီက ငါ့အကြောင်းတွေကို သုံးစားလို့မရအောင် ကောင်းတာတွေပဲ ပြောပြလိုက်တယ်မဟုတ်လား ဉာဏ်သာ။ အချစ်ဆုံး သားကြီးအတွက် အပြစ်တွေအားလုံး မေမြတ်မဒီအပေါ်ပဲ မင်းမာမီက ပုံချနေတာလေ။

"ကောင်းပြီလေ ဉာဏ်သာ၊ မင်း သဘောတူတယ်ဆိုရင် အခုချိန်ကစပြီး တာဝန်ထမ်းဆောင်နိုင်ပါပြီ"

"အိုကေ"

ခင်ဗျားအနားမှာပဲ ကျုပ်က အနီးကပ်နေချင်တာလေ။ သူ တမင်ပဲ မေမြတ်မဒီကို ပေါ်တင်စိန်ခေါ်ပစ်လိုက်တာပဲဖြစ်သည်။ ဉာဏ်သာက ဖျို့တိုင်းကြိုက်တဲ့ နှင်းဆီခိုင်လေ။ မိန်းကလေးတွေကို ညှို့ယူဖမ်းစားနိုင်တဲ့ ခန့်ညားချောမောတဲ့ ယောကျ်ားတစ်ယောက်ပဲ။ ခင်ဗျား ကျုပ်ကို မချစ်မိအောင်ဘဲ ကြိုးစားထားပါ မမေမြတ်မဒီ။ ကိုယ့်ကို ကောင်မလေးတွေက စွဲလမ်းနှစ်သက်ကြတယ်နော်။





"ဉာဏ်သာ"

"ပြောပါ မမ"

"ရှေ့ ကားသော့၊ မင်း စတင်လုပ်ရမှာက ကားကို သန့်ရှင်းရေးလုပ်ဖို့ပဲ ဉာဏ်သာ၊ မမက သန့်ရှင်းခြောက်သွေ့နေတဲ့ ကားပဲ စီးတယ်၊ ဒရိုင်ဘာလခကိုလည်း သူများထက် ပိုပေးတတ်တယ်၊ ကားကို အထူးဂရုစိုက်မှ ကြိုက်တယ်နော်"

"အိုကေ"

သူ ကားသော့ကိုယူပြီး ခြံထဲဆင်းလာခဲ့လေသည်။ ဒီမိန်းမ အရမ်းချမ်းသာနေတာပဲ။ ပန်းပေါင်းစုံလှပနေသော ခြံကျယ်ကြီးထဲမှာ လှပခမ်းနားသော သုံးထပ်တိုက်ကြီးနှင့် နေထိုင်နိုင်သည်။

"ဒီဒီဆိုတဲ့ မိန်းမက မင်းကိုကိုဆီက ပိုက်ဆံတွေ ချူစားသွားတာလေ၊ သင်း အလှအပတွေ ဘမ်းပြပြီး ယောကျ်ားအတော်များများဆီက စည်းစိမ်ဥစ္စာတွေ အရယူထားတတ်တယ်၊ ပြီးတော့ အဲဒီယောကျ်ားအပေါ် သစ္စာမဲ့တယ်။ အဲဒီယောကျ်ားကို ထားပစ်ခဲ့တယ်။ နောက်တစ်ယောက် ပြောင်းသွားတာပဲ သားငယ်"

မာမီက မဟုတ်မမှန်တာ မပြောဘူးဆိုတာ ဉာဏ်သာ



www.burmeseclassic.com

www.burmeseclassic.com



သိသည်။ အမြဲတမ်း တည်ကြည်ပြီး သားတွေရဲ့ စံပြအမေ တစ်ယောက်ပါ။ မေမြတ်မဒီကိုလည်း ချွေးမအဖြစ် မာမီ ကြည်ဖြူစွာလက်ခံထား၍ ချွေးမယောင်းအပေါ် ချောက်တွန်းစရာ အကြောင်း မရှိပေ။

ခင်ဗျားချမ်းသာတာတွေက ကျုပ်အစ်ကိုဆီက ရယူထားတာတွေပဲ။ ရုပ်လေးဘမ်းပြပြီး ခင်ဗျား ယောကျ်ားတွေကို ကစားစရာ အရုပ်တစ်ရုပ်လို သဘောထားနေတာပဲမဟုတ်လား။ မေမြတ်မဒီ ခင်ဗျားနှလုံးသားတွေထဲမှာ အချစ်ဆိုတာ ဘယ်တော့မှမရှိခဲ့ဘူးမဟုတ်လား။ ကြည့်လိုက်ရင် ခင်ဗျားမျက်ဝန်းတွေက ရိုးသားဖြူစင်နေသလိုပဲဗျာ။ ဟန်ဆောင်ကောင်းလိုက်တာ။ ခင်ဗျားရဲ့ ချစ်သူဟောင်း ယောကျ်ားတစ်ယောက်ရဲ့ညီကိုလည်း သွေးအေးစွာနဲ့ ခင်ဗျား မျက်နှာပြောင်တိုက် ရင်ဆိုင်ရဲတယ်။ ကားကို ဆေးကြောပွတ်တိုက်ရင်း ဥက္ကာသာ ဒေါသတွေ ပေါက်ကွဲချင်နေရသည်။

"ဒီမိန်းမကို ပညာပေးဖို့ အချိန်သတ်မှတ်ဖြစ်မယ်၊ ငါ့ရဲ့ အယုအယ အကြင်နာတွေကြားမှာ မင်းစီးဝင်နစ်မျောစေရမယ် မေမြတ်မဒီ"





တန်ဖိုးကြီးမားလှသော နောက်ဆုံးပေါ်ကားကြီးက သူ့ကို လှောင်ပြောင်ကျီစယ်နေသလိုပင်။ လက်လက်ထနေတဲ့ ကားကြီးမှာ သူ့ကိုယ့်အရိပ်တွေ ထင်ဟပ်နေသလိုပင်။ တော်တော်ရက်စက်တဲ့ မိန်းမ။ ရုပ်လေးနဲ့တောင် မတန်အောင် အကြင်နာကင်းမဲ့လှသည်။

"ဥက္ကာသာ"

"ဟင်"

"ကားက အရမ်းကို ပြောင်လက်သန့်ရှင်းနေပါပြီ၊ ဆော်ပါတော့လား"

ဥက္ကာသာကို ခပ်တွေ့တွေ့ပြုံးကြည့်ပြီး ပြောလေသည်။

ကျုပ်က ဒီကားကြီးကို မီးလောင်တိုက်သွင်းပစ်လိုက်ချင်တယ် မေမြတ်မဒီ။ ကျုပ်လက်တွေနဲ့ မင်းကိုပါ စိစိညက်ညက် ချေမွပစ်ချင်နေတယ်။ သူ့မျက်ဝန်းအကြည့်တွေက ဟန်ဆောင်နိုင်ခြင်း ကင်းမဲ့စွာ မာထန်သွားရလေသည်။ မေမြတ်မဒီက ကားတံခါးဖွင့်ရန် အဆိုပြုနေ၏။ ကိုယ်တိုင်ဖွင့်လို့ရပါလျက်နှင့် အကျောကြီးနှင့် ဆက်ဆံနေခြင်းပဲ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

ဒီဒီ ရှေ့ကိုကြည့်နေရပေမယ့် ဘေးမှာထိုင်နေတဲ့ ဉာဏ်သာသော်ဆိုတဲ့ ယောက်ျားတစ်ယောက်ကို မကြည့်မိအောင် ထိန်းချုပ်နေသည့်ကြားမှ လှည့်၍ကြည့်ချင်နေ၏။ ဉာဏ်သာက ထက်သာထက် ချောမောခန့်ညားတဲ့ ယောက်ျားတစ်ယောက် ဖြစ်နေသည်။ မင်းက ထက်သာသော်ဆိုတဲ့ ယောက်ျားတစ်ယောက်ရဲ့ညီပဲ။ ယုတ်မာကောက်ကျစ်တဲ့လူ၊ သစ္စာမရှိတဲ့ယောက်ျား၊ တာဝန်မဲ့တဲ့ယောက်ျား။ မင်းမာမီက ငါ့ကိုပဲအပြစ်တွေပုံချပြီး ငါ့အရှက်သိက္ခာတွေ တစ်ပြားသားမှမရှိအောင် ဝေဖန်ပြောဆိုနေတာပဲ။





ငါ့ကို သစ္စာမဲ့သွားတာက မင်းအစ်ကိုပဲ။ တွေးမိတိုင်း ဒေါသတွေက ပေါက်ကွဲထွက်ချင်နေရသည်။ ဉာဏ်သာ မင်းကို ဘယ်တော့မှ ငါမချစ်ဘူး။ စိတ်လည်းမဝင်စားဘူး။ မင်းပဲ ငါ့ကို ဒုက္ခရောက်စေရမယ်။ စွဲလမ်းနှစ်သက် တပ်မက်နေစေရမယ်။ မင်းအစ်ကို ထက်သာသော်ကို ငါ လက်တုံ့မပြန်ရခင် သေဆုံးသွားတယ်။ မုန်းတယ်။ ငါအမုန်းဆုံး ယောက်ျားပဲ။

"မမ"

"ပြော"

"ဘာတွေစဉ်းစားနေတာလဲ"

"ဒါက ငါ့ကိစ္စပါ ဉာဏ်သာ"

"ကိုယ့်အကြောင်းတွေများ စဉ်းစားနေလားလို့ပါ"

"ဘာကွ မင်းလိုဒရိုင်ဘာတစ်ယောက်ရဲ့အကြောင်းကို ငါက ဘာဖြစ်လို့ စဉ်းစားရမှာလဲ၊ ဝေးသေးတယ်"

ဉာဏ်သာက ပြုံးသည်။ အရမ်းပဲ ဆိုးဖြစ်သည်ဟု ထင်မိသည်။ သူ့အစ်ကိုထက်သာနဲ့ တခြားစီပဲ။ ထက်သာက ချောမောခန့်ညားတဲ့ ယောက်ျားတစ်ယောက်ဖြစ်ပေမယ့် ကုပ်ကုပ်လေးနေတိုင်



www.burmeseclassic.com

www.burmeseclassic.com



တတ်ပြီး ရှုပ်ပွေချင်တဲ့ယောက်ျားပဲ။ ရှင့်မာမီက မသိဘူးမဟုတ်လား။ သားကို သူတော်ကောင်းပဲ ထင်နေတယ်လေ။ မင်းမာမီက အဖြစ်အပျက်အမှန်ကို မရုံစမ်းတော့ဘူး။ မေမြတ်မဒီဆိုတဲ့ မိန်းမကိုပဲ မုန်းတီးနာကြည်းနေတယ်။ ငါက မေ့ပစ်ထားတာပါ။ မင်းကို စိန်မခေါ်ပါဘူး ဉာဏ်သာ။ နာကြည်းချက်တွေ ရင်နဲ့အပြည့် သိမ်းဆည်းထားတဲ့ မိန်းမတစ်ယောက်ကို မင်းဘက်က စိန်လာခေါ်တာနော်။

"ကျွိ"

"ဟင်"

"အမေ့"

ကားက ရုတ်တရက် ဘရိတ်အုပ်လိုက်သဖြင့် ဒီဒီ့ကိုယ်လေး ဟန်ချက်ပျက်သွားရကာ အထိတ်တလန့် အော်လိုက်မိလေသည်။ သူ့မလက်တွေက ဉာဏ်သာ လက်မောင်းကို ဆုပ်ကိုင်မိလျက်သား ဖြစ်သွားရတော့သည်။ ဒီဒီ့မျက်ဝန်းလေးတွေက ဒေါသတကြီး တင်းမာခက်ထန်သွားရ၏။ တမင်လုပ်ပစ်တာပဲ။ မိန်းကလေးတစ်ယောက် အိနြွေမဲ့သွားအောင် ဉာဏ်သာ တမင်လုပ်တာဟု





ထင်မိသည်။

"မင်း တမင်လုပ်တာမဟုတ်လား ဉာဏ်သာ"

"ဆောရီးပဲ မမ၊ ကိုယ် တမင်လုပ်တာ မဟုတ်ပါဘူး၊ မိန်းကလေးတစ်ယောက် အိနြွေမဲ့အောင် ကိုယ် ဘာဖြစ်လို့လုပ်ရမှာလဲ၊ ကိုယ် ဒီလောက်အထိ အောက်တန်းမကျပါဘူး"

သူ တကယ်လည်း တမင်လုပ်တာမဟုတ်ပေ။ မေမြတ်မဒီဆိုတဲ့မိန်းမ ဘာဖြစ်လို့များ ဒီလောက်အထိ အပြစ်ကင်းမဲ့အောင် ပြစ်ချိုးမှုမထင် လှပချောမောနေရတာလဲဟု တွေးမိသွားရပြီး ဘမ်းဘောပလက်ဖောင်းကို ဝင်တိုက်မိမလို ဖြစ်သွားရသည်။ သူ အထိတ်တလန့်နှင့် ဘရိတ်အုပ်ပစ်လိုက်မိ၏။ နုနုဖပ်ဖပ် လက်ချောင်းလေးတွေက သူ့အသားကို လာထိသည်။

"မင်း ဂရုစိုက်မောင်းပါ ဉာဏ်သာ၊ ငါက မင်းရဲ့အလုပ်ရှင်နော်၊ မင်း မရိုမသေ မလုပ်ပါနဲ့"

"ကိုယ်တောင်းပန်ပါတယ် မမ၊ အရမ်းလန့်သွားလား ဟင်၊ ကိုယ် တကယ့်ကို တမင်လုပ်တာမဟုတ်ပါဘူး၊ အဟောက် အကြောင်းတွေ တွေးမိသွားလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"မမက ဘာဖြစ်လို့များ ဒီလောက်အထိ ပြစ်မျိုးမဲ့မထင် လှပချောမွတ်နေရတာလဲလို့ပါ"

"ဉာဏ်သာ"

"ရှာ"

"ငါက မင်းအရုန်းဆုံး မိန်းမနော်"

"မုန်းလို့မရဘူးဗျာ၊ မမအလှတွေက တကယ့်ကို စွဲမက် စရာပဲ"

"အဟက်"

"မရယ်ပါနဲ့"

"မင်းတော်တော်ရယ်ရတဲ့ ကောင်လေးပဲ၊ မင်းအပြောတွေ မှာ ငါ ပစ်ကျသွားမယ်ထင်လို့လား၊ ဝေးသေးတယ်၊ မင်းကို ငါ အစေအပါးတစ်ယောက်လိုပဲ သဘောထားတယ်နော်"

သူ ဒေါသထွက်သွားရပေမယ့် စိတ်ကို ထိန်းချုပ်လိုက် သည်။ မေမြတ်မဒီက ဉာဏ်သာ ထင်ထားတာထက်ပင် တည်ငြိမ် အေးစက်နေ၏။ ကိုကို့ကိုလည်း ဒီလိုပဲ မာယာပရိယာယ်တွေ





မြူဆွယ်ဖြားယောင်းခဲ့တာပဲမဟုတ်လား။ သူကတော့ မေမြတ်မဒီကို နှုန်းတီးနာကြည်းစရာတွေပဲ တွေးတောစဉ်းစားနေမိလေသည်။

ဒီမိန်းမညွှတ်ကွင်းမှာ တိုးဝင်သွားလို့မဖြစ်ပါဘူး။ သူတို့ နှစ်ယောက်က ပေါ်တင်စိန်ခေါ်ထားကြတာလေ။ အချစ်ပြိုင်ပွဲကြီး ဆင်နွှဲနေကြရမှာလေ။ ကိုယ့်လိုပဲ မင်းမချစ်မိသွားအောင် ကြိုးစားထား ပေါ့ မေမြတ်မဒီ။

"ဉာဏ်သာ"

"ပြောပါ မမ"

"မင်းနဲ့ငါက ရန်သူတွေနော်"

"အင်း"

"မင်း ငါ့ကို ကြိုက်သလို မြူဆွယ်ဖြားယောင်းနိုင်တယ် နော်၊ ငါ့ဘက်ကလည်း မင်းကို ငါ ကြိုက်သလို မြူဆွယ်ဖြား ယောင်းခွင့်ရှိတယ်နော်"

"အိုကေ"

"မင်းမောင်းတဲ့ကားကို ငါ သတ္တိရှိရှိစီးရဲတယ်၊ မင်းက ငါ့ကို အချိန်မရွေး သေမင်းနိုင်ငံကို ပို့ပစ်နိုင်တာပဲမဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်သာ"

"ကိုယ်က ရာဇဝတ်မှုမကင်းတဲ့ ကြံစည်မှုတွေမလုပ်ချင်ပါဘူး မမ၊ ဥပဒေဘောင်အတွင်းကပဲ စိန်ခေါ်ချင်တာပါ"

"အိုကေ ကြိုက်တယ် ဉာဏ်သာ၊ မင်းက ငါ့ကို ကိုယ့်စရိတ်နဲ့ကိုယ် ကြွသွားစေချင်တာ မဟုတ်လား"

"သိပ်ဟုတ်တာပေါ့ မမ"

နှလုံးသားကင်းမဲ့စွာ ရက်စက်ကြမ်းကြုတ်တဲ့ မိန်းမတစ်ယောက်ကို ဥပဒေမဲ့ လုပ်ကြံမှုတွေနဲ့ ကိုယ် ဘယ်တော့မှ မလုပ်ကြံဘူး မေမြတ်မဒီ။ မင်းအတွက် အပြစ်ဒဏ်တွေကို ကံကြမ္မာကပေးလိမ့်မယ်၊ နှလုံးသားတွေ ထိခိုက်ကြေကွဲနေတဲ့ မိန်းမတစ်ယောက်အဖြစ် မင်း ခံစားစေရမယ် မေမြတ်မဒီ။

"ဉာဏ်သာ"

"ပြော"

"မမက ယောက်ျားတွေကို မချစ်တတ်ဘူးနော်"

"ကိုယ် သိပါတယ်"

"မင်းအစ်ကိုကိုလည်း ငါက မချစ်ဘူး"





ဒီဒီ တမင်ရွဲ့ပြောပစ်လိုက်တာပါ။ မင်းမုန်းစမ်း၊ ဘယ်လောက်အထိ မုန်းမလဲ ဉာဏ်သာ။ ငါ့ကို ဘယ်လောက်အထိ မုန်းတီးရွံရှာနေတယ်ဆိုတာ မျက်လုံးတွေက သိသာနေတာပဲ။

ကုမ္ပဏီရောက်တော့ သူမဘေးမှာ ဒရိုင်ဘာချောချောတစ်ယောက်ဖြစ်နေ၍ အားလုံးက ကြည့်နေကြလေသည်။ ဒီဒီ ဘာကိုမှ ဂရုမစိုက်ပါဘူး။ ဉာဏ်သာက သူမရဲ့စာရွက်စာတမ်းတွေထည့်ထားတဲ့ အိတ်ကိုကိုင်ပြီး တက်လာခဲ့ကြသည်။

ဉာဏ်သာ့အစ်ကို ထက်သာသော်ကို နာကျင်စွာ သတိရမိနေသည်။ ဒီဒီ့အပေါ် လုံးဝသစ္စာမရှိတဲ့ ယောက်ျားတစ်ယောက်ပဲ။ မင်းအစ်ကိုက ငါ့အပေါ် သစ္စာမဲ့ခဲ့တာပဲ ဉာဏ်သာ။ မင်း မသိဘူးမဟုတ်လား။ တကယ်တော့ မင်းက ကျားရှေ့ မှောက်လျက်လဲတာပဲ။

"မမ ဘာလိုအပ်သေးလဲ၊ ကိုယ် ဘာလုပ်ပေးရဦးမလဲ"

သူ့အကြည့်တွေက စူးရှတောက်ပလွန်းနေလေသည်။ မင်းတန်ဆောင်နေတာပဲ ဉာဏ်သာ၊ မင်းအစ်ကို အတိုင်းပါပဲလား။

"ကိုယ် ဘာလုပ်ပေးရမလဲ မမ"



www.burmeseclassic.com

www.burmeseclassic.com



"မလိုတော့ဘူး၊ မင်း ကားမှာပဲစောင့်နေပါ။ ဒရိုင်ဘာဆိုတာ ဒရိုင်ဘာတစ်ယောက်လိုပဲ နေပါ"

"ဟုတ်သားပဲ၊ ကိုယ်က ဒရိုင်ဘာပဲဟာ၊ ဆောရီးနော် မမ၊ တစ်ခါတလေ ကိုယ်ရဲတော်တပ်မှူးလေးလို့ ထင်ထင်သွားတယ်လေ အဟဲ"

သူ ထွက်သွားလေသည်။ သူက တမင် သူမအား မထေ့တထေ့နှင့် ဟန်ဆောင်လိမ်ညာ ညကလီးယားတွေ လွှတ်နေမှန်း သိသိကြီးနှင့် ဒီဒီ့ဘက်မှ ပျော်သလိုလို ကျေနပ်သလိုလို ရင်ခုန်ချင်သလိုလိုနှင့် မုန်းလိုက်တာ။ သူ့ရင်ထဲကနေ ပြောနေတာမဟုတ်ဘူးနော် ဒီဒီ။ ညည်းကို စိန်ခေါ်နေတာပဲ။ မချစ်မိကြစတမ်းလေး တစ်ယောက်နဲ့ တစ်ယောက် မြူဆွယ်ဖြားယောင်းကြေး။ သူ့အစ်ကို ဘဝပျက်အောင်၊ အသေဆိုးနဲ့သေအောင် ဖြားယောင်းသွေးဆောင်သစ္စာမဲ့ခဲ့တဲ့ မိန်းမလို့ ဉာဏ်သာက ထင်မှတ်နေတာပဲ။

ဒီဒီ အံသွားလေးတွေကို တင်းကျပ်စွာ ဖိကိုက်ထားမိလေသည်။

"မမ"





"ဟင်"

"လက်မှတ်ထိုးဖို့"

"သြော် အေး"

"ဒီညနေ တက်နေထွန်းကုမ္ပဏီပိုင်ရှင်ကို ညှိခံဖို့ရှိသေးတယ်နော်"

"ဟုတ်သားပဲ၊ မင်း အားလုံးစီစဉ်ထားပြီးပြီလား နန်စီ"

"ဟုတ်ကဲ့"

သူမရဲ့ အတွင်းရေးမှူးမလေး နန်စီ သတိပေးမှ ချုပ်ဆောင်ရမည့် အလုပ်တွေကို သတိရလာမိသည်။ အလုပ်ကို စိတ်ဝင်စားပြီး တက်ကြွနေတတ်တဲ့ သူမစိတ်တွေ နောက်ကျိရှုပ်ထွေးနေသလိုပင်။ ဉာဏ်သာကြောင့်လား။

"မမ"

"ဟင်"

"ဟိုလူက မမနဲ့ ဘယ်လိုပတ်သက်နေတာလဲဟင်"

"ဒရိုင်ဘာ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"အရမ်းချောနေလို့၊ နဖပ်ပြီး သန့်နေတာပဲ၊ ကြည့်ရတာ ပညာတတ် လူရည်သန့်တစ်ယောက်လို့ ထင်ရတာနော်"

"ဟုတ်တယ်၊ သူက မမဒရိုင်ဘာပဲ၊ အဆင့်မရှိပါဘူး"

"ဟုတ်လား"

**နန်းစီ** ကြောင်စီစီလေးကြည့်ပြီး ပြန်ထွက်သွားလေသည်။ ဘာသာစကား အတော်များများတတ်ကျွမ်းပြီး ဒီဒီရဲ့ အတွင်းရေးမှူးမလေး နန်းစီချောသည်လည်း မိန်းမချောလေး တစ်ယောက်ပါပဲ။ သူမရဲ့ ကုမ္ပဏီဝတ်စုံနှင့် လိုက်ဖက်စွာ စတိုင်ကျသော မိန်းကလေးဖြစ်သည်။

"ကိုယ်က မျိုးတိုင်းကြိုက်တဲ့ နှင်းဆီခိုင်လေ မမ၊ ကောင်လေး ချောချောလေးတွေက အသည်းစွဲချစ်ကြတာနော်"

"မွှန်း"

ဉာဏ်သာ့စကားကို ကြားယောင်မိပြီး မျက်ဝန်းတွေထဲမှာ ခက်ထန်သွားရလေသည်။ ဒီကောင်မလေး နန်းစီ ဉာဏ်သာဆိုတဲ့ ကောင်အကြောင်း ဘာဖြစ်လို့များ စိတ်ဝင်စားနေ





တာလဲ။ အရောတဝင်မနေဖို့ ပြောရမယ်။ ဒီကောင်က မြောက်သွားဦးမယ်။

"မမ"

"ဟင်"

"အိမ်ပြန်ပြီး အဝတ်အစား လဲဦးမလားဟင်၊ မမ ဒရိုင်ဘာကို အဝတ်အစားတွေ ပြန်ယူခိုင်းရမလား"

"မမပြန်မယ် နန်းစီ၊ ညည်း ဒီမှာစီစဉ်စရာရှိတာပဲ စီစဉ်ထားပါ၊ မလစ်ဟင်းစေနဲ့"

"ဟုတ်ကဲ့"

နန်းစီ ပြန်ဝင်လာပြီး ဒရိုင်ဘာနှင့် ပတ်သက်ဆက်ဆံဖို့ အကြောင်းရှာလာ၍ ဒီဒီ ခပ်ပြတ်ပြတ်လေးပဲ ပြောပစ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

မေမြတ်မဒီရဲ့ ညစာစားပွဲတက်တဲ့အလှကို ဉာဏ်သာ တခဏ် တော့ မိန်းမောယစ်မူးသွားရလေသည်။

အနက်ရောင် ချိတ်ဝမ်းဆက်လေးနှင့် သူမရဲ့ ဖြူဝင်းအိစက် နေသော အသားအရေလေးက လိုက်ဖက်လွန်းနေ၏။ ဒါကြောင့် လည်း ကိုကို စွဲလမ်းနှစ်သက်တာပဲနေမှာ။ မင်း ဘယ်လောက် အထိများ ကိုကို့ကို ဖမ်းစားထားနိုင်လဲ။ ယောကျ်ား ဘယ် နှစ်ယောက်ကိုလည်း မင်း မြူဆွယ်ဖြားယောင်းနိုင်ခဲ့လဲ။ ပြီးတော့ မင်းရယူလိုက်တဲ့ စည်းစိမ်ဥစ္စာတွေကလည်း ယောကျ်ားဘယ်နှစ် ယောက်ဓါကလဲ မေမြတ်မဒီ။

"မောင်းတော့"





"အိုကေ"

သူမအသံက ပြတ်သားနေလေသည်။ တကယ့်ကို အထက် စီးကပဲ။ မျက်နှာထားကအစ တင်းမာနေ၏။ ကိုယ့်ကို အထင်ကြီးအောင် မင်းလုပ်နေတာပဲ။ ကိုယ်က မိန်းမတွေကို အထင် ကြီးတတ်ဘူး မေမြတ်မဒီ။ မင်းပဲ အရှုံးပေးရမှာလေ။ မင်းအလှ အသတွေ တောင့်ဖြောင့်နေတဲ့ မင်းခန္ဓာကိုယ်အလှတွေနဲ့ စွဲဆောင်တိုင်း အစ်မူးမယ့်ယောကျ်ားတွေထဲမှာ ဉာဏ်သာသော် မပါဘူး။

"ဉာဏ်သာ"

"ဗျာ"

"ရှိသေလှချည်လားကွ"

ဉာဏ်သာက ပခုံးကိုတွန့်ပြီး ပြုံးလေသည်။ စွဲမက် နှစ်သက်စရာကောင်းသော ယောကျ်ားတစ်ယောက်ရဲ့ အပြုံးညှို့ညှို့ ကို တွေ့ လိုက်ရ၏။ ဉာဏ်သာနှင့်ပတ်သက်ပြီး သူမ ရင်ခုန်လှိုက် မော နွမ်းလျသွားရတာမျိုး ဒီဒီ မခံစားချင်ပေ။ ဉာဏ်သာက နှုတ်သွပ်ပဲ။ ပေါ်တင်စိန်ခေါ်ပြီး သူမအား ဒုက္ခပေးရန် ရောက်လာခဲ့ သူ။

www.burmeseclassic.com



ဒီဒီ့အနားမှာ ဥဏ်သာနေတာ ကောင်းသောနေခြင်းမှ မတွေ့တာဘဲ။ ဒီဒီ ညည်း အမှတ်မရှိသေးဘူးလား။ ထက်သာကို အရှုံးအရှုံး ချစ်မိသွားလို့ ဘဝပျက်မတတ် ညည်း ခံစားခဲ့ရတာလေ။ အခု ညည်း ဘေးမှာရှိနေတဲ့သူက ထက်သာရဲ့ညီလေ။ ညည်းကို သူ့အစ်ကို ခံစားသွားရသလို ခံစားစေရမယ်တဲ့။ တော်တော်ရယ်ရတဲ့ ဥဏ်သာပဲ။

လောလောဆယ်တော့ မင်းက ငါ့ရဲ့သားငကောင်ပဲ ဥဏ်သာ။ ထက်သာသော်ကို မုန်းတီးနာကြည်းပြီး လက်စားချေချင်နေတဲ့ ငါ့ရှေ့ကိုမှ မင်းက မှောက်လျက် လာလဲတာပဲလေ။

"မမ"

"ဟင်"

"ရောက်ပြီ"

ကားလေးက ညှော်ခံပွဲလုပ်မည့်ဟိုတယ်ရဲ့ ဆင်ဝင်အောက်မှာ ထိုးရပ်သွားလေသည်။ ဥဏ်သာက ဆင်းပြီး တံခါးဖွင့်ပေးချိန် အပြင် ဘက်မှာ ထွက်ကြိုနေတဲ့ နန်းစီက သူမကိုကြိုဖို့ထင်၊ ဒရိုင်ဘာဆီပဲ ဒေါ်ကြည့်တွေက ရောက်နေသဖြင့် ဒီဒီပင် သတိထားမိလိုက်ရလေသည်။

"နန်းစီ"

"ရှင် မမ"

"သွားမယ်လေ၊ ညှော်သည်တွေ ရောက်နေပြီမဟုတ်လား"

"စုံနေပါပြီ"

ဒီဒီရဲ့အကျင့်ကိုက ညှော်သည်တွေစုံလောက်မှ ရောက်လာတတ်ခြင်းပင်။ သူမအား စိတ်ဝင်တစား စောင့်မျှော်နေကြတာကိုက သူမရဲ့ အောင်မြင်မှုပဲ။ ဒီဒီက အရင်ကလို အရာရာကို ကြောက်ရွံ့အားနည်းလှပ်ပြီး ရှက်သွေးတွေဖြာနေတတ်တဲ့ မိန်းကလေးတစ်ယောက် မဟုတ်တော့ပေ။ ရင့်ကျက်တည်ငြိမ်ပြီး အောင်မြင်တဲ့ စီးပွားရေး လုပ်ငန်းကြီးတစ်ခုကို ဦးစီးနိုင်သည့် မိန်းမတစ်ယောက်။

"မမ"

"ဟင်"

"ဒရိုင်ဘာကို"

"ထားလိုက်"







www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်ခန့်ညားချောမောတဲ့ ယောကျာ်းတစ်ယောက်က ဒရိုင်ဘာတဲ့လား၊ အရမ်းနမြောစရာ ကောင်းလိုက်လေ"

"နန်စီ"

"ရှင်"

"ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စတွေ စိတ်မဝင်စားနဲ့"

"ဟုတ်ကဲ့"

ညည်ခံပွဲခန်းမထဲရောက်တော့ ပရိသတ်တွေအားလုံးက ဒီဒီ အရမ်းလှတာပဲ ဝိုင်းဝန်းချီးကျူးကြသည်။ ဒီဒီ အရင်ကလို ပျော်ရွှင်တက်ကြွမှု မရှိပေ။ သင်းကြောင့်ပဲ ဉာဏ်သာ။ ရှင်က ဒီဒီ့ကိုလာပြီး လှမ်းမိုးနေခွင့်ယူက်နေတာပဲ။ မုန်းလိုက်တာ။ သူက ဒီဒီ့ကို စိတ်ဒုက္ခပေးဖို့ သောကတွေခံစားစေဖို့ ရောက်လာတာပဲ။

"ဒီဒီ အရမ်းလှတယ်၊ ဒီဒီ အောင်မြင်ဖို့ ကိုယ်တို့အားလုံး ဆုမွန်ကောင်း တောင်းပါတယ်"

"ကျေးဇူးပဲ၊ အားလုံးပဲ ကျေးဇူးနော်၊ သုံးဆောင်ကြပါ၊ အားမနာပါနဲ့"

ဉာဏ်သာ နင်တော့ ငတ်ပြီသာမှတ်။ အမြင်ကတ်စရာ





ကောင်းတဲ့လူ။ ကားစောင့်ပဲထားလိုက်သည်။ ဉာဏ်သာက ဒီဒီ့ကို မုန်းပြီး လာရောက်စိန်ခေါ်သူ။ ဒီနေ့ စားသောက်စရာတွေကာ ဘာတစ်ခုမှ ခံတွင်းမတွေ့။ အရသာ ကင်းမဲ့နေသည်။ ဉာဏ်သာဆိုတဲ့ ကောင်အကြောင်းပဲ စဉ်းစားနေမိသည်။ ဒါကိုပင် ဒီဒီ ဒေါသတွေ ထွက်ချင်နေမိလေသည်။

"ဒီဒီ"

"ဟင်"

"ဒီဒီ့လိုအပ်ချက်တွေ ကိုဆက် ဖြည့်ပေးနေတယ်နော်၊ ဘာတွေလိုအပ်သေးလဲကွာ၊ ကိုယ့်ကို လုံးဝအားနာစရာ မလိုဘူးနော်"

"ကျေးဇူးပဲ ကိုဆက်၊ လိုအပ်တာတွေထက်တောင် ပိုနေပြီလေ"

"ဒီဒီ"

"ပြော"

"မင်းဒရိုင်ဘာက အရမ်းကို ခန့်ညားချောမောနေတယ် ဆား ဘာတွေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒရိုင်ဘာပါ"

"ဒရိုင်ဘာကို ပြန်လွှတ်လိုက်ပါလား ဒီဒီ"

"ဟင်"

"ကိုယ်လိုက်ပို့ပေးမယ်၊ ပြောစရာတွေရှိလို့လေ"

ဒီဒီ အောင်မြင်တဲ့လုပ်ငန်းရှင်ကြီး ဖြစ်စေရန် ကိုဆက်ပိုင်က ကူညီခဲ့လေသည်။ ယောက်ျားတွေအပေါ် အထင်သေးပြီး မုန်းတီးနာကြည်းမှုတွေကြောင့် ကိုဆက်အပေါ် မိတ်ဆွေအဆင့် စည်းချထားခဲ့၏။ ကိုဆက်က အခွင့်အရေးကို အမြဲတမ်း တောင်းဆိုနေလေသည်။ ဒီဒီကလည်း အပြတ်တော့ မငြင်းခဲ့။

ဒါပေမဲ့လည်း ဒီဒီ ဘယ်တော့မှ ယောက်ျားတစ်ယောက်နဲ့ ချစ်သူတွေအဖြစ် ပတ်သက်ဆက်ဆံမှာ မဟုတ်တော့ပေ။ လက်ထပ်ယူဖို့ဆိုတာလည်း စိတ်ကူးပင်မရှိ။ ယောက်ျားတွေကို မိတ်ဆွေအဆင့်တောင် ဒီဒီ အတော်လေး ပေါင်းသင်းဆက်ဆံဖို့ ကြိုးစားနေရတာပါ။

"ဒီဒီ"

"ဟင်"





"အခွင့်အရေးပေးပါ"

"မဖြစ်နိုင်ဘူး ကိုဆက်"

"ဟင် ဘာဖြစ်လို့လဲ၊ မင်း ဒီဒရိုင်ဘာနဲ့ သွားလာနေတာ ကိုယ် စိတ်ပူမိသလိုပဲ ဒီဒီ"

"အဟုတ်"

"ဒီဒီ"

"ဘာအန္တရာယ်မှ မရှိပါဘူး ကိုဆက်၊ စိတ်ပူစရာ အကြောင်း မရှိပါဘူး၊ တစ်ခုတော့ရှိတယ်နော်၊ ဒီဒီ အိမ်ထောင်ပြုဖို့ ဆိုတာ ဒီတစ်သက် မဖြစ်နိုင်တော့ပါဘူး၊ စိတ်ကူးမိရင်လည်း ကိုဆက်က ဦးစားပေး ပထမပဲ"

"ဒီဒီရယ်"

ဒီဒီ ဘယ်ယောက်ျားကိုမှ အခွင့်အရေးတွေ မပေးချင်ပေ။ ကိုဆက်ပိုင်က ဒီဒီကို အကူအညီပေးတာလည်း ဒီဒီဆီက ဘာအခွင့်အရေးမှ မတောင်းဆိုဖို့ ပြောထားပြီးသားပါ။ နန်းစီရော၊ သူမအနားမှာ ဝေယျာဝစ္စတွေ ကူညီလုပ်ဆောင်ပေးနေသော သူမရဲ့ အတွင်းရေးမှူးမလေး နန်းစီ ပျောက်နေလေသည်။ ဉာဏ်ဘောဆီ



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားပြီလား။ နေပါစေပေါ့။ ဒီဒီ ဘာမှစိတ်ပူပင်နေစရာ မလိုပါဘူး။ ဉာဏ်သာနဲ့ ဒီဒီက ရန်သူတွေပဲ။ ပေါ်တင်စိန်ခေါ်ထား တဲ့ ရန်သူတွေ။ ဒေါသတွေ ထွက်နေရသည်။

စိတ်က မကြည်လင်ပေ။ ဉာဏ်သာ့ကို ဘယ်လိုအနိုင်ယူရ မလဲ။ မင်းပဲ အသည်းကွဲစေရမှာ။ မင်းအစ်ကိုကြောင့် ငါခံစားခဲ့ရ သလို မင်းပြန်ပြီး ခံစားစေရမယ်။ စိန်လာခေါ်တာက မင်းပဲ။ ငါ့ကို ဒုက္ခပေးဖို့ ရောက်လာတာလေ။ နန်းစီကို ရှာသည်၊ မတွေ့ပေ။ ဒီဟာမလေး ဉာဏ်သာ့ဆီ သွားနေတာပဲဖြစ်မယ်။ ဒရိုင်ဘာပါ ဆိုကာမှနော်။ ဒီဒီ ဟန်မပျက်အောင်ပဲ အတော်လေး ထိန်းချုပ်နေရ သည်။

"ဒီဒီ"

"ဟင်"

"ကိုယ် ကားနားအထိ လိုက်ပို့ပေးမယ်လေ"

"အင်း"

သူမ ကိုဆက်နှင့်တွဲပြီး အပြင်ထွက်လာခဲ့လေသည်။ ကား ကိုမှီပြီးရပ်နေတဲ့ ဉာဏ်သာနှင့်အတူ နန်းစီကိုတွေ့ရ၏။ စားစရာတွေ





ကျွေးနေတာပဲ။ နန်းစီ တော်တော်ကဲတဲ့ ဟာမလေး။ အင်းလေ ဉာဏ်သာဆိုတဲ့ကောင်ကလည်း သာမန်မိန်းကလေးတစ်ယောက် အရူးအမူး စွဲလမ်းရူးသွပ်သွားနိုင်တဲ့ ယောကျာ်းတစ်ယောက်ပဲ။ နားရောက်လာတော့ နန်းစီက တောင်းပန်နေသည်။

"ညနေခင်းပွဲတောင် ပြီးသွားပြီလား မမ၊ ဆောရီးနော်၊ ဒီမှာ ကောင်းသွားလို့"

ဉာဏ်သာကလည်း အပြုံးတွေဝေပြီး နန်းစီအား တရင်း နှီး နှုတ်ဆက်နေလေသည်။ ဒီဒီ သိပ်ဂရုမစိုက်တဲ့ပုံနှင့် ကိုဆက် က်လှည့်ပြီး တရင်းတနှီး နှုတ်ဆက်လိုက်သည်။

"နောက်မှတွေ့မယ်လေ ကိုဆက်၊ မနက်ဖြန် ရှင် အမေရီ ကို သွားမှာမဟုတ်လား၊ ဒီဒီ လိုက်ပို့မယ်နော်"

"မင်း တကယ်ပြောတာလား ဒီဒီ၊ ကိုယ့်ကို တကယ်ပဲ ထိုက်ပို့မှာလား"

"အင်း"

"ကိုယ် အရမ်းပျော်သွားပြီ ဒီဒီ၊ မင်္ဂလာရှိတဲ့ခရီးပဲ၊ တ်ခြမ်းမနက်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ"

ကိုဆက်ပိုင် ထွက်သွားတော့ သူမ ကားထဲဝင်ထိုင်လိုက်သည်။ ဉာဏ်သာလည်း ဝင်ထိုင်၏။ ဒီဒီ စကားပြောချင်စိတ်တောင် မရှိ၍ ငြိမ်သက်နေလိုက်သည်။ ကိုဆက်ပိုင်နှင့် အလုပ်သဘောအရ ကလွဲပြီး အပိုတွေ မဆက်ဆံခဲ့။ ဒါပေမဲ့ ဒီဒီ ဘာဖြစ်လို့များ လိုက်ပို့မယ်လို့ ပြောလိုက်မိရတာလဲ။ ကိုဆက်ပိုင်က သူ့ကို ဒီဒီ စိတ်ဝင်စားနေပြီဟု ထင်မှတ်သွားမှာ အစိုးရိမ်ဆုံးပင်။ ဉာဏ်သာ မနာလိုဖြစ်အောင် ပြောလိုက်မိတာပဲဖြစ်၏။

"မမ"

"မင်း ကားပဲ ဂရုစိုက်ပြီးမောင်းပါ ဉာဏ်သာ"

"ဟို မမရဲ့ အတွင်းရေးမှူးမလေး နန်းစီအကြောင်း သိချင်လို့ပါ"

"မင်း သူ့ကိုမေးနိုင်တာပဲ"

"ဒါနဲ့ မမနဲ့ဟိုလူကရော ချစ်သူတွေလား"

"အင်း"

"ဘာ"





"ဘာဖြစ်တာလဲ ဉာဏ်သာ"

ဉာဏ်သာ အထိတ်တလန့်နှင့် ဒေါသတကြီး အော်လိုက်၍ ဒီဒီ စိတ်ပျက်သွားရလေသည်။ ဉာဏ်သာ ဟန်မဆောင်နိုင်တော့အောင် တင်းမာသွားတော့၏။ ဒီဒီကတော့ ဟန်မပျက်ပေ။

"ဘာလဲ ဉာဏ်သာ၊ ငါက နောက်ထပ်ယောကျ်ားတစ်ယောက်ကို ချစ်သူအဖြစ် ထားခွင့်မရှိတော့ဘူးလားကွ"

"ခင်ဗျားက တော်တော် သွေးအေးတဲ့မိန်းမတစ်ယောက်ပဲ။ ချစ်သူအသစ်ဆိုတာ ခင်ဗျားအတွက် မဆန်းတော့ဘူးလားဗျာ၊ ဆောက်"

"ဟွင်း ဟင်း ဟင်း အဲဒါက ငါ့ရဲ့ကိုယ်ရေးကိုယ်တာကိစ္စပဲ ဉာဏ်သာ၊ ငါ့ရဲ့ကိုယ်ပိုင်လွတ်လပ်ခွင့်လေ"

"ခင်ဗျား ခင်ဗျား"

သူ ဒေါသတွေပေါက်ကွဲပြီး ကားကိုထိုးရပ်ပစ်လိုက်လေသည်။ မေမြတ်မဒီဆိုတဲ့ မိန်းမကို ဒေါသတကြီးနှင့် စူးစူးဝါးဝါး ကြည့်လိုက်မိ၏။ တော်တော်သွေးအေးတဲ့မိန်းမ၊ အကြင်နာတရားမရှိတဲ့ မိန်းမ။ ရက်စက်တယ်၊ ယုတ်မာကောက်ကျစ်တယ်။ ဖြစ်နိုင်ရင်



www.burmeseclassic.com

www.burmeseclassic.com



ဒီမိန်းမကို သူ့လက်တွေနှင့် စိစိညက်ညက် ကြေမွသွားအောင် ချေပစ်ချင်မိလေသည်။

"ဘာဖြစ်တာလဲ ဉာဏ်သာ၊ မင်းက ငါ့ဒရိုင်ဘာနော် မင်း ဒီလိုလုပ်ပိုင်ခွင့်မရှိဘူး"

"ဒီမှာ ဒေါ်မေမြတ်မဒီ ခင်ဗျားကြောင့် ကျုပ်အစ်ကို ခံစားခဲ့ရတာတွေ ကျုပ်ယုံသွားပြီ၊ ခင်ဗျား သွေးအေးပြီး နှလုံးသား မရှိတဲ့ မိန်းမပဲ၊ တော်ပြီဗျာ၊ ခင်ဗျားနဲ့ မပတ်သက်ချင်တော့ဘူး ဒီကားကို ခင်ဗျားပဲ ဆက်မောင်းသွားတော့"

"မင်းရူးပြီပဲ"

"ဘာ"

"ငါ့ကို အသည်းခွဲပစ်မယ်ဆို၊ အချစ်ကြောင့် ပူပြင်း လောင်မြိုက်သွားစေရမယ်ဆို၊ ဟင်း ဟင်း ဟင်း ဟင်း"

သူမ ရယ်မောလှောင်ပြောင်နေတာကို ခံပြင်းသွားရလေသည်။ ဉာဏ်သာ ဘာဖြစ်တာလဲ။ မင်းပဲ စိန်ခေါ်ခဲ့တဲ့မဟုတ်လား ဒီမိန်းမကြောင့် မင်း မခံစားစေရဘူး။ မင်းကြောင့်ပဲ ဒီမိန်းမ ခံစားသွားစေရမယ်။ မင်းကိုချစ်မိတဲ့ အချစ်တွေကြောင့် ဒီမိန်းမ နှလုံး





သားတွေ မီးလောင်ပြာကျသွားစေရမယ်။ ပြိုင်ပွဲက ဒီလောက်နဲ့ မပြီးဆုံးသွားစေရဘူး။ သူ ကားပေါ်ပြန်တက်လိုက်ပြီး ဝေါခနဲ မောင်းထွက်လာခဲ့လေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

ကိုကို့အခန်းတံခါးကိုဖွင့်ပြီး သူ ဝင်လာခဲ့လေသည်။ ဖုန်
အလိမ်းလိမ်းတက်နေသော ကိုကိုထက်သာ အခန်းထဲတွင် ကွဲရှ
တွေ ပစ္စည်းတွေက ကြမ်းပြင်တွင် ဖရိုဖရဲ ပြန့်ကျဲနေ၏။ သူအ
ဆုံးအစ်ကိုရဲ့ သူ ဘယ်တော့မှဝင်မကြည့်ဘူးဟု ဆုံးဖြတ်ထား
မယ့် ဒေါသတွေရဲ့ ထွက်ပေါက်အဖြစ် သူဝင်ပြီးကြည့်ချင်နေ
သည်။

ကိုကို အချစ်မြတ်နိုးဆုံး မိန်းမတစ်ယောက်ရဲ့ ဓာတ်ပုံကြ
ရှေ့တွင် သူ ရပ်မိနေ၏။ ရင်ထဲမှာ ဒေါသတွေ ဗလောင်ဆူဝေ
သည်၊ ဒီဓာတ်ပုံကြီးရှေ့မှာ ကိုကို ဘယ်လောက်များ ဒေါသဆူ





ပေါက်ကွဲနေလေမလဲ။ သူမကြောင့် သောကတွေ ပင်လယ်ဝေပြီး အသက်ပါ ပေးဆပ်လိုက်ရတဲ့ ယောကျ်ားတစ်ယောက်ရဲ့ ညီအရင်း ရှေ့မှာ တခြားယောကျ်ားတစ်ယောက်ကို သူမချစ်သူပါလို့ ပြောင်ပြောင်ပြောရဲတဲ့ မိန်းမပဲ။ ခင်ဗျား တော်တော်မျက်နှာပြောင်တာပဲ မမြတ်မဒီ။

ဓာတ်ပုံထဲက မမြတ်မဒီက အိန္ဒြေသိက္ခာကြီးမားပြီး ချောမောလှပ နုထွတ်နေတဲ့ မိန်းမပဲ။ ခင်ဗျားက ရုပ်နဲ့စိတ်က ဆုံးဝေးဆန့်ကျင်ဘက်ပဲဗျ။

"ဒီဓာတ်ပုံရှေ့မှာ သားကြီး အရမ်းကိုပေါက်ကွဲနေခဲ့တယ် ထင်တယ်၊ ဒီဒီ ဆိုတဲ့ နာမည်ကိုလည်း တမ်းတရေရွတ်နေတယ်၊ အရက်တွေ အလွန်အကျွံသောက်ပြီး အပြင်ကို ကားမောင်းထွက်သွား ခဲ့တာပဲလေ"

ညဏ်သာပင် ဒေါသတွေ ပေါက်ကွဲချင်နေလေသည်။ မြင်သမျှ အရာတွေအားလုံးကို ပေါက်ကွဲထုချေပစ်ချင်နေမိ၏။ ခင်ဗျား ဘယ်လိုမိန်းမလဲ။ ယောကျ်ားတွေက ခင်ဗျား ရွေးချင်တိုင်း ရွေး၊ တက်ချင်တိုင်းတက်၊ ဆုတ်ချင်တိုင်းဆုတ်၊ စားချင်တဲ့ကောင်ကို



www.burmeseclassic.com

www.burmeseclassic.com



စား၊ ခင်ဗျား အထက်စီးရနေတဲ့ စစ်တုရင်ခုံပေါ်က အရုပ်တွေလား။ ကြောက်စရာကောင်းလွန်းတဲ့ မိန်းမတစ်ယောက်ရဲ့ အလှပဆုံး အပြုံးတွေ။ သူ့အကြည့်တွေက ထိုအပြုံးတွေကို ခါးသီးစွာ အမှတ်ရနေလေသည်။

"မင်း ဘယ်လိုမိန်းမမျိုးလဲ မေမြတ်မဒီ၊ မျက်နှာပြောင်တိုက်လွန်းတယ်၊ အရှက်မရှိတဲ့ မိန်းမပဲ"

သူ့ရဲ့အကြည့်တွေက မေမြတ်မဒီ၏ သက်မဲ့မျက်ဝန်းတွေထဲ စူးစိုက်ဝင်နေသည်။ ဒီဓာတ်ပုံကြီးရှေ့မှာ ကိုကို ပေါက်ကွဲနေတဲ့ ပုံရိပ်တွေကို မြင်ယောင်လာရလေသည်။

ဒီမိန်းမကို အနိုင်ယူချင်လာရ၏။ သူ ရှုံးရတော့မလား။ အေးစက်နေတဲ့ သူမမျက်ဝန်းတွေက ကြောက်စရာကောင်းနေသည်။

"သားငယ်"

"ဟင် မာမီ"

"ဒီမိန်းမရဲ့ဓာတ်ပုံကို သားငယ် မကြည့်ပါနဲ့ကွာ၊ လုံးဝ စိတ်ဝင်စားစရာလည်း မလိုဘူး၊ မာမီ့သားငယ်လေးပါ ဒီမိန်းမရဲ့ ညွှတ်ကွင်းထဲ တိုးဝင်မိသွားမှာ ကြောက်ရတယ်"





"အလကားမိန်းမပါ မာမီ၊ ဘာမှ အထင်ကြီးစရာမရှိပါ... တကယ့်ကို သွေးအေးပြီး ရက်စက်တဲ့မိန်းမပဲ"

"ဟုတ်တယ် သားငယ်၊ မာမီက ဒီအခန်းကို သားကြီး ...နှစ်သက်လွန်းလို့ မဖျက်ဆီးရက်တာပဲ သားငယ်၊ ထွက်ပါ...၊ ဒီပန်းချီကားကြီးရှေ့မှာတောင် မရပ်နေသင့်ဘူး"

ဉာဏ်သာ အပြင်ကို ပြန်၍ထွက်လာခဲ့လေသည်။ သူ့စိတ်... ပေါက်ကွဲချင်နေ၏။ သူမရဲ့ချစ်သူကို သူ့ရှေ့ ပေါ်တင်ပဲ ...ခဲ့တဲ့ မိန်းမ။ ဉာဏ်သာနဲ့က စိန်ခေါ်ထားတာပဲ။ တစ်ယောက် ...ယောက် စွဲလမ်းနှစ်သက်စွာ မချစ်ကြကြေး။ ပြီးတော့ ...ည်းခွဲကြေး။ ဉာဏ်သာ ဘာဖြစ်နေတာလဲ။ မင်း ခံစားနေရပြီ... ဒီမိန်းမကို စိတ်မဝင်စားနဲ့။ မင်း ခံစားရလိမ့်မယ်။

သူ့နှင့်နန်စီ တွဲခဲ့တုန်းကတော့ မေမြတ်မဒီက အေးစက်နေ...သည်။ ဘာခံစားမှုမှမပြ။ ဉာဏ်သာ တစ်ယောက်တည်း ...သတွေ ဖြစ်နေရသည်။ သူ အိပ်လို့မရ၊ မျက်လုံးတွေပင် ...ကြောင်နေ၏။ ဉာဏ်သာ မင်း ဘာဖြစ်နေတာလဲကွာ။ ဒီဒီလို ...တစ်ယောက်အတွက် မင်း ဘယ်တော့မှ မခံစားဘူးတဲ့။



www.burmeseclassic.com

www.burmeseclassic.com



နာကျင်ကြေကွဲမှုတွေ ခံစားနေရသည်။ ဒေါ်သဖြစ်တယ်ကွာ။ မင်း ယောက်ျားတွေကို ကစားစရာ မှတ်နေလား။ တစ်ယောက်တည်း ဒေါ်သတွေဖြစ်နေရ၏။ ပညာတတ် လူရည်လူသန့်တစ်ယောက် ဒရိုင်ဘာတဲ့။ မာမီသာသိရင် ရင်ကျိုးတော့မှာပဲ။ သူ မမြတ် အနားမှာ ရှိနေတာ မာမီ မသိပေ။

"သားငယ်"

"မာမီ"

မာမီက သူ့အခန်းဝမှာ လာရပ်လေသည်။ သား တစ်ယောက်ပဲ သံယောဇဉ် တွယ်တာစရာရှိနေသော မာမီသည် သူ့ကို အရိပ်တကြည့်ကြည့်နှင့် ဖြစ်နေ၏။ မာမီက သားနှစ်ယော ကို ချစ်မြတ်နိုးသည်။ အလိုလိုက်ထား၏။ သားတွေရဲ့ဆန္ဒ မာမီ့ရဲ့ဆန္ဒပဲ။

"မင်းကို မိန်းကလေးတစ်ယောက်နဲ့ မိတ်ဆက်ပေး တယ် သားငယ်"

"ဗျာ"

"ဖြူစင်ချို တဲ့"





မာမီက ဉာဏ်သာအတွက် ချွေးမရွေးချယ်နေကြောင်း ထားပြီးသား ဖြစ်လေသည်။

"သားကြီးလို အဖြစ်မခံနိုင်ဘူးလေ၊ စင့်ကို သား နှစ်သက် ။ အိမ်ခြေရှိတယ်၊ ပညာလည်းတတ်တယ်လေ၊ ချမ်းသာကြွယ်ဝ ဉာဏ်ဖြိုင်တွေပြည့်စုံနေတဲ့ မိဘတွေရဲ့ တစ်ဦးတည်းသော သမီး ပဲ"

သူ့စိတ်တွေက မာမီရှာပေးတဲ့ မာမီနှစ်သက်သဘောကျတဲ့ လောင်းကိုပဲ လက်ထပ်ဖို့ ဆုံးဖြတ်ထားလေသည်။ သူ့စိတ် ဝင် မရှာခဲ့။

မာမီက ချွေးမလောင်းနှင့် တွေ့ပေးမယ်ဆိုတော့ ဉာဏ်သာ ဒေါ်သလိုလိုပင်။

"စင်က အရမ်းဖြူစင်တယ်လေ၊ နာမည်နဲ့လိုက်ဖက်လွန်း မိန်းကလေးပါ သားငယ်ရယ်"

မာမီ့ရွေးချယ်မှု မမှားနိုင်ဘူးဆိုတာ ဉာဏ်သာ သိနေလေ ။ သူ့ဘက်ကလည်း ငြင်းပယ်စရာအကြောင်းမရှိပေ။

"သား မနက်ဖြန် အိမ်မှာပဲ ရှိနေမှာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ညဏ်သာ မနက်ပိုင်းတော့ အပြင်သွားစရာရှိတယ် ညနေပိုင်းမှပဲ တွေ့နိုင်မယ်ထင်တယ်"

"ကောင်းပြီလေ သားငယ်၊ မာမီ ချိန်းထားလိုက်မယ် လေ၊ သား ညနေပြန်ဖြစ်အောင် ပြန်လာနော်"

"ဟုတ်ကဲ့"

"ဒီတစ်ခါတော့ မာမီစိတ်တိုင်းကျပဲ ရွေးမရွေးမယ်နော် သားတစ်ယောက်ကို ထပ်ပြီး အဆုံးရှုံးမခံနိုင်တော့ဘူး"

မာမီကပြောပြီး ပြန်ထွက်သွားလေသည်။ ညဏ်သာ တစ်ယောက်တည်း စိတ်တွေက လေးလံထိုင်းမှိုင်းနေ၏။ မာ ရွေးချယ်ပေးမည့် သူ့ဇနီးလောင်းက သာမန် ခပ်ညံ့ညံ့မိန်းကလေး တော့ မဖြစ်နိုင်ပေ။ သူသိနေသည်။ သူ ဘာဖြစ်လို့များ စိတ်မဝင် ရတာလဲ။ လူ့လောကကြီးထဲမှာ သူက မာမီရဲ့ တစ်ဦးတည်းသော သံယောဇဉ်တွယ်တာရာ သားပဲ။ မာမီ့ကို စိတ်ချမ်းသာစေချင် မေမြတ်မဒီနှင့် ပတ်သက်ဆက်ဆံနေတယ်ဆိုရင် မာမီ ဘယ်လော အထိ စိတ်ထိခိုက်သွားရမလဲ။

သူ အိပ်လို့မရ။ မေမြတ်မဒီကို မေ့ပစ်လို့မရတာ ခက်





လေသည်။

"မြူစင်ချို၊ နာမည်ကတော့ နှလုံးသားတွေထဲ အေးချမ်း သွားစေမယ့် နာမည်ပဲကွာ"

စင် တဲ့၊ သူ ဘာဖြစ်လို့များ ဒီမိန်းကလေးကို မတွေ့ဆုံ ချင်ပေ။ မေမြတ်မဒီ အကြောင်းတွေပဲ စဉ်းစားနေမိလေသည်။ အိပ်ပျော်သွားအောင် အတော်လေး ကြိုးစားနေရ၏။ မေမြတ်မဒီ ဆိုတဲ့ မိန်းမကို မေ့ပစ်ဖို့ပဲ ကြိုးစားနေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ဒီဒီ ကျော့ကျော့မောမော့လေး ထွက်လာခဲ့လေသည်။ ဒရိုင်ဘာ ဉာဏ်သာကတော့ ကားကို ပြောင်လက်နေအောင် သန့်ရှင်းရေးလုပ်နေ၏။ ဒီဒီ ကျေနပ်စွာ ပြုံးပစ်လိုက်လေသည်။ မင်းတာဝန်ကျေသားပဲ ဉာဏ်သာရယ်။ မမကို လက်စားချေ ဖို့အတွက် ဒီလောက်တောင်ပဲ ကြိုးစားရလား။

ဉာဏ်သာ ငါကလည်း မင်းတို့မိသားစုကို ပုံစံပေးချင်နေ တာပါ။ ဒီဒီ ခြံထဲဆင်းလာခဲ့သည်။ သူမရဲ့ အချိုးအစားကျလှတဲ့ ခန္ဓာကိုယ်လေးပေါ်မှာ မြန်မာဆန်လွန်းသော အနက်ရောင်ပိုးသား ပြောင် ဝမ်းဆက်လေးကို ဝတ်ဆင်ထားလေသည်။ ဒီဒီကို မြင်လိုက်





…တဲ့သူတွေက နှစ်ခါပြန်မကြည့်သူ တစ်ယောက်မှမရှိခဲ့ပေ။ ဉာဏ်သာ မင်းက ဘာမို့လို့လဲ။

ဉာဏ်သာ့အနားသို့ ခွာမြင့်ဖိနပ်သံလေး တခေါက်ခေါက် …ဖြင့် ဒီဒီ စတိုင်လ်ကျကျ လျှောက်လာခဲ့လေသည်။

"ဉာဏ်သာ"

"ဟင်"

"မင်း တာဝန်တွေ အရမ်းကျေနေတာပါလား"

သူမရဲ့ မထေ့တထေ့အပြုံးကို ဉာဏ်သာ မထင်မှတ်ဘဲ …ရူးစိုက်စိုက်လေး ကြည့်မိနေလေသည်။ ဉာဏ်သာ ဒီမိန်းမက …င်းကို မြူဆွယ်နေတာနော်။

ယောက်ျားတွေကို မြူဆွယ်ဖြားယောင်း သွေးဆောင်တတ် …သဲ့ မိန်းမ။ မင်းရန်သူလေ၊ မင်း စိန်ခေါ်ခဲ့တာပဲ။ ဒီမိန်းမက …င်းရဲ့အချစ်ဆုံး အစ်ကိုကို သတ်တဲ့ မိန်းမပဲ။

ဉာဏ်သာ စိတ်ကို တင်းထားလေသည်။ အခုက ဒီမိန်းမ …ကို ဉာဏ်သာ နိုင်ဖို့ပဲ။ ဉာဏ်သာကို ဒီမိန်းမ အရူးအမူး ချစ်စေရ …မယ်။ ကိုကို့အတွက် ဒီမိန်းမကို သူ လက်စားချေချင်ခဲ့တာပဲ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။

"ဉာဏ်သာ"

"ဘယ်ကိုမောင်းပေးရမလဲ အမိန့်ပေးပါ မမ"

"ဒီနေ့ မမ အမျိုးသားကို ပို့ရမယ်လေ၊ သူ နိုင်ငံခြားထို့ သွားမှာလေ"

"ဘာ"

"ဉာဏ်သာ ဘာဖြစ်တာလဲ၊ မမ အစောကြီးကတည်းက ဉာဏ်သာကို ပြောပြီးသားပဲဟာ"

ဉာဏ်သာ မင်းက ငါ့ကို လှောင်တွက်ထားတာပဲ။ ငါ့ထို့ မိန်းမယုတ်မတစ်ယောက်လို့ ထင်ထားတာလေ။ ကောင်းတယ် မင်းလို ယောကျ်ားတစ်ယောက်နဲ့ စိန်ခေါ်ရတာ ငါ အကျေနပ်ဆုံးပဲ ဉာဏ်သာကို ဒီဒီ ဖြားယောင်းသွေးဆောင်ရမယ်။ ဒီဒီ့ကို မင်း အရူးအမူး ချစ်နေစေရမယ်။

"ကားပေါ်တက်လေ"

"ကောင်းပါပြီ"

သူ ပခုံးကိုတွန့်ပစ်လိုက်လေသည်။ မေမြတ်မဒီ ခင်ဗျား





တော်တော်သွေးအေးတာပဲ။ အလှပဆုံး အရိုးသားဆုံး ပြင်ထားတာပဲ။ ခင်ဗျားကို ဘယ်ယောကျ်ားက မစွဲလမ်းဘဲ နေမလဲဗျာ။

ဉာဏ်သာ ကားပေါ်တက်လိုက်လေသည်။ သူ့စိတ်တွေ လေးလံနေသလိုပင်။ ဘာဖြစ်လို့များ မပို့ပေးချင်ရတာလဲ။ မေမြတ်မဒီကို ယောင်၍ပင် လှည့်မကြည့်မိစေရန် ထိန်းချုပ်ထားလိုက်ရ၏။ ဒီမိန်းမ သူ့ကို စိတ်ဝင်စားပုံပင်မရ။

"ကိုက မမကိုသာ စိန်ခေါ်နေရတာ၊ မနက်ဖြန် မာမီက ချွေးမလောင်းနဲ့ မိတ်ဆက်ပေးမလို့တဲ့၊ ဖြူစင်ချိုတဲ့လေ"

ဒီဒီ နည်းနည်းတော့ စိတ်ထဲမှာ မရိုးမရွလေး ဖြစ်သွားရလေသည်။ အင်းလေ ဉာဏ်သာ့မာမီက အရမ်းကို ကြီးကျယ်ခမ်းနားပြီး သားတွေအပေါ် လွှမ်းမိုးထားနိုင်တဲ့ မိခင်ပဲ။ မင်းကို ချွေးမလောင်း ရှာမှာပေါ့လေ။ ဒီဒီနဲ့ပတ်သက်နေတာသိရင် မလွယ်ဘူးပဲ။ မင်းမာမီ အရမ်းခံစားရမှာလေ။ ကောင်းတယ်၊ မင်းမာမီ ခံစားစေရမယ်။

"မမ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က စင့်ကို မတွေ့ချင်ဘူးဖြစ်နေတယ်"

"ဘာဖြစ်လို့လဲ ဉာဏ်သာ"

"မမကြောင့်လား မသိဘူး"

"ဟာ ဟ၊ မင်းက တော်တော်အပြောကောင်းတယ်၊ ဒီလောက်နဲ့တော့ မမနှလုံးသားတွေက ပျော့မသွားဘူးနော်၊ ဉာဏ်သာ မင်းရဲ့ ဆွဲဆောင်မှုက အရမ်းရိုးစင်းနေပြီထင်တယ်"

ခင်ဗျား ဟန်ဆောင်ကောင်းနေတာလား မေမြတ်မဒီ။ ဉာဏ်သာလို ယောက်ျားတစ်ယောက်ကို စိတ်မဝင်စားတဲ့သူမှ မရှိတာဘဲ။ သူ့ ရုပ်ရည်ရူပကာက ဒီမိန်းမကို မလွှမ်းမိုးနိုင်ဘူးလား။

"ငါက မချစ်တတ်ဘူး ဉာဏ်သာ၊ မင်း ငါ့ကို လာစိန်ခေါ်တာ နံရံကို ခေါင်းနဲ့ဝင်တိုက်တာပဲ၊ အရမ်းမိုက်မဲလွန်းနေတယ်"

"ကိုယ်က မိုက်မဲလွန်းတယ် ဟုတ်လား၊ ကိုယ့်ရဲ့စိန်ခေါ်မှုကို လက်ခံလိုက်တာ မင်းမိုက်မဲတာပဲ ဖြစ်လိမ့်မယ်"

"အို"

ဉာဏ်သာ လက်မြန်ခြေမြန်နှင့် မေမြတ်မဒီရဲ့ ကိုယ်လုံး



လေးကို ဆတ်ခနဲ ပွေ့ယူဖက်ထားလိုက်လေသည်။

"ဉာဏ်သာ မင်း ဘာလုပ်တာလဲ၊ လွှတ်စမ်း"

သူမ အတင်းပဲ ရုန်းကန်ထွက်နေလေသည်။ သူက မလွှတ်။ သူ့ရဲ့ သန်မာတဲ့လက်တွေ သူမခန္ဓာကိုယ်လေးအား တင်းကြပ်စွာ ရစ်သိုင်းဖက်သွယ်ထားလိုက်၏။

"မမ"

"မင်း မင်း"

"မမကို ချစ်နေမိပြီထင်တယ်"

"ဟင်"

ဉာဏ်သာ မင်း ဟန်ဆောင်လိမ်ညာပြောနေတာ ငါသိပါတယ်။ မင်းက ငါ့ကိုမုန်းနေတာပါ။ ဒီဒီ သိနေသည်။ ဒါပေမဲ့ ဒီဒီ သာယာနေပြီလား။ ယောက်ျားပီသစွာ ခန့်ညားချောမောတဲ့ ယောက်ျားတစ်ယောက်ရဲ့ ရင်ခွင်က ဒီဒီ့ဘဝအတွက် စိတ်ကူးယဉ် [illegible]လှလှလေးပါ။ မင်းအစ်ကို ထက်သာက ငါ့အပေါ် သစ္စာ ဖောက်ခဲ့တယ်။ ရက်စက်ခဲ့တယ်။ ငါ အရမ်းနာကြည်းမုန်းတီးခဲ့တဲ့ ယောက်ျားတစ်ယောက်ပဲ ဉာဏ်သာ။ သူမ အတွေးလွန်ပြီး ထောင်



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်နေမိရာမှ အသိတရားတွေ ဝင်လာပြီး ရှန်းထွက်လိုက်သည်။

"မင်းလွှတ်စမ်းပါ ဉာဏ်သာ၊ မင်းကို ငါ ဘယ်တော့မှ မချစ်ဘူး၊ မင်းက ငါ အမုန်းဆုံးယောကျ်ားတစ်ယောက်ရဲ့ ညီပဲ၊ မင်းကလည်း ငါ့ကို အရမ်းမုန်းတီးနေတာမဟုတ်လား"

သူမ ရုန်းဖယ်နေလေသည်။ ဉာဏ်သာက မလွှတ်ပေ။ သူ့စိတ်တွေက မလွှတ်ချင်ပဲ ဖြစ်နေ၏။ မင်း ဘာဖြစ်နေရတာလဲ ဉာဏ်သာ။ ဒီမိန်းမကို မင်း ရွံရှာမုန်းတီးနေတာပဲမဟုတ်လား။ မင်း ဟန်ဆောင်နေတာလား။ အဲဒီလိုပဲ ဖြစ်သင့်တယ်။ ဒီမိန်းမက မီးပဲ။ ယောကျ်ားတွေကို လောင်မြိုက်ဝါးမျိုစတတ်တယ်။

"လွှတ်စမ်း ဉာဏ်သာ၊ မင်းကို ငါ မချစ်ဘူး၊ မင်း ငါ့ကို ဒီလိုနည်းနဲ့ ဆွဲဆောင်လို့ရမယ်ထင်လား လွှတ်စမ်း"

"မမ"

"ဘာလဲ"

"ဉာဏ်သာ တကယ်ပဲ မမကိုချစ်သွားမိပြီထင်တယ်၊ မလွှတ်ချင်တော့ဘူး၊ တကယ်ပါဗျာ၊ ကိုယ့်ဘက်က ရှုံးသွားပြီ





င်တယ်"

"လွှတ်စမ်း ဉာဏ်သာ"

"မလွှတ်ဘူးဗျာ"

"ဟွဲ"

ဉာဏ်သာ့စိတ်တွေ လွှတ်ထွက်သွားပြီး မေမြတ်မဒီရဲ့ လေးအား ငုံ၍ နမ်းရှိုက်မိလေသည်။ သူမက အထိတ်တလန့် ရုန်းဖယ်လိုက်၏။ တင်းမာခက်ထန်တဲ့ မျက်ဝန်းတွေနှင့်ကြည့် ရုတ်ခြည်း အပြုံးမျက်ဝန်းတွေအဖြစ် ပြောင်းလဲသွားသည်။

"အိုကေ အခုမှ စိန်ခေါ်ပွဲက စတင်တာပဲ ဉာဏ်သာ၊ ငါ့ကို ချစ်သွားပြီမဟုတ်လား"

"အဟက်"

မင်းက အရမ်းကို ခန့်ညားချောမောတဲ့ ယောကျ်ား ယောက်ပဲ ဉာဏ်သာ၊ မင်းနဲ့နေရတာ ငါ ပျော်သလိုပဲကွာ။ နင့်စိတ်တွေကို ထိန်းစမ်းပါ။ ဒီကောင်က နင့်စိတ်တွေကို နေတာ။ နင့်ဘဝကို ဖျက်ဆီးပစ်မယ့်သူပဲ။

"ငါ သွားစရာရှိတယ် ဉာဏ်သာ၊ ငါ့ချစ်သူကို သွားပို့ရ



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ မင်း ဒရိုင်ဘာပဲ၊ ကားမောင်းတော့"

သူမ ရှန်းထွက်ပစ်လိုက်ပြီး ကားနောက်ခန်းမှာ သွားထိုင်နေလိုက်သည်။ ဒီဒီ ဆင်ခြင်သင့်တယ်။ ဉာဏ်သာက နင့်ကို ဖြားယောင်းမြူဆွယ်နေတာပဲ။ နင်နဲ့စိန်ခေါ်ထားတာလေ။

"မမ"

"ပြော"

"ဒီလူက တကယ်ပဲ မမချစ်သူလား"

"အင်း"

"အဆက်ဖြတ်လိုက်တော့၊ ကိုယ် လိုက်မပို့ပေးတော့ဘူး"

"ဉာဏ်သာ မင်း ဘာကောင်လေးလဲ၊ မင်းက ငါ့ဒရိုင်ဘာနော်၊ ငါသွားချင်တဲ့နေရာ လိုက်ပို့စမ်း"

တကယ်တော့ ကိုဆက်ပိုင်ဘက်ကပဲ ဒီဒီအား လက်ထပ်ခွင့် တောင်းထားတာပါ။ ဒီဒီဘက်မှ စဉ်းစားထားခြင်းပင် မရှိခဲ့ ကိုထက်သာကြောင့် ဒီဒီ ယောကျ်ားတွေကို ရွံရှာမုန်းတီးနေတာ ကြာပါပြီ။ ဉာဏ်သာက ကားကို ရပ်ပစ်လိုက်၍ ဒီဒီ မျက်လုံးထေ





မြူးကျယ်ဝိုင်းစက်သွားရလေသည်။

"ဉာဏ်သာ"

"ကုမ္ပဏီကိုပဲ လိုက်ပို့ပေးမယ်"

"မင်း မင်း ဘာလုပ်တာလဲ ဉာဏ်သာ"

"မမကို ဒီလူနဲ့ မပတ်သက်စေချင်လို့ပါ"

"မဖြစ်ဘူး၊ ကိုဆက်နဲ့ငါက စီးပွားရေးတွေလည်း ပတ်သက်နေတယ်၊ မပို့လို့ မဖြစ်ဘူးနော်၊ မင်း ကားပေါ်ကဆင်းတော့ ဉာဏ်သာ၊ ငါ့ဘာသာပဲ မောင်းသွားမယ်"

ဉာဏ်သာ့စိတ်ထဲမှာ တကယ်ပဲ မမြတ်မဒီအား မသွားစေချင်ဘဲ ဖြစ်နေရသည်။ ဉာဏ်သာ ဘာဖြစ်နေတာလဲ။ ဒီမိန်းမကို တော့ မင်း ချစ်မိသွားလို့မဖြစ်ဘူးနော်။ မင်းလက်ထပ်ရမှာက ဖြူစင်ချိုပဲလေ။ စင် မင်းနဲ့တွေ့ဖို့တောင် ကိုယ် တွန့်ဆုတ်နေမိသလိုပဲကွာ။

"ဉာဏ်သာ"

"ပြော"

"မင်းလည်း ဖြူစင်ချိုနဲ့ လက်ထပ်ရမှာမဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com



ညာဏ်သာ"

သူ ဘာမှဆက်မပြောတော့ဘဲ ကားကို ဆက်မောင်းလာခဲ့လေသည်။ ဟုတ်တယ် သူ လက်ထပ်ရမှာက ဖြူစင်ချိုပဲလေ။ မာမီက မေမြတ်မဒီနဲ့ဆို သွေးတက်ပြီး အသက်ပါ ဆုံးရှုံးသွားနိုင်သည်။ မာမီအမုန်းဆုံးမိန်းမက မေမြတ်မဒီပဲ။

လေယာဉ်ကွင်းရောက်တော့ ကိုဆက်ပိုင်က စောင့်နေလေသည်။ သူ ကားပေါ်မှာပဲ ထိုင်နေ၏။ ရင်ထဲမှာ နာကျင်ကြေကွဲနေရသည်။ မေမြတ်မဒီကတော့ ညာဏ်သာ့ရှေ့မှာ တမင်ရွှံ၍ ကိုဆက်ပိုင်နှင့် တယုတယ နေပြမိလေသည်။

"ဒီဒီ"

"ကိုဆက် စောင့်နေရတာ ကြာပြီလားဟင်၊ ဒရိုင်ဘာလာတာ နောက်ကျနေလို့လေ"

"ဒီဒီ"

"ဟင်"

"ဒီကောင်လေးကို ဘာဖြစ်လို့ ဒရိုင်ဘာခန့်ထားရလဲကွာ ဘာသဘောလဲ ဒီဒီ"





"ကိုဆက်နဲ့ မဆိုင်ပါဘူး"

"မင်းက နာမည်တစ်လုံးနဲ့နေတာနော် ဒီဒီ၊ ပတ်ဝန်းကျင်က ပြောစရာဖြစ်မယ်လေ"

"ကိုဆက် သွားတော့နော်"

"ဒီဒီ"

"ပြော"

"ကိုယ့်ကို လက်ထပ်ဖို့ သဘောတူပေးပါလားကွာ"

"ဒါကတော့ ဒီဒီ မစဉ်းစားသေးပါဘူး ကိုဆက်၊ မိတ်ဆွေသူငယ်ချင်းလိုပဲ နေကြတာ ပိုကောင်းပါတယ်နော်"

ကိုဆက်အား ဒီဒီ အပြတ်သားဆုံး ငြင်းပယ်ပစ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ဖြူစင်ချို့သည့် ချောမောလှပပြီး အိန္ဒြေသိက္ခာကြီးမားသော မိန်းကလေး ဖြစ်နေလေသည်။ မာမီ စံထားသော မိန်းကလေး တစ်ယောက်ရဲ့ အရည်အချင်းတွေ ပြည့်စုံနေ၏။ ဉာဏ်သာနှင့် လည်း လိုက်ဖက်လွန်းနေသည်။

"သူလေးက ဖြူစင်ချို့တဲ့ သားငယ်၊ မာမို့သူငယ်ချင်းရဲ့ သမီးလေးပဲ၊ စီးပွားရေးတက္ကသိုလ်မှာ တက်နေတယ်လေ"

"တွေ့ရတာ ဝမ်းပါတယ် စင်၊ ကိုယ်က ဉာဏ်သာသော် ပါ"

"ဟုတ်ကဲ့ စင်လည်း တွေ့ရတာ ဝမ်းသာပါတယ်





ကိုဉာဏ်သာသော်"

"မာမီကတော့ ပွင့်ပွင့်လင်းလင်းပဲ ပြောထားချင်တယ် သားငယ်၊ စင်လေးက မာမီရွေးချယ်ထားတဲ့ ချွေးလောင်းပဲလေ၊ ဉာဏ်သာ လက်ထပ်ရမယ့် မိန်းမပဲ"

"ဟင်"

စင်ကလည်း သိထားပုံပင်။ မျက်နှာလေးပေါ် ပန်းသွေး ရောင် ထနေလေသည်။

"အန်တီသော် လူကြီးချင်းပြောထားပြီးပေမယ့် ကိုဉာဏ် သာ ဆုံးဖြတ်ပါစေ၊ အတင်းအကြပ်ကြီးတော့ မစီစဉ်ပါနဲ့နော်၊ စင်က အချစ်မပါဘဲ အိမ်ထောင်တစ်ခုကို မတည်ဆောက်ချင်လို့ ပါ"

စင် မင်းကိုတော့ ကိုယ် တကယ်ပဲ အမှတ်ပေးမိပါတယ်။ မင်းမှာ ဒီလိုစိတ်ဓာတ်မျိုးရှိနေတာ ကိုယ် သဘောကျတယ်။ ကိုယ်က ယောကျာ်းတစ်ယောက်ကို ငမ်းငမ်းတက် အတင်းအကြပ် အမိဖမ်း ချင်တဲ့ မိန်းမမျိုးကို အထင်မကြီးဘူးလေ။

"ကိုဉာဏ်သာ စင့်ကို အကဲခတ်ပါဦးနော်၊ လူကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



စီစဉ်တာနဲ့ လက်ခံဖို့ မလိုပါဘူး၊ စင်လည်း အဲဒီလိုမျိုးကြီး မဖြစ်ချင်တာပဲ"

မာမီက နှစ်ယောက်တည်း စကားပြောကြဦး၊ မာမီ မနက်စာအတွက် စီစဉ်မည်ဆိုပြီး ထွက်သွားလေသည်။

"စင်"

"ပြောပါ"

"တကယ်လို့ မင်းကို ဆုံးဖြတ်ခိုင်းမယ်ဆိုရင်ရော"

"စင်က မိခင်စကားကို မြေဝယ်မကျ နားထောင်တတ်လေ့ ရှိပါတယ် ကိုဉာဏ်သာ"

စင်က လှပစွာဖြေလေသည်။ စင့်ကိုတော့ သူ အထင်ကြီးသွားရသည်။ ဉာဏ်သာက ဖျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်။ မိန်းက လေးတွေ စွဲမက်စရာ ရုပ်ကာအပြည့်ပဲ။

"စင် ပြောတယ်မဟုတ်လား၊ အချစ်မပါတဲ့ အိမ်ထောင်ရေးကို မတည်ဆောက်ချင်ဘူးဆို"

"အင်းလေ အဲဒါက အဓိက ယောကျ်ားပဲလေ၊ စင့်မာမီက သူ့ကိုမချစ်တဲ့ ဒက်ဒီကို အတင်းအကြပ် လက်ထပ်မိလို့





အမြဲတမ်း စိတ်သောကတွေနဲ့ ရင်ဆိုင်ဖြတ်သန်းခဲ့ရတယ်၊ ဒက်ဒီက ဗညာရှိ နှိပ်စက်ခဲ့တာလေ၊ စင့်ကိုတော့ အဲဒီလိုမဖြစ်စေချင်ဘူးတဲ့၊ ဉာဏ်သာသော် နှစ်သက်ချစ်ခင်မှ လက်ထပ်ပါတဲ့"

စင်ဆိုတဲ့ မိန်းကလေးက မိဘအသိုင်းအဝိုင်းရော သူမကိုယ်တိုင်ရော အဆင့်အတန်းရှိပြီး ဂုဏ်သိက္ခာကို ထိန်းသိမ်းထားသူတွေ ဖြစ်လေသည်။

"စင့်မှာ ချစ်သူရှိခဲ့ဖူးလား"

"ဟင့်အင်း"

စင် မလိမ်ညာဘူးဆိုတာ သူ သိလိုက်လေသည်။ စင့်မျက်ဝန်းလေးတွေက ဖြူစင်တောက်ပနေ၏။ ယောကျ်ားလေးတစ်ယောက် စွဲမက်နှစ်သက် မြတ်နိုးနိုင်တဲ့ မိန်းမချောလေးပဲ။ ငွေကြေးအရလည်း ချမ်းသာကြွယ်ဝ၏။ နောက်ဆုံးပေါ် အဖိုးတန်အားကို ကိုယ်တိုင်မောင်းပြီး ကျောင်းတက်နေလေသည်။ စင့်မှာ အပြစ်ပြောစရာဆို၍ မြူမှုန်လေးမျှပင် မရှိပေ။ သူ အချစ်ဆိုတာကို စဉ်းစားနေမိ၏။ ခံစားချက်ဆိုတာရော ဘာလဲ။ စင့်ကို သူ လုံးဝရင်မခုန်မိတာတော့ အမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဉာဏ်သာမှာရော ချစ်သူရှိလားဟင်"

"ကိုယ်က ပညာရေးပဲ စိတ်ဝင်စားတာပါ၊ ဒါပေမဲ့ ကိုယ့်မှာ ၀န်ခံစရာတစ်ခုတော့ ရှိနေတယ်"

"ဘာများလဲဟင်"

"ကိုယ်ချစ်နေတဲ့ မိန်းကလေးတစ်ယောက် ရှိနေတယ်၊ ကိုယ့်ဘက်က ရင်ခုန်နေတာပါ"

"ဟုတ်လား၊ တော်တော်လှမှာပဲနော်၊ ကိုဉာဏ်သာတောင် ရင်ခုန်တယ်ဆိုတော့ အဲဒီမိန်းကလေးကို စင်တောင် စိတ်ဝင်စားလာပြီ"

"ဆောရီးပဲနော်၊ လောလောဆယ်တော့ ပြောပြလို့မဖြစ်သေးဘူး စင်"

"ရပါတယ် ကိုဉာဏ်သာ၊ စင့်ကို ငြင်းပယ်လို့ရပါတယ်၊ တကယ်လို့ ကိုဉာဏ်သာ ငြင်းဘို့ခက်နေရင် စင့်ဘက်က ငြင်းပေးမယ်လေ"

"စင်"

"စင် နားလည်ပါတယ်လေ၊ ယောကျ်ားလေးဘက်က





စင့်ကို မချစ်နိုင်ဘဲနဲ့တော့ မရွေးချယ်ပါနဲ့နော်၊ အဲဒါကောင်းပါတယ်၊ မင်းတို့က အမြဲတမ်း မိတ်ဆွေတွေပါပဲ"

သူ ရင်ခုန်နေရတဲ့ မိန်းမက မေမြတ်မဒီလား။ ရှုံးကြောင်းကြောင် တွေးနေမိလေသည်။ ဉာဏ်သာ့ဘ၀ တစ်သက်တာမှာ ဘယ်မိန်းကလေးနဲ့မှ မနီးစပ်ခဲ့ပေ။ စိတ်လည်း မဝင်စားခဲ့။ စင့်ကို ကိုယ် ဘာဖြစ်လို့များ မိန်းကလေးတစ်ယောက်အတွက် ရင်ခုန်နေတယ်လို့ ပြောမိလိုက်တာလဲ။ ကိုယ် ကြောင်သွားပြီလား မသိပါဘူး မေမြတ်မဒီ။

"ကိုဉာဏ်သာ စင်တို့ ပြောစရာသိပ်မရှိတော့ဘူးထင်တယ်နော်၊ အန်တီနဲ့ စားစရာတွေ သွားပြီးပြင်ဆင်လိုက်ဦးမယ်"

စင် ထွက်လာခဲ့လေသည်။ စင် နှုတ်ခမ်းသားလေးတွေကို တင်းတျစ်စွာ ဖိကိုက်ထားမိ၏။ ကိုဉာဏ်သာဘက်မှ ငြင်းပိုင်ခွင့်ရှိတယ်လေ။ မာမီလို စင် မခံစားချင်ပါဘူး။ စင့်ဘက်ကတော့ ကိုဉာဏ်သာ့ကို ရွေးချယ်ပြီးသားပါနော်။ အချစ်မပါဘဲနဲ့တော့ ဒယ်ဒီလို လူကြီးတွေလက်ထပ်ပေးတဲ့ ယောကျ်ားတစ်ယောက်ကို လက်ထပ်ချင်ပါဘူး။ ကိုဉာဏ်သာ့မှာ ရင်ခုန်နေမိတဲ့ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ရှိနေတယ်တဲ့၊ ဘယ်လိုမိန်းကလေးမျိုးလဲ။

“အန်တီ”

“ဟင် စင် သားနဲ့စကားပြောကြလေ”

“ပြီးပါပြီ၊ စင်က မနက်စာကို စီစဥ်ရတာ ဝါသနာပါ လို့လေ၊ စင့်လက်ရာကိုလည်း ကျွေးချင်လို့”

ဒေါ်သော်တာ စင့်ကို သဘောကျတာ မိန်းကလေးပီသ လို့ပဲ။ အိမ်မှုကိစ္စတွေကိုလည်း နိုင်နင်းတယ်။ ဘာမှမလိုအောင် ပြည့်စုံနေတဲ့ စင်လေးပဲ။ လိမ္မာရေးခြားလည်း ရှိလိုက်တာ။ သား ညဏ်နဲ့ မဖြစ်မနေ လက်ထပ်ပေးရမယ်။

“စင်”

“ရှင်”

“သားညဏ်ကို လက်ထပ်ဖို့ ဆုံးဖြတ်ပြီးပြီလား”

“ရှင်”

“စင့်ဘက်က ငြင်းပယ်လိုက်မှာပဲ အန်တီသော် စိတ် တယ်လေ”

“ဖြည်းဖြည်းပေါ့ အန်တီသော်ရယ်၊ အိမ်ထောင်တ





ည့်ဆောက်တာ အလောတကြီး မဖြစ်သင့်ပါဘူး၊ ကိုညဏ်သာနဲ့ ကြီး စကားတွေပြောကြည့်ရဦးမှာလေ”

စင် စကားကို ကြည့်ကောင်းအောင် ပြောလိုက်မိလေ ည်။ ကိုညဏ်သာဘက်မှ စင့်ကိုမှ ရင်မခုန်တာဘဲ။စင် အဲဒီလိုမျိုး တ်မထပ်ချင်ပါဘူး။ မာမီ့ကိုကြည့်ပြီး စင် အမြဲတမ်း ကြေကွဲနေ ရတာပဲ။

“မာမီက စင့်ကို ပြီးပြည့်စုံတဲ့ မိန်းကလေးတစ်ယောက် ဖြစ် လေ့ကျင့်ဆုံးမသွန်သင်ပြီး ကြီးပြင်းစေခဲ့တာလေ၊ ပျော်ရွှင် မြေ့တဲ့ အိမ်ထောင်တစ်ခုကိုလည်း ပိုင်ဆိုင်စေချင်တယ်၊ စင် အားပါရစေနော်”

“စင်ရယ် သားလေးကိုတော့ မငြင်းလိုက်ပါနဲ့နော်၊ စင့်ကို ချွေးမတော်ချင်တယ်၊ သားကို စင့်လက်ထဲမှာပဲ အပ်ထားချင် တယ်၊ အန်တီသော် စိတ်အေးချင်နေပြီလေ၊ သားကြီးလို ဖြစ်သွားမှာ နဲ့ပဲ စိတ်ပူနေလို့ပါ”

ကိုညဏ်သာပဲ ဆုံးဖြတ်သင့်ပါတယ်လေ။ တခြားမိန်းက တစ်ယောက်အပေါ် ချစ်ခင်မြတ်နိုးပြီး ရင်ခုန်နေတဲ့ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က စင်ရဲ့ တစ်သက်တာလက်တွဲဖော် မဖြစ်သင့်ပါဘူးလေ။

အဲဒီလို ယောက်ျားကိုလည်း စင် ဘယ်တော့မှ လက်ထပ်ဘူး။ စင်က မာနရှိတဲ့ မိန်းကလေးပါ။

အန်တီသော်နှင့်အတူ မနက်စာကို ကူညီချက်ပြုတ် ပြင်ဆင်နေမိလေသည်။

"စင်လေးက တကယ့်ကို အိမ်ရှင်မကောင်းပဲကွယ်၊ မဖြစ်ပါဘူး၊ ချွေးမ အတင်းတော်ရမှာပဲ"

"အန်တီသော်"

"ပြောလေ"

"တကယ်လို့ ကိုဉာဏ်သာမှာ ချစ်သူရှိနေရင်ရော အတင်းအကျပ်ကြီးတော့ လက်မထပ်ပေးပါနဲ့၊ ဘဝတစ်သက်တာလုံး စိတ်သောကတွေနဲ့ ရင်ဆိုင်သွားကြရမှာလေ"

"အမလေး စင်ရယ် သားငယ်မှာ ချစ်သူမရှိပါဘူးကွယ်၊ လုံးဝကင်းတယ်၊ အန်တီသော် အသိဆုံးပါ"

အန်တီသော်က ချစ်သူမိန်းကလေး မရှိဘူးသာပြော





သည်၊ ကိုဉာဏ်သာက ရှိသည်ဟု ပြောနေသည်။ အန်တီမာလာသဘောမတူနိုင်တဲ့ မိန်းမတစ်ယောက်ပဲ ဖြစ်နိုင်လေသည်။ ထမင်းပွဲပြင်ပြီးတော့ ကိုဉာဏ်သာ ရောက်လာ၏။

အန်တီသော်က စင့်ကို ချီးမွမ်း၍မဆုံးတော့ပေ။ စင်ရှက်နှာလေးပင် မထားတတ်အောင် ပူနွေးထူအမ်းနေရသည်။

"ကြည့်စမ်း သားဉာဏ်၊ စင်လေးက တကယ့်ကို အိမ်ရှင်ကောင်းလေးပါပဲကွယ်၊ စင့်မာမီက သိပ်ပြီးစည်းစနစ်ကြီးတယ်၊ သမီးလေးကို တကယ့်ကို ဗိုင်းကောင်းကျောက်ဖို သွန်သင်ဆုံးမထားတာလေ၊ မာမီတော့ ဒီချွေးမလောင်းလေးကို လက်မလွှတ်ချင်တော့ဘူးနော်"

ဉာဏ်သာကတော့ မာမီ့ဆန္ဒတွေကို အမြဲတမ်း ဖြည့်စွမ်းပေးနေခဲ့ပေမယ့်၊ စင်က သူရွေးချယ်လက်ထပ်သင့်တဲ့ မိန်းကလေးတစ်ယောက် ဖြစ်နေမှန်းသိနေခဲ့ပေမယ့် ဘာဖြစ်လို့များ အဖြေတစ်ခုကို ပြတ်ပြတ်သားသား မပေးနိုင်ခဲ့ရတာလဲ။ မေမြတ်မဒီကို ဉာဏ်သာ အရှုံးပေးရတော့မလား။ ဒီမိန်းမဘက်ကနေ သူ့ကို ဘယ်တော့မှ မချစ်နိုင်ဘူးဆိုတာ ဉာဏ်သာ သိသိကြီးနဲ့ ဘာဖြစ်လို့



www.burmeseclassic.com

www.burmeseclassic.com



များ ရင်ခုန်လှိုက်မောနေရတာလဲ။

"သားညဏ်"

"ဗျာ မာမီ"

"မင်း မာမီ့ဆန္ဒတွေကို ဖြည့်စွမ်းပေးမှာလားကွယ်"

"အန်တီသော် စင့်ရှေ့မှာ မမေးပါနဲ့နော်၊ ကိုညဏ်သာ စဉ်းစားပါစေ၊ အရမ်းအလောတကြီးမှ မလိုအပ်တာဘဲ"

ကိုညဏ်သာက စင့်အား အလွန်အမင်း ကျေးဇူးတင်သော မျက်ဝန်းတွေနှင့် ကြည့်နေသည်။ စင့်ကို လက်မထပ်ချင်တာ သိသာနေ၏။ စင့်ရင်ထဲမှာ နည်းနည်းတော့ ခံပြင်းနာကျင်သွား သလိုပင်။ အရာရာပြည့်စုံအောင် ကြိုးစားသင်ယူထားတဲ့ မိန်းက ကိုများ ရှင်က ငြင်းပယ်နေသေးတာလေ။ ကိုညဏ်သာ့ကို လက်ထပ်ယူဖို့ မကြိုးစားပါဘူးနော်။ စင့်ဘက်ကလည်း အဲ ယောကျ်ားမျိုးကိုလည်း မရွေးချယ်ပါဘူး။

စင် နှုတ်ဆက်ပြီး ပြန်လာခဲ့လေသည်။



# အခန်း (၉)

ညဏ်သာဆိုတဲ့ကောင်လေးက တော်တော်ဆိုးတာပါပဲ ဒီဒီ့ကို အနမ်းလေးပေးသွားလေသည်။ မင်းကို ငါအရမ်း တယ်။ မင်းအစ်ကိုက ငါ့ဘဝမှာ အနာကြည်းဆုံး ယောကျ်ား ယောက်ပဲ။ ညဏ်သာရဲ့ စိန်ခေါ်မှုကို လက်ခံလိုက်တာ ဒီဒီ သွားပြီလား။ အရှုံးပေးရတော့မယ်ထင်တယ်။ ညဏ်သာ့ကို ချစ်မိရဘူးဖြစ်နေသည်။ ခန့်ညားချောမောတဲ့ ရုပ်သွင်ကို ဒီဒီ ဖြစ်လို့များ မေ့ဖျောက်ပစ်လို့မရတာလဲ။ ဒီဒီက မာနတွေနှင့် ယောကျ်ားတွေနှင့် အကင်းရှင်းဆုံး နေလာခဲ့တာလေ။ မုန်းလိုက်တာ၊ သာက ဒီဒီ့ကို ချစ်တယ်လို့ပြောတာ ဟန်ဆောင်လိမ်ညာနေ လေ။



www.burmeseclassic.com

www.burmeseclassic.com



"မမလေး"

"ဟင်"

"အပြင်မှာ ကိုဉာဏ်သာသော် ရောက်နေပါတယ်၊ မမလေး အနားယူချိန်ဖြစ်နေလို့ ကျွန်မတံခါးမဖွင့်ပေးသေးဘူး။ သူက တွေ့ခွင့်တောင်းနေတယ်"

"ဟင်"

ဘယ်အချိန်ရှိနေပြီလဲ။ ဉာဏ်သာ ဒီကိုဘာလာလုပ်တာလဲ ဟင်။ သူမတောင် ညဝတ်အင်္ကျီနှင့်ဖြစ်နေသည်။ သူမလက်ကိုင်ဖုန်းက မြည်လာ၏။ ဉာဏ်သာပဲ။

"မမ တံခါးဖွင့်ပါ၊ ဒီအချိန်မှာ ကိုယ်က ဒရိုင်ဘာအဖြစ်လာတာ မဟုတ်ဘူးနော်"

"ဉာဏ်သာ မင်းဘာဖြစ်လာတာလဲ၊ မင်းမူးလာတာလား"

"အင်း"

"မင်းပြန်ပါ၊ ဒါက အိပ်ချိန်လေ၊ မိန်းကလေးတစ်ယောက်ဆီ မင်းလာသင့်တဲ့အချိန် မဟုတ်ဘူးနော် ဉာဏ်သာ"





"မရဘူးဗျာ၊ ကိုယ့်ကိုထွက်တွေ့ပါ၊ အခုချက်ချင်းနော်၊ အခု ဧည့်ခန်းထဲမှာ ထိုင်နေတယ်၊ ကြာရင် အပေါ်ထပ်ကို တက်လာခဲ့မှာပဲ"

"ဉာဏ်သာ မင်းဆိုးလှချည်လားကွာ၊ မင်းကို ဘယ်သူက ခြံတံခါးဖွင့်ပေးလိုက်တာလဲ"

"ခြံစောင့်လေ၊ ကိုယ်က အရမ်းအော်နေလို့"

"ဒုက္ခပါပဲကွာ"

သူမအဝတ်အစားပင် လဲမနေတော့ဘဲ အမြင်ကတ်ကတ်ဖုန်း ညဝတ်အင်္ကျီနှင့်ပင် အောက်ထပ်သို့ ဆင်းလာခဲ့လေသည်။ ဉာဏ်သာ တော်တော်ဆိုးတာပဲ။ ပိုင်စိုးပိုင်နင်း နိုင်လွန်း၏။ မင်း ဒီလို အရက်မူးပြီးလာတာ မကောင်းပါဘူး။ ဒီဒီမျက်နှာလေးက တင်းမာခက်ထန်နေသည်။ ဒီကောင်လေးကို အလျှော့ပေးလို့မဖြစ်ဘူး။ ဒီဒီကို ဝါးမျိုသွားနိုင်တယ်။ မင်းက ငါ့ကို မြူဆွယ်ဖြားယောင်းနေတာပဲ မဟုတ်လား ဉာဏ်သာ။

"မမ"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"အရမ်းစွဲမက်စရာကောင်းတယ်ဗျာ"

"ဉာဏ်သာ"

"ဟင်"

"မင်း ဘာလာလုပ်တာလဲ၊ မင်း လူကြီးလူကောင်း တစ်ယောက်ပါ၊ ငါ့ဆီ အရက်သောက်ပြီးလာတာ မင်းရဲ့နည်း ပရိယာယ် တစ်ခုပဲလား ဉာဏ်သာ"

ဟုတ်တယ်။ အဲဒါ နည်းပရိယာယ်ပဲ။ ဉာဏ်သာက အရက်မှမသောက်တတ်တာ။ ဉာဏ်သာ့ဘဝမှာ ပညာရေးနဲ့ စီးပွား ရေးပဲ ရှိခဲ့တာပါ။ အခု ဉာဏ်သာ့ကိုယ် ဉာဏ်သာ ဘာတွေဖြစ် မှန်းတောင် မသိတော့ဘူး။ ခင်ဗျားက ကျုပ်ကို တော်တော်လေး ဖမ်းစားနိုင်တာပဲ။ ဘယ်တော့မှ အရက်မသောက်တတ်တဲ့ကိုယ် အရက် သောက်ချင်လာတယ်။ မာမီက ချွေးမလောင်းရွေးပြီးသွားပြီ ကိုယ့်ကို လက်ထပ်ရမယ်တဲ့။ မာမီ့ကျေးဇူးကို ဒီနည်းနဲ့ပဲ ဆပ်ပါတဲ့ ကိုယ့်မာမီက ကိုယ်တို့ဘဝတွေ မတိမ်းမစောင်းအောင် အမြဲတမ်း ဂရုတစိုက် ဆုံးမသွန်သင်မွေးမြူခဲ့တာပါ။ ဒါတောင် ကိုကိုထက်သာ ဘဝ ကတိမ်းကပါး ဖြစ်သွားရသေးတယ်။

"ဉာဏ်သာ"

"မမ"

"ဟင်"

"ကိုယ်ရှုံးပြီထင်တယ်"

"အဟက်"

"ကိုယ်တကယ်ပဲ မမကိုချစ်နေမိပြီလား"

"မမက မင်းအမုန်းဆုံး မိန်းမတစ်ယောက်ပဲနော် ဉာဏ်သာ၊ မင်း ရယ်စရာတွေ လာပြောမနေစမ်းပါနဲ့"

"ကိုယ်တကယ်ပြောနေတာပါ၊ ကိုယ့်ရင်ထဲက စကား တွေလေ"

"မင်းကို ငါက စွဲလမ်းနှစ်သက်မယ်ထင်နေလား ဉာဏ်သာ၊ ငါ့ကို ဆွဲခေါင်ဖို့ မင်းမကြိုးစားနဲ့နော်၊ အလကားပဲ"

"မမကို ဉာဏ်သာ ပြောစရာရှိလို့ပါ"

"ပြော"

"မာမီက ကိုယ့်ကို ဇနီးလောင်း ရွေးထားပြီးပြီလေ"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



ဒီဒီ နည်းနည်းတော့ တုန်လှုပ်ချောက်ချားသွားရသလိုပင်။ ဒီကောင်လေး တမင်လာရောက် ရိတ်တိပြောနေမှန်း သိသိကြီးနှင့် ဘာကြောင့်များ မနှာလိုဝန်တို ရင်ခုန်လှုပ်ခတ်သွားရတာလဲ။

"ဖြူစင်ချိုတဲ့၊ အရမ်းလှချွေ့ရှိပြီး အရမ်းချောတယ်၊ ပြည့်စုံ တယ်၊ မာမီက ကိုယ့်အတွက် အကောင်းဆုံးရွေးချယ်မှုလေ"

"အဲဒါ မင်းလက်ခံလိုက်ပြီပေါ့ ဉာဏ်သာ"

"ကိုယ်က ငြင်းပစ်လိုက်တယ်လေ"

"ဟင်"

"မာမီက အတင်းအကြပ် စီစဉ်မှာပဲ၊ ကိုယ် စင့်ကိုပြော ခဲ့တယ်၊ ကိုယ်ချစ်မြတ်နိုးရတဲ့ ရင်ခုန်ရတဲ့ မိန်းကလေးရှိနေပြီလို့"

"ဉာဏ်သာ"

"ကိုယ်တကယ်ကြောင်တာပဲ၊ ရူးသွားပြီလား မသိဘူး နော်၊ ကိုယ် မမကို ရည်ညွှန်းပြီးပြောနေတာ"

"ဒီလို အချိုးမျိုးတွေ ရိုးနေပြီ ဉာဏ်သာ၊ မင်းပြန်ပါ မင်းငါ့ကို ချစ်နေတာ မဖြစ်နိုင်ဘူး၊ မင်းကိုလည်းငါမချစ်ဘူး မင်းပြန်တော့"





"ကိုယ်တကယ် ပြောနေတာပါ"

ဉာဏ်သာက သူမအနားရွေ့လာသည်။ ခန္ဓာကိုယ်ချင်းပူး ကပ်သွားပြီး ဒီဒီအထိတ်တလန့်ရွေ့ဖို့ပြင်နေစဉ် ဉာဏ်သာ လက်တွေက သူမခန္ဓာကိုယ်အား သိမ်းကြုံးဖက်ထားသည်။

"အို ဉာဏ်သာ၊ မင်းဘာလုပ်တာလဲ၊ ငါ့ကိုမင်းအထင် သေးနဲ့နော်"

"ကိုယ်က ချစ်သွားတာပါ၊ မမက ကိုယ့်ကို အနိုင်ယူ သွားပြီထင်တယ်၊ ကိုယ်မမကို အရမ်းပဲချစ်တယ်ဗျာ"

ဉာဏ်သာ မင်းကငါအမုန်းဆုံးယောကျ်ားရဲ့ ညီပဲ။ မင်းကိုယ်တိုင် ငါ့ဘဝကိုဖျက်ဆီးပစ်ဖို့ အကြံတွေနဲ့ စိန်လာခေါ်တာ ဆုတ်လား။ ကောင်းပြီလေ။ ဒါ စိန်ခေါ်ပွဲပဲ။ မင်းငါ့ကို ချစ်သွား ရမယ်။ အရူးအမူး စွဲလမ်းသွားစေရမယ်။ မင်းငါ့ကို လက်ထပ် ပြီး မင်းအမေ စိတ်သောကတွေရောက်စေရမယ်။

"ဉာဏ်သာ"

"မမ"

"မမကိုယ်တိုင်လည်း ဉာဏ်သာအပေါ် တိမ်းညွှတ်မိ၊



www.burmeseclassic.com

www.burmeseclassic.com



မိပြီ ထင်တယ်''

''ဟင်''

ဉာဏ်သာရင်ခွင်ကို မှီတွယ်ထားလိုက်လေသည်။ ဒီဒီ နှလုံးသားတွေထဲမှာ နာကျင်စူးရှနေ၏။ ဉာဏ်သာရယ် တကယ်တော့ ငါ့ဘက်က မင်းကို လက်စားချေဖို့ အစီအစဉ်တွေ လုံးဝမရှိပါဘူးနော်၊ မင်းကပဲ စိန်ခေါ်ခဲ့တာပါ။ ငါအရမ်းနာကြည်းမုန်းတီးခဲ့တဲ့ ငါ့ဘဝကို ဖျက်ဆီးနင်းခြေခဲ့တဲ့ ယောက်ျားတစ်ယောက်ရဲ့ညီက စိန်လာခေါ်တာ ငါက ဝမ်းပန်းတသာ လက်ခံလိုက်မိတာပဲ။ စိန်ခေါ်ပွဲက အနုမှစပြီထင်တယ် ဉာဏ်သာ။ မင်းက ငါ့ကို စိန်လာခေါ်တာကိုက မင်းကံဆိုးတာပဲ။

''ဉာဏ်သာရယ်၊ မမက အချစ်ကံဆိုးသူပါ၊ ဉာဏ်သာ မသိတာတွေ အများကြီးရှိနေပါသေးတယ်ကွယ်''

ဉာဏ်သာအရမ်းမူးနေလေသည်။ ဉာဏ်သာ အချစ်တွေက ကြမ်းတမ်းလာ၍ ဒီဒီပင် အထိတ်တလန့်ဖြစ်သွားရ၏။ မင်းတမင်လုပ်နေတာပါ။ ငါ့ဘဝကို ဖျက်ဆီးပြစ်ဖို့အတွက် မင်းအကြံ ပက်စက်နေတာပဲ။ ငါသိနေတယ်။ ဉာဏ်သာ မင်း မင်းငါ့ကို





မချစ်ပါဘူး။ အရာအားလုံး မင်းဟန်ဆောင်လှည့်ဖြားဖို့ ကြိုးစားနေတာပဲ။

''မမ ကိုယ်ဘာဖြစ်သွားတာလဲ မသိဘူး၊ ကိုယ်မင်းကို ရှုံးပြီထင်တယ်''

''မင်း အရှုံးပေးပြီလား ဉာဏ်သာ၊ မင်း မမကို အရှုံးပေးတာလား''

ဉာဏ်သာ့အနမ်းတွေက နွေးထွေးစွာ ကျရောက်လာလေသည်။ ဒီဒီ ငြင်းဆန်တွန်းဖယ်ပစ်ဖို့ အကြိမ်ကြိမ်ကြိုးစားနေခဲ့ပါ၏။ ဒီဒီ ဒီကောင်လေးကို မုန်းတီးနာကြည်းနေတာ မဟုတ်လား။ နင့်ကိုလည်း ဒီကောင်လေးက ဖျားယောင်းသွေးဆောင်နေတာပဲလေ။ မင်း ရှုံးစေရမယ် ဉာဏ်သာ၊ ငါ့ကို အရှုံးပေးရမယ်။ ငါ့ဘက်က မင်းကို ဘယ်တော့မှ မချစ်ဘူး။ ငါ အနိုင်ယူရမယ်။ ဒီဒီရင်ထဲမှာ နာကျင်စူးရှိနေသည်။

ဉာဏ်သာရယ် မင်းတစ်နေ့ကျရင် ငါ့ကို စွန့်ခွာသွားမှာပါကွာ။ သူ့မဘက်မှလည်း ဉာဏ်သာသော်ဆိုတဲ့ ယောကျ်ား တစ်ယောက်ကို ဖြားယောင်းသွေးဆောင်နေခဲ့တာပဲ။ ဉာဏ်သာရဲ့



www.burmeseclassic.com

www.burmeseclassic.com



အရာအသ အကြွင်းနာတွေကို ခံယူနေမိလေသည်။

"ညာဏ်သာ"

"ဟင်"

"မင်းပြန်တော့"

"ကိုယ် ဒီမှာပဲ အိပ်လို့မရဘူးလား မမ"

"မရဘူးညာဏ်သာ၊ မင်း ဒီထက်မပိုနဲ့တော့၊ သွားစမ်းပါ။ မင်းပြန် မပြန်ရင်တော့ ငါမင်းမာမီဆီ ဖုန်းဆက်အကြောင်းကြားလိုက် မှာနော်"

ညာဏ်သာနည်းနည်းတော့ လန့်သွားလေသည်။ မာမီသိလို့ မဖြစ်ပါဘူး။ ညာဏ်သာစိတ်တွေကို ထိန်းချုပ်လိုက်၏။ တကယ် တော့ မေမြတ်မဒီဆိုတဲ့ မိန်းမက သူ့အမုန်းဆုံးမိန်းမပဲ။ ဒီမိန်းမကို လက်စားချေဖို့ သူရောက်လာခဲ့တာပဲလေ။

ဘာဖြစ်လို့များ ဒီမိန်းမကြောင့် ညာဏ်သာရင်ခုန်လှိုက်မော နေရတာလဲ။ ဒီမိန်းမကိုမှ ချစ်မိသွားရတာလဲ။ သူ့ အရက်တွေပင် အလွန်အကျွံသောက်မိသွားရသည်။ ဒါ ပထမဆုံးအကြိမ်ပဲ။ သူစိတ်တွေကို ထိန်းချုပ်လိုက်ပြီး ထသည်။ ပြန်၍ပြိုလဲကျသွား





သော့ မေမြတ်မဒီက ဖေးမထွေးပွေ့ထားလိုက်၏။

"အား မမ ကိုယ်အရမ်းမူးသွားပြီ၊ ခဏလောက်တော့ အရင်ခွင်ထဲမှာ နားနေလို့ မရဘူးလားဗျာ နော်"

ညာဏ်သာလက်တွေက မမမြတ်မဒီရဲ့ ခန္ဓာကိုယ်ကို ပြန်၍ ရွေ့ဖက်ပြီးသားဖြစ်သွားရလေသည်။ ဒီတစ်ခါတော့ တကယ့်ကို ဆီအာဆက်တီပေါ် လုံးထွေးကျသွားတာပဲ။ ညာဏ်သာရင်တွေ တုန်နေသည်။ မေမြတ်မဒီရဲ့မျက်နှာလေးကို တပ်မက်စွာ အငမ်း မရ နမ်းရှိုက်မိသွားရ၏။

ကိုယ်မုန်းလို့မရဘူး ဒီဒီ။ ချစ်မြတ်နိုးနေမိလို့ ဆိုတာ ကိုယ်သိနေတယ်။ ကိုယ်ရူးချင်နေတယ်။ မင်းကို အရွှေးပေးရတော့ မယ် ထင်တယ်။ မာမီနဲ့ ကိုကို့ကို ကိုယ်ဘယ်လို ရင်ဆိုင်ရတော့ မလဲ။ ကိုယ်ဘာမှ မစဉ်းစားချင်တော့ဘူး။ ဒီလိုပုံစံ ဒီလိုအခြေ အနေမျိုးနဲ့ မင်းကို ဘာဖြစ်လို့များ တွေ့ဆုံခဲ့ရတာလဲကွာ။

"ညာဏ်သာ မင်းအရမ်းလွန်နေပြီ၊ ငါ လုံးဝ သည်းမခံနိုင် တော့ဘူးနော်၊ မင်းဟန်ဆောင်နေတာက အမူအယာသိပ်ကောင်းလွန်း တယ်၊ အကယ်ဒမီရလောက်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



မေမြတ်မဒီက သူ့ကိုတွန်းဖယ်ပြီး မတ်တပ်ရပ်လိုက်လေသည်။ သူက ရပ်တည်လို့ မရ။ မေးစင်းတဲ့ မျက်ဝန်းတွေနှင့် မေမြတ်မဒီကို ကြည့်နေမိ၏။ အရမ်းကို စွဲမက်စရာကောင်းအောင် ချောမောလှပအိစက်နေတဲ့ မိန်းမတစ်ယောက်ပါပဲလား။ ညာဏ်သာ အကြည့်ကို လွှဲဖယ်ပစ်လိုက်ဖို့ပင် ဝန်လေးနေခဲ့သည်။

"မင်း မမူးပါဘူး ညာဏ်သာရယ်၊ မင်း တကယ် အကယ်ဒမီရှော့ပဲကွာ၊ ပြန်တော့ညာဏ်သာ၊ ဒီလောက်နဲ့ပဲ ရပ်တော့"

မေမြတ်မဒီက ပြောပြီး အပေါ်ထပ်သို့ တက်သွားလေသည်။ ခြံစောင့်ကြီးက ဝင်လာပြီး ပြန်ဖို့ပြောနေ၏။ ညာဏ်သာလည်း ဆက်မနေသင့်တော့ဘူးထင်၍ စိတ်တွေကို ထိန်းချုပ်ကာ ပြန်လာခဲ့လေသည်။



## အခန်း (၁၀)

"မင်းအရက်တွေ သောက်လာတာလား သားညာဏ်၊ မင်း ဘယ်တုန်းက အရက်သောက်ဖူးလို့လဲ၊ မင်း ဒီလိုညဉ့်နက်သန်းခေါင် အပြင်မှာ နေတာမျိုးလည်း မရှိခဲ့ပါဘူး၊ မာမီ ဘယ်လောက်အထိ စိတ်ပူနေရလဲ၊ မင်းဘာဖြစ်လို့ အရက်ကို ဒီလောက်အထိ သောက်လာခဲ့ရတာလဲ"

သားငယ် ညာဏ်သာ ဒီလောက်အထိအရက်တွေ သောက်လာတာမျိုး မိမိတစ်ကြိမ်တစ်ခါမှ မကြုံဘူးခဲ့ပေ။ သားနှစ်ယောက်မှာ သားငယ်က အလိမ္မာဆုံးပဲ။ ဒေါ်သော်တာ ထူးဆန်းနေသည်။ သားငယ် ဘာတွေများ ဖြစ်နေလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဉာဏ်သာ"

"မာမီ"

"မာမီမေးနေတယ်လေ"

"သူငယ်ချင်းတွေ အတင်းတိုက်လို့ပါ မာမီ"

သူလိမ်လိုက်မိလေသည်။ မာမီမျက်ဝန်းတွေက စူးစိုက်နေ၏။ ဉာဏ်သာဘယ်တုန်းကမှ အရက်မသောက်တတ်။ မာမီ့သားငယ်လေး အလိမ္မာဆုံးဟု မာမီအမြဲတမ်း ချီးကျူးတတ်သည်။ မာမီ့ရဲ့ ဉာဏ်သာ မိုက်မဲနေပြီ။ မာမီအမုန်းတီး အနာကြည်းဆုံး မိန်းမရဲ့ မာယာညွှတ်ကွင်းထဲ ဉာဏ်သာမိနေပြီ။ ဒီမိန်းမကို ဉာဏ်သာ အရှုံးပေးရတော့မယ်ထင်တယ်။

"မင်းအရက်သောက်တာ မာမီမကြိုက်ဘူးနော်၊ မင်းကို လိမ္မာတဲ့သားတစ်ယောက်ပဲ ဖြစ်စေချင်တာ"

မာမီအကြည့်တွေက တင်းမာနေလေသည်။ ဉာဏ်သာဆန္ဒက မာမီ့ကို ပျော်ရွှင်ချမ်းမြေ့စေချင်တာပါပဲ။ မာမီအသက်ကြီးပြီ။ ဉာဏ်သာကြောင့် စိတ်သောက မရောက်စေချင်တော့ပေ။ မေမြတ်မဒီနှင့် သူ့ အဆက်အသွယ်ဖြတ်ရမယ်။ လုံးဝမပတ်သက်သင့်တော့





ဘူး။ စိန်ခေါ်မှုတွေကို ရပ်တန့်ပစ်ရမယ်။

"သားဉာဏ်သာက မာမီရဲ့ တစ်ဦးတည်းသော သားချော၊ သား ဉာဏ်သာ မလိမ္မာရင် မာမီဘယ်လောက် ခံစားရမလဲ"

ဟုတ်တယ် ဉာဏ်သာ လိမ္မာရမယ်။ မာမီ့ကို စိတ်သောကတွေ မရောက်စေချင်ပေ။ ဉာဏ်သာမှားသွားတယ် မာမီ၊ စင့်ကိုပဲ ချစ်ချယ်သင့်တာပေါ့။ မေမြတ်မဒီဆိုတဲ့ မိန်းမကို မေ့ပစ်ရမယ်။

"မင်း စင့်ကို လက်ထပ်ဖို့ ဘယ်လိုသဘောရလဲ သား ဉာဏ်"

သူ မာမီ့ကို ဆတ်ခနဲ မော့ကြည့်မိလေသည်။ ရုတ်တရက် အဖြေက မရှိပေ။

"သား ဉာဏ်"

"မာမီ"

"မင်းမှာ ချစ်သူရှိနေလား၊ မာမီ့ကိုပြောပါ၊ မာမီက သား မနှစ်သက်တဲ့ မိန်းမနဲ့ အတင်းအကြပ်လက်ထပ်မပေးပါဘူး ရှယ်"

သားချစ်တာ မေမြတ်မဒီပါလို့ ပြောလိုက်လျှင် မာမီ့ရုတ်



www.burmeseclassic.com

www.burmeseclassic.com



တရက် အသက်ဝိဉာဉ် လွင့်စင်သွားနိုင်လေသည်။ သားတွေရဲ့ ဆန္ဒကိုသာ ဖြည့်ဆွမ်းပေးတတ်သောမာမီပါ။ ဉာဏ်သာဘယ်လို ဖြေရမှန်းပင် မသိပေ။ စင့်ကိုပဲ ရွေးချယ်လိုက်ရမလား။ ဖြစ်သင့်တယ်။ စင့်မှာက အပြစ်ဆို မြူမှုန်လေးပင် မရှိပေ။ သူဘာဖြစ်လို့များ တွေဝေနေရတာလဲ။ မေမြတ်မဒီကြောင့်များလား။

"သား ဉာဏ် ဖြေလေ၊ မင်းမှာ ချစ်သူရှိလား၊ မာမ့ိကို ပြောပါ၊ မာမီလက်ခံပါ့မယ်၊ သားဉာဏ်ရွေးချယ်တဲ့ မိန်းကလေးက ခပ်ညံ့ညံ့ထဲကတော့ မဖြစ်နိုင်ဘူးဆိုတာ မာမီယုံကြည်ပါတယ်ကွယ်"

မာမ့ိမျက်ဝန်းတွေနှင့် ရင်ဆိုင်ရမှာပင် ဉာဏ်သာဝန်လေးသွားရသည်။ မာမီက ဉာဏ်သာ့ကို သားကြီးထက် အထင်ကြီးခဲ့၏။ ပို၍ချစ်သည်။ လိမ္မာရေးခြားရှိလွန်းသော သားဟု မာမီက တဖွဖွ ပြောနေခဲ့၏။ ဉာဏ်သာနောက်ဆုတ်သင့်တယ်။ မေမြတ်မဒီကို မပေါင်းသင့်တော့ဘူး။

သူက ဒရိုင်ဘာလား ချမ်းသာကြွယ်ဝပြီး ပညာတတ်ယောကျ်ားတစ်ယောက်ပါ။ ဉာဏ်သာ့ရှုံးတော့မလား။ ဒီမိန်းမကို





မိန်းခေါ်ခဲ့တာကိုက ဉာဏ်သာကလေးဆန်တာပဲ။ ဒီမိန်းမကို ဉာဏ်သာ မုန်းတီးနေသင့်တယ်။ ကိုကို့ဘဝကို ဖျက်ဆီးပစ်ခဲ့တဲ့ မိန်းမပဲ။

"ပြောလေ ဉာဏ်သာ"

"မရှိပါဘူး မာမီ"

"မလိမ်နဲ့၊ မင်း စင့်ကိုဘာဖြစ်လို့ ငြင်းပယ်ချင်ရတာလဲ၊ ဒီလောက်ပြည့်စုံနေတာကို၊ မာမ့ိကို မလိမ်နဲ့ ဉာဏ်သာ၊ မင်းမှာ ချစ်သူရှိနေပြီ ထင်တယ်"

ဒေါ်သော်တာ နည်းနည်းတော့ စိုးရိမ်ပူပန်သွားရလေသည်။ သားဉာဏ်မှာ မိမိကို ထုတ်ဖော်မပြနိုင်လောက်အောင် ညံ့ဖျင်းတဲ့ချစ်သူ မိန်းကလေးရှိနေပြီလား။ သားတွေရဲ့အမူအကျင့်တွေကို မိမိအမြဲတမ်း ဂရုတစိုက် အကဲခတ်နေတာပဲ။

"ပြောပါ သားဉာဏ် မာမီလည်း ကူညီပြီး ရွေးချယ်ပေးပါ့မယ်"

"မရှိပါဘူး မာမီ"

"မရှိရင်"



www.burmeseclassic.com

www.burmeseclassic.com



“စင့်ကို မရွေးချယ်ဘူးလို့ သားမပြောရပါလား မာမီ”

“သားဉာဏ်”

“ခဏလေး စောင့်ပေးပါမာမီ၊ စင့်ကို လှေလာချင်လို့ပါ။ သားကို အချိန်လေးနည်းနည်းလောက်ပေးပါ”

“ဒါဆို မင်းစင့်နဲ့ရင်းနှီးအောင် သားနေပါ၊ စင်က တကယ့်ကို ပြည့်စုံတဲ့မိန်းကလေးလေ၊ မာမီစိတ်ချတယ်၊ စင့်ကို ရွေးချယ်လိုက်ရင် မာမီစိတ်အေးရပြီကွယ်၊ အမွေတွေ လွှဲပေးပြီး မာမီရိပ်သာမှာ နေလို့ရပြီပဲ”

ဉာဏ်သာရွေးချယ်သင့်တာလဲ ဖြူစင်ချိုပဲ။ မာမီရွေးချယ်တာ မမှားပါဘူး။ ဟုတ်တယ်။ ဉာဏ်သာ ဖြူစင်ချိုကိုပဲ ရွေးချယ်ရမယ်။ ဒီမိန်းမကို မေ့ပစ်လိုက်တော့မယ်။ အဓိပ္ပာယ်မရှိတဲ့ ခပ်ညှုံညှုံ အတွေးအခေါ်တွေနဲ့ မဖြစ်နိုင်တာတွေ သဘာဝမကျတာတွေကို ဉာဏ်သာလုပ်ခဲ့မိတယ်။ မင်းမိုက်မဲတာပဲ ဉာဏ်သာ။ မင်းအမေ့ကို မင်းအသေသတ်တော့မလား။ ဟုတ်တယ် ဒီမိန်းမနဲ့ အကင်းရှင်းဆုံး နေရမယ်။

“မာမီ”



“ပြော”

“စင်ကို သားအကဲခတ်ပါ့မယ်၊ စင်နဲ့အနီးကပ်ဆုံး နေပါ့မယ်၊ ဉာဏ်သာက မာမီ့သားအလိမ္မာ တစ်ယောက်ပဲ ဖြစ်စေရမယ်”

“သားဉာဏ်ရယ် မာမီ့ရင်ထဲမှာ အေးချမ်းသွားတာပဲ၊ ဖြစ်သင့်ပါတယ်လေ၊ မာမီက ဒီသားလေးတစ်ယောက်ပဲရှိတော့ သားငယ်သာ မလိမ္မာရင် မာမီသေမှာပဲ”

ဉာဏ်သာနောင်တတွေ ရနေမိလေသည်။ ရင်ထဲမှာပူလောင်နေရ၏။ သူ မိုက်မဲတာပဲ။ မမြတ်မဒီလို မိန်းမမျိုးနဲ့မှ ပတ်သက်ခဲ့တယ်။ တကယ့်ကို ညံ့ဖျင်းတဲ့အတွေးအခေါ်တွေပဲ။ မာမီအကြည့်တွေအောက်မှာ သူ့စိတ်တွေကို အတော်လေး တည်ငြိမ်အောင် ကြိုးစားနေရသည်။

“စင်ဆီသား သွားတွေ့မယ် မာမီ၊ စင်ကျောင်းကို သွားကြိုမယ်”

“ကောင်းတယ်သား စင်လေးက မာမီစံထားတဲ့ ချွေးမပဲ”

“ဟုတ်ကဲ့ပါ မာမီ”





www.burmeseclassic.com

www.burmeseclassic.com



စင့်ကို လက်ထပ်ပါ့မယ်ဟုတော့ သူ ကတိမပေးခဲ့ပေ။ စင်နဲ့ရင်းနှီးကျွမ်းဝင်အောင်တော့ နေရမယ်။ သူ့သံယောဇဉ်တွေကို တော့ စင်နဲ့ပဲ ငြိတွယ်စေရမယ်။ မာမီလည်း စိတ်ချမ်းသာမှာပါပဲ လေ။ သူပြင်ဆင်ပြီး စင်ရှိနေတဲ့ ကျောင်းကို ထွက်လာခဲ့မိလေသည်။

"ကိုညာဏ်သာဟာတော့ စင်အရမ်းအံ့သြသွားတာပဲ။ ဒီညနေ စင်တို့အိမ်လိုက်ပြီး ညစာစားပါလားဟင်"

စင့်ကို သူစူးစိုက်စွာ ကြည့်မိလေသည်။ သွယ်လျပြီး နုဖတ်အိစက်နေတဲ့ မိန်းကလေးပဲ။ သူ့ထက်သာလွန်တဲ့ ယောကျာ်း တစ်ယောက်ကို စင်ရနိုင်တာပဲ။ စင်မျက်ဝန်းလေးတွေက တည်ငြိမ် ဝင်းလဲ့နေသည်။ ယောကျာ်းတစ်ယောက်ကို အငမ်းမရ ရယူဖို့ ကြိုးစားမည့် မိန်းကလေး မဟုတ်ပေ။

"ကိုညာဏ်သာ"

"ဟင်"

"ဘာတွေ စဉ်းစားနေတာလဲဟင်၊ အန်တီသော်က စင့်ကို လက်ထပ်ရမယ်လို့ အတင်းအကြပ်ပြောနေလို့လားဟင်၊ စင့်ဘက် က ငြင်းပေးမှာပါ"





"မဟုတ်ဘူး စင်၊ မာမီက အတင်းအကြပ် မတိုက်တွန်း ပါဘူး၊ ကိုယ့်ဘက်က တွေဝေနေတာပါ"

"ရှင့်ချစ်သူကြောင့်လား၊ ကိုယ့်ချစ်သူကို ရွေးချယ်တာ ဘဝတစ်သက်တာအတွက် အကောင်းဆုံးရွေးချယ်မှုပဲလေ"

စင် မင်းအတွေးအခေါ်တွေ မြင့်လိုက်တာကွာ၊ ကိုယ့်ထက် ဆောင် အတွေးအခေါ်ရှိတာပါလား။ စင်မှာ တခြားမိန်းမတွေနဲ့ မတူတဲ့ အတွေးအခေါ်တွေ ရှိနေလေသည်။

"ကိုညာဏ်သာ"

"ဟင်"

"သွားမယ်လေ"

"အင်း"

"ဘယ်သွားမှာလဲဟင်"

"လော့လော့ဆယ်တော့ Coffee ဆိုင်လေးတစ်ဆိုင် ထိုင် ချင်တယ်"

"ကိုညာဏ်သာရွေးလေ၊ အမှန်အတိုင်း ဝန်ခံရရင်တော့ စင်က အဲဒီလိုဆိုင်မျိုးတွေမှာ မထိုင်ဖူးဘူး၊ မာမီတို့က မကြိုက်လို့

www.burmeseclassic.com

www.burmeseclassic.com



လေ၊ မာမီက အဲဒီလိုမိန်းကလေး မပီသတဲ့ အလုပ်တွေ လုပ်တာ လုံးဝလက်မခံဘူး''

''အခုရော''

''ကိုဉာဏ်သာရဲ့ဆန္ဒကို ဦးစားပေးတာပါ၊ ကိုဉာဏ်သာ စိတ်ညစ်နေတယ် မဟုတ်လား၊ ခေါင်းတွေ ပူနေတယ်ထင်လို့ပါ''

စင့်ကို ဉာဏ်သာကြည့်မိသည်။ စင့်အပြုံးလေး လင်းလက်အေးမြနေ၏။ သူ့ဆန္ဒကို ဖြည့်ဆည်းပေးတာပါတဲ့။ ကိုယ့် ပါရမီဖြည့်ဖက်လား။ ကိုယ့်ရင်တွေ ပူလောင်နေတယ် စင် ကိုယ့်ဒုက္ခကိုယ်ရှာခဲ့တာလေ။ မင်းကိုရင်ဖွင့်ပြချင်တယ်။ ဒါပေမဲ့ ကိုယ်ရှက်တယ်။ ခပ်ညံ့ညံ့အတွေးတွေနဲ့ ရူးကြောင်ကြောင် ကလေး ကလားအလုပ် ဖြစ်နေလို့ပဲ။

''သွားစို့လေ''

''စင်''

''ဟင်''

''ကိုယ်လေ''

''ဘာမှ မပြောပါနဲ့ဦးနော်၊ လောလောဆယ် Coffee ဆိုင်လေးပဲ ရွေးပါ၊ ဘယ်မှာထိုင်မလဲ''





''Coffee ပန်းနုရောင်''

''ဘယ်မှာလဲ''

''ကိုယ်လမ်းပြမယ်လေ''

''စင်နောက်က လိုက်ခဲ့မယ်''

စင်က သူမရဲ့ တန်ဘိုးကြီးမားလွန်းသော ကားကြီးပေါ် တက်ပြီး ကိုယ်တိုင်မောင်းပြီး ထွက်လေသည်။ ဒီဒီမင်းလည်း ချမ်းသာတာပါပဲ။ ဒါပေမယ့် စင့်လောက် မင်းမဖြုန်းစင်ပါဘူး။ ချမ်းသာတဲ့ စည်းစိမ်ချမ်းသာတွေက ယောကျ်ားတွေဆီ မြှုံခွယ် ဆွဲယောင်းပြီးမှ ပိုင်ဆိုင်ထားတာပဲ။ ငါ့အစ်ကိုတောင်ပါသေးတယ်။ သူ ကားပေါ်တက်ထိုင်ပြီး ရှေ့မှ မောင်းလာခဲ့သည်။

Coffee ပန်းနုရောင်သည် သူနှင့်မမြတ်မဒီ ထိုင်ခဲ့တဲ့ Coffee ဆိုင်လေးပဲ။ နှစ်ယောက်တည်း လွတ်လွတ်လပ်လပ်စကား ပြောနိုင်တဲ့ နေရာလေးပဲ။ Coffee ပန်းနုရောင် ဆိုင်ကလေးရှေ့မှာ သူကားကို ရပ်ပစ်လိုက်လေသည်။ စင်ကားလေးလည်း နောက်မှ ထိုးရပ်လာ၏။ Coffee ဆိုင်မှာ စင်မထိုင်တတ်တာ သိသာနေ

www.burmeseclassic.com



သည်။ ဖြူနုအိစက်ဝင်းနေတဲ့ စင်မျက်နှာလေးပေါ် ပန်းရောင်သွေးတာ သိသိသာသာ ဖြန်းနေ၏။ သူနှင့် ယှဉ်တွဲမပင်ဘဲ နောက်မှပဲ လိုက်လာခဲ့သည်။

"ကိုယ်တို့ သီးသန့်ခန်းလေးမှာပဲ ထိုင်ကြရအောင်နော် စင်"

"နှစ်ယောက်တည်းတော့ မဖြစ်ဘူးထင်တယ်နော်၊ စင် မထိုင်ချင်ဘူး၊ လူနည်းတာပဲ၊ ဟိုဖိုင်းလေးမှာပဲ ထိုင်မယ်လေ"

စင်က သီးသန့်ခန်းမှာ ထိုင်ဖို့ငြင်းဆန်နေပြီး ချောင်ကျကျ စားပွဲလေးမှာ ထိုင်ဖို့ပြောနေလေသည်။ မင်းအပြုအမူတွေက အထင်ကြီးလေးစားစရာပါပဲ စင်ရယ်။ အင်းလေ မင်းက ကိုယ့်ကို တန်ဘိုးထားတတ်တဲ့မိန်းမပဲ။ စင်နှင့်နေရတာ သူ့စိတ်တွေ သက်သာသလိုထင်ရပြီး အပျော်တွေပင် တိုးဝင်လာရလေသည်။



## အခန်း (၁၁)

ဒီဒီခြေလှမ်းလေးတွေ တုန့်ခနဲရပ်သွားရလေသည်။ Cof-fee ပန်းနုရောင်ထဲ ဝင်လိုက်သည်နှင့် အငွေ့အသက်တစ်ခုကြောင့် သူ့စိတ်တွေ တစ်မျိုးဖြစ်သွားပြီး ပတ်ဝန်းကျင်ကို အကြည့်တွင် စုံတွဲတစ်တွဲကို တွေ့လိုက်ရလေသည်။

"ဉာဏ်သာတို့အတွဲပါလား"

ဉာဏ်သာနှင့်အတူ တွဲထိုင်နေတဲ့ကောင်မလေးက ချောလိုက်တာ။ ငယ်ရွယ်နုဖတ်နေလေသည်။ ပုံစံလေးကြည့်လိုက်က တည်းက အရှမ်းချမ်းသာပြီး အဆင့်မြင့်မြင့် ကောင်မလေးမှန်း သိသာနေ၏။ ဖြူစင်ချိုထင်တယ်။ ဒီဒီမနာလိုဝန်တို ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

ဉာဏ်သာ မင်းက အကြည်ဆိုက်နေလိုက်တာ ကြည့်စမ်း။ မမကို အံရှုံးချစ်တယ်တဲ့။ မင်းပဲ ဟန်ဆောင်လိမ်ညာခဲ့တာပဲ ဉာဏ်သာ။ ဒီလိုပဲ ဟန်ဆောင်လိမ်ညာမယ်ဆိုတာ သိသိကြီးနဲ့ ဘာဖြစ်လို့ ခံစားနေရတာလဲ ဒီဒီ၊ နင်နဲ့ ဉာဏ်သာက စိန်ခေါ်ထားကြတာလေ။ ချစ်သူတွေမှ မဟုတ်တာပဲ။ အမုန်းဆုံးလူတွေ။

"ဘာများသုံးဆောင်မလဲ ခင်ဗျာ"

"ဟင်"

စားပွဲထိုးလေးကို သူမ ကြောင်၍ ကြည့်နေမိလေသည်။ ဉာဏ်သာနဲ့ ထိုင်နေကျ Coffee ဆိုင်လေးဖြစ်၍ သတိရတာနှင့် ဝင်လာခဲ့မိခြင်းပင်။ ဉာဏ်သာအလုပ် လာမဆင်းပေ။ ဒီဒီနေလို့မရ။ တစ်စုံတစ်ခု လိုအပ်နေသလို ဖြစ်နေလေသည်။

"ဒီမှာ"

"ဟင်"

"ဘာမှာမလဲ ခင်ဗျာ"

"ဩော် Coffee ပဲ ပေးပါ"





"ဟုတ်ကဲ့"

ဒီဒီ့စိတ်တွေ ဆောက်တည်ရာမရအောင် နာကျင်ခံပြင်းနေရသည်။ ဉာဏ်သာ တမင်လာတာပဲ။ ဒီဒီ့ကို နာကျင်အောင်လုပ်ဖို့ လေ။

"ခင်ဗျား ကျုပ်ကို ချစ်သွားစေရမယ်၊ ခင်ဗျားနှလုံးသား ... နာကျင်ကျေကွဲစေရမယ်၊ ခင်ဗျားအသက်တောင် ကျုပ်က ...ယူခြေမွပစ်ချင်တာ"

သူမနှုတ်ခမ်းသားလေးကို တင်းကြပ်စွာ ဖိကိုက်ထားမိလေသည်။ ဉာဏ်သာနှင့်ပတ်သက်ပြီး သူမအလွန်အမင်း ခံစားနေရ၏။ ...သတွေ ပေါက်ကွဲချင်လာသည်။ ဒီဒီ နင့်စိတ်တွေကို ထိန်းစမ်း။ ...ကောင်လေးက တန်းတန်းစွဲဖြစ်နေစေရမယ်။ ဒီဒီ စိတ်ကိုထိန်း ...သည်။ ဉာဏ်သာကောင်မလေးက ချောလိုက်တာ။ နင်ရွေး ...မှာ ဖြူစင်ချိုပဲ မဟုတ်လား။ နင့်မာမီသဘောကျတဲ့ ချွေးမလေ။ ...တမ်း အကောင်းဆုံးတွေကိုသာ ပေးဆပ်ချင်တဲ့နင့်မာမီရဲ့ ...ယ်မှုက အရာအားလုံး အကောင်းဆုံးဖြစ်နေမှာပါ ဉာဏ်သာ။ ...ကြည့်တွေက ဉာဏ်သာတို့အတွဲဆီ စူးစိုက်နေသည်။ လွှဲဖယ်



www.burmeseclassic.com

www.burmeseclassic.com



မရ။ ဉာဏ်သာ့ကို လက်လွှတ်ဆုံးရှုံးရမှာ မလိုလားနိုင်အောင် ဖြစ်နေသည်။

"ကိုယ်ရှုံးပြီထင်တယ် မမ၊ ကိုယ်တကယ်ပဲ မမကို ချစ်နေမိပြီထင်တယ်"

ချိုမြိန်တဲ့ အနမ်းလေးတွေ ဉာဏ်သာ့ရင်ခွင်ရဲ့ နွေးထွေးလှိုက်ဖိုမိသော နာရီစက္ကန့်လေးတွေကို အမှတ်တရရှိနေသေးသည်။ ဒီဒီ မေ့ပျောက်ဖြစ်လို့ မရပေ။ မာကျောတဲ့ ဒီဒီစိတ်တွေ ဘယ်လိုဖြစ်၍ ပျော့ညံ့ချင်ရတာလဲ။ စိတ်တွေကို ထိန်းစမ်းပါ မေမြတ်မဒီရယ်။ သူမ Coffee ကိုသောက်ပြီး ထဖို့ပြင်လိုက်သည်။ ခုနှာကိုယ်က မကြွပေ။

ဉာဏ်သာတို့အတွဲနားသွားပြီး တစ်စုံတစ်ခုပြုလုပ်ပစ်ချင်နေ၏။ ဉာဏ်သာ မင်းဒီလိုပျော်ရွှင်ကြည်နူးနေတာ ငါ လုံးဝမခံနိုင်ဘူးနော်။ သူမ ထလိုက်သည်။ ဉာဏ်သာတို့အတွဲနား ဘယ်လိုရောက်သွားမှန်းပင် မသိပေ။

"ဉာဏ်သာ"

"ဟင်"





မေမြတ်မဒီကို တွေ့လိုက်ရတော့ ဉာဏ်သာအထိတ်တလန့်ဖြစ်သွားရလေသည်။

"ဖြူစင်ချိုလား"

"ဟုတ်တယ်လေ မမ"

"အရမ်းချစ်စရာကောင်းတဲ့ မိန်းကလေးပဲ"

မမတွေ့သွားတာပဲ ကောင်းပါတယ်လေ။ ဉာဏ်သာ ဒီဒီကို ကင်းကင်းရှင်းရှင်းပဲ နေတော့မယ်။ သူနှင့် လက်ထပ်မယ့်မိန်းကလေးကို ဖြူစင်ချိုပဲဖြစ်စေရမယ်။

သူ့ဆန္ဒက ဒီဒီဆိုတဲ့ မိန်းမကို နာကျင်ကြေကွဲစေချင်တာပဲမဟုတ်လား။

"မမနဲ့ မိတ်ဆက်ပေးဦးလေ ဉာဏ်သာ"

"စင် ဒါက မေမြတ်မဒီတဲ့ မမလေ အောင်မြင်နေတဲ့ ထုမ္မဏီကြီးတစ်ခုကို ဦးဆောင်နေတာပါ။ စင်လေ မမ ဉာဏ်သာနဲ့ လက်ထပ်မှာ"

"သိပါတယ်လေ၊ မကြွားပါနဲ့ ဉာဏ်သာ၊ အရမ်းကိုလိုက်ဖက်တဲ့ အတွဲပဲ၊ စင်လေးက အရမ်းချောမောတဲ့ သတို့သမီးလေး



www.burmeseclassic.com

www.burmeseclassic.com



ပါပဲ"

"မမက အရမ်းမြှောက်နေပြန်ပါပြီနော်၊ မမကသာ အရမ်းပဲ စွဲဆောင်မှုရှိလွန်းတဲ့ မိန်းမပါနော်"

ဉာဏ်သာ့စွဲလမ်းနှစ်သက်နေတာ မမများဖြစ်နေမလားပဲ။ နှစ်ယောက်လုံးရဲ့ မျက်ဝန်းအရိပ်တွေက တစ်မျိုးပဲ ထင်တယ်။ ရီဝေကြေကွဲနေလေသည်။ ဖြစ်နိုင်တာပဲ။ မမက အရမ်းကျက်သရေရှိနေ၏။ ယောကျ်ားတစ်ယောက်ကို ဆွဲဆောင်နိုင်လွန်းသည်။ ကိုဉာဏ်သာကရော ဘာဖြစ်လို့ သူ့မကို လက်ထပ်မယ့်မိန်းကလေးလို့ မိတ်ဆက်ပေးရတာလဲ။

မမမျက်ဝန်းတွေ မှေးမှိန်ရီဝေသွားတာ စင်သတိထားမိနေလေသည်။

"ဉာဏ်သာ"

"ဗျာ"

"လာခဲ့ဦးလေ"

"ဟုတ်ကဲ့"

"မင်းလာမယ်ထင်ပြီး မမကအမြဲတမ်း မျှော်နေတာပဲ





လေ"

ဉာဏ်သာ့မျက်ဝန်းတွေထဲ တိုးဖောက်ဝင်ရောက်တော့မတတ် ကြည့်ပစ်လိုက်လေသည်။ ဉာဏ်သာရယ် မမလည်း အရှုံးပေးရတော့မယ်ထင်တယ်။ မင်းကို မမအရမ်းပဲ ချစ်မိနေပြီ။ ဉာဏ်သာက သူ့အကြည့်တွေကို ရှောင်ရှားနေသည်။ ခံပြင်းစရာပဲ။ ငါက အချစ်ကံခေသူပါ ဉာဏ်သာ။ မင်းစိန်ခေါ်ခဲ့တာပဲ။ ငါ့ဘဝကို ဖျက်ဆီးချိုးနှိမ်ဖို့ လာတာပဲ မဟုတ်လား။

"မင်းတို့ ကောင်းကောင်းစကားပြောကြပါကွယ်၊ မမလည်း ပြန်တော့မယ်လေ စင်၊ ဉာဏ်သာ့ကို ခင်ပွန်းအဖြစ် လက်ထပ်ခွင့်ရတာ ကံကောင်းတဲ့ မိန်းကလေးပါပဲကွယ်"

မေမြတ်မဒီရဲ့ အသံတွေ ကြေကွဲနေတာ၊ မျက်ဝန်းတွေ ကြေကွဲရီဝေနေတာတွေ ဉာဏ်သာ သတိထားမိလိုက်သည်။ မမလည်း ဉာဏ်သာ့ကို ချစ်နေပြီမဟုတ်လား။ ဉာဏ်သာ အဲဒီလို မဖြစ်ချင်ခဲ့တာပါ။

ခင်ဗျားကြေကွဲခံစားနေတာ ကျုပ်အဖြစ်ချင်ဆုံးပဲ ကိုယ့်အတွက် ခင်ဗျားပေးဆပ်ရမယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဉာဏ်သာ"

"ဟင်"

"ဘာများလဲ စင်"

"ရှင့်အချစ်ဆုံးဆိုတာလေ"

စင်က ပြုံးနေလေသည်။ သူဝန်ခံရမလိုဖြစ်နေ၏။ စင့်ကို အားနာစွာဖြင့် ကြည့်မိသည်။

"မာမီသဘောတူမှာ မဟုတ်ဘူး၊ ကိုယ်စောစောစီးစီးပဲ ထိန်းချုပ်လိုက်တာ အကောင်းဆုံးဖြစ်မယ် ထင်တယ်"

"မမက မာနကြီးမယ့်ပုံပဲနော်၊ ဘာပဲဖြစ်ဖြစ် ကိုယ်ချစ်မြတ်နိုးတဲ့မိန်းမကိုပဲ ရွေးချယ်လိုက်ပါ ကိုဉာဏ်သာ"

"ဆောရီးပဲစင်"

"စင့်ကို ရှင့်အမျိုးသမီးအဖြစ် မိတ်ဆက်ပေးလိုက်လို့လား ဟင်"

"အင်း"

"ရပါတယ်လေ စင်နားလည်ပေးနိုင်ပါတယ်၊ အန်တီသော်နဲ့ ညှိကြည့်ပါဦးလား၊ စင်တယ်လိုကူညီရမလဲဟင်"



"ကိုယ် တွေဝေနေတယ်ထင်တယ်၊ မမက ကိုယ်အဝေးဆုံးမှာနေသင့်တာပဲ စင်ရယ်၊ ကိုယ်ရင်ခုန်ခဲ့တာတော့ ဝန်ခံပါတယ်၊ အခု ကိုယ်လက်ထပ်သင့်တဲ့မိန်းမတစ်ယောက်တော့ မဟုတ်ဘူး"

"ကိုဉာဏ်သာ့ဘဝတစ်သက်တာလုံး စိတ်နာကျင်မှုတွေ ခံစားနေရလိမ့်မယ်၊ စင့်ဒက်ဒီလည်း ဒီလိုပဲ ခံစားနေခဲ့ရတယ်၊ ကြားကနေတန်ဆာခံက မာမီလေ"

စင်ကတော့ ကိုဉာဏ်သာ့ဆန္ဒအတိုင်းပဲ ဖြစ်စေချင်လေသည်။ စင်မာမီလို ခံစားရမှာ ကြောက်တယ်။ ကိုယ့်ကို မချစ်မနှစ်သက်ပဲ ကိုယ့်အနားမှာနေပြီး တခြားမိန်းမတစ်ယောက်ကို တမ်းတနေတာမျိုး စင် မုန်းတီးခါးသည်းနေမိလေသည်။

"မမက အရည်အချင်းရှိတာပဲ ကိုဉာဏ်သာ၊ အရမ်းညင်းချောတာပဲ၊ အန်တီသော်က လက်ခံမနိုင်စရာ မရှိပါဘူး"

"မဖြစ်ဘူး စင်၊ မမကို ကိုယ်ရွေးချယ်ရင် မာမီသေမှာပဲ"

"ဘာဖြစ်လို့လဲဟင်"

"စင် မသိတာတွေ အများကြီးရှိနေတယ်၊ ကိုယ်တို့



www.burmeseclassic.com

www.burmeseclassic.com



မာမို့ဆန္ဒက အဓိကထားချင်တယ်''

''စင်ကတော့ ပြတ်သားတာ ကြိုက်တယ် ကိုညာဏ်သ

ကို စင် မရွေးချယ်ချင်ပါဘူး၊ စင်လက်ထပ်မယ့် ဘဝလက်တွဲဖေ

က စင့်ကိုပဲ ချစ်ခင်နှစ်သက်မြတ်နိုးနေတဲ့ ယောကျ်ားပဲဖြစ်ရမယ်

လေ''

သူ ညုံ့ဖျင်းတာပဲ ယောကျ်ားတစ်ယောက်ဖြစ်ပြီး တွေ

နေတယ်၊၊ မပြတ်သားဘူး မေမြတ်မဒီက သူပတ်သက်ဆက်ဆံ

မဖြစ်နိုင်တဲ့ မိန်းမပဲ။ ကိုယ်ဒီလို အပြုအမူတွေလုပ်ခဲ့တယ်ဆိုတာ

စင်သိသွားရင်တောင် ကိုယ့်ကို အထင်သေးမှာပါပဲ။ ဒါ

ယောကျ်ားတစ်ယောက်ရဲ့ ခပ်ညံ့ညံ့အတွေးအခေါ်ဆိုတာ ကို

တဖြည်းဖြည်းသိလာပြီ။

''စိတ်ညစ်စရာတွေ ခဏလောက်မေ့ထားလိုက်

အောင်နော်၊ လူ့ဘဝဆိုတာ ခဏလေးပဲ ရောက်လာကြရတာ

တကယ့်ကို ခဏလေးနော်၊ စင် ဘိုးဘိုးဆို အသက်ကိုးဆယ်ကျော်

နေသွားရတာ၊ အခုဆုံးသွားပြီ၊ အသက် (၉၀) ဆယ်ကျော်ဆို

လည်း ခဏလေးပါပဲ''





စင်က တရားသဘောလည်း သိသူပင် မင်းအရာရာပြည့်စုံ လွန်းနေတာပါပဲ စင်။ ကိုယ်လက်ထပ်သင့်ပါတယ်။ ကိုယ်ဘာတွေ တွေဝေနေမှန်းမသိဘူး။ တကယ်ဆို ကိုယ်ရင်ခုန်နေတဲ့ မိန်းမက ကိုယ် အမုန်းဆုံးပဲ။ ကိုကို့ကို သတ်တဲ့မိန်းမ ကိုယ်ရူးနေပြီ။ ကြောင်နေတယ်ထင်တယ်။

''စင်က ကော်ဖီအေးပဲကြိုက်တယ်၊ ကိုညာဏ်သာရော ဟင် စင်၊ ကတ်ကြေးကိုက်စားမယ်၊ ရှင်စားချင်တာမှာလေ''

ဟုတ်သားပဲ ကိုယ်တို့နှစ်ယောက်လုံး ဘာစားစရာမှ မမှာရ သေးဘူးနော်။ မမရောက်လာတော့ ကိုယ် ရင်ပြည့်သွားသလိုပဲ။ စင့်ကို ဒုက္ခပေးသလိုဖြစ်နေပြီ ထင်တယ်။ ကိုယ် ဘာမှမမှာတော့ဘူး ဆိုတော့ စင်က ပြုံးပြီး ရပါတယ်တဲ့။ ကော်ဖီအေးနှင့် ကတ်ကြေး ကိုက်ကို အားပါးတရ စားနေတော့သည်။ လူ့လောကကြီးထဲမှာ စင့်လို ကိုယ်နေတတ်ချင်တယ်။ လူ့လောကကြီးထဲမှာ ခဏလေး ရောက်လာရတာ အပူသောကတွေ မသယ်ဆောင်ချင်ဘူးကွာ။ ကိုယ့်ရဲ့ပျော်ရွှင်ချမ်းမြေ့မှုတွေ မမကြောင့် ပျောက်ကွယ်သွားရတာပါ ပဲ။



www.burmeseclassic.com

www.burmeseclassic.com



“စင့်ကို မရွေးချယ်လို့ စင်ဘာမှ မဖြစ်ဘူးနော်၊ စိတ်ညစ် မနေပါနဲ့၊ ခေါင်းအေးအေးထားပြီး လုပ်ရင်အားလုံး အဆင်ပြေသွားမှာပါ”

“စင်”

“ပြော”

“ကိုယ် စင့်ကို မရွေးချယ်ရင် မာမီစိတ်သောကတွေ အရမ်းခံစားရမှာပဲ”

“စင့်ကို မရွေးချယ်ပါနဲ့၊ အရေးကြီးတာက ရှင်မြတ်နိုးမဲ့ မိန်းမတစ်ယောက်ကိုပဲ ရွေးချယ်ပါ ကိုညဏ်သာ့မာမီက ဘယ်အထိ လူ့လောကကြီးထဲမှာ အသက်ရှင်နေနိုင်မလဲ၊ ရှင့်ဘဝတစ်သက်တာ လုံးနော်၊ စိတ်သောကတွေနဲ့ လူ့လောကကြီးကို မဖြတ်သန်းပါနဲ့”

စင့်ကို သူ အံ့သြစွာကြည့်နေမိလေသည်။ ကိုယ့်ထက်ငယ်ပေမယ့် မင်းအတွေးအခေါ်တွေက မြင့်နေ၏။ စင့်ကိုတော့ သူ အထင်ကြီး မိနေလေသည်။

❦ ❦ ❦



## အခန်း (၁၂)

ညဏ်သာ မင်းဒီလိုလုပ်လို့ မရဘူးလေ။ ငါ အရှုံးမခံနိုင်ဘူး။ မင်းက ငါ့ကို စိန်ခေါ်တာပဲ။ မင်း အစ်ကိုရော မင်းကိုရော ငါ အရှုံးမခံနိုင်ဘူး။ မင်းကို နိုင်ရမယ်။ ငါနိုင်မှဖြစ်မယ်နော်။ အေးချမ်းနေတဲ့ ငါ့ဘဝလေးကို လှုပ်ခတ်နာကျင်အောင် မင်းလာလုပ်တာပဲ။ ငါမကျေနပ်နိုင်ဘူး ညဏ်သာ။ မနာလို ဝန်တိုစိတ်တွေက သူမ နှလုံးသားတွေကို နာကျင်နေလေသည်။ ဆောက်တည်ရာမရအောင် ဖြစ်နေရ၏။

ညဏ်သာ မင်းကို ငါအရှုံးမပေးနိုင်ဘူး။ မင်း ငါ့ကို အရှုံးအမှုး လက်ထပ်ချင်နေရမယ်။ မင်းမာမီ မုန်းတီးတဲ့ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



ချွေးမတော်ရမယ်။ ဒီဒီ ဒေါသတွေ ပေါက်ကွဲနေတော့သည်။ ညာဏ်သာ့ဆီ ဖုန်းဆက်လိုက်၏။ ညာဏ်သာနှင့်ပတ်သက်ပြီး သူ့စိတ်တွေ အတိုင်းအဆမရှိအောင် လှုပ်ခတ်နေလေသည်။

"ညာဏ်သာ မင်း မမကို လာတွေ့ပါ၊ မင်းနဲ့ စကားပြော ချင်တယ်၊ မင်း မမကိုလာတွေ့ဖြစ်အောင် လာတွေ့ပါ"

"မမ"

"ဟင်"

"ကိုယ် နိုင်ပြီထင်တယ်"

"ပွဲက မပြီးသေးဘူးလေ ညာဏ်သာ"

"ကိုယ့်ကို မေ့ပစ်လိုက်ပါတော့ မမ"

"ဘာပြောတယ်"

"ကိုယ်နဲ့မမက ချစ်သူတွေ မဖြစ်နိုင်ပါဘူးနော်၊ ရန်သူ တွေလေ၊ ဒါပေမယ့် ကိုယ်မမကို အနိုင်မယူပါဘူး၊ အရှုံး ပေးလိုက်ပါတယ်"

"ညာဏ်သာ မင်း အနိုင်နဲ့ပိုင်းလို့ မရဘူးနော်၊ မင်း မမကို လာတွေ့ပါ"





"ကိုယ် စင်နဲ့ လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီ၊ မာမီ့ကိုလည်း စင်နဲ့ လက်ထပ်ဖို့ စီစဉ်ပါတော့လို့ ပြောလိုက်ပြီ"

"ညာဏ်သာရယ်"

ညာဏ်သာနှင့် ဝေးရမည်ဆိုသော အတွေးကို ဒီဒီ ဘယ်လို မှ မခံစားနိုင်အောင် ဖြစ်သွားရလေသည်။ ဒီဒီ နင်ဘယ်လိုဖြစ်နေ တာလဲ။ ညာဏ်သာဆိုတဲ့ကောင်က နင့်ဘဝကို ဖျက်ဆီးပစ်မယ့် ကောင်ပဲ။

"မင်း မင်း မမကို လာတွေ့ပါညာဏ်သာ၊ မမကို ခဏလေးဖြစ်ဖြစ် လာတွေ့ပါ"

ညာဏ်သာ မင်းဒီလိုလုပ်လို့မ ဖြစ်ဘူးလေ။ မမအနိုင်မယူ ချင်ပါဘူး။ အရှုံးပေးချင်နေတာပါ။ ညာဏ်သာ ဘယ်သူ့ကိုမှ လက်မထပ်ပါနဲ့။ ဖြူစင်ချိုဆိုတဲ့ မိန်းမကို လက်မထပ်ရဘူး။ ငါ သုံးဝ လက်မခံနိုင်ဘူးနော်။ နှောင့်ယှက်ဟန့်တားရမှာပဲ။

ညာဏ်သာရောက်မလာမချင်း ဖုန်းဆက်မှာပဲ။ ငါ့ကို ဒီလို လုပ်ပါနဲ့။ မင်းအစ်ကိုက ငါ့ကို မတရားလုပ်ခဲ့တာပါ။ မင်းကို ပြောပြရမယ်။ ငါပြောပြရမှာပဲ။ မင်းကို ငါလက်လွှတ်မခံနိုင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်သာ။

"တီ တီ"

"ဟင်"

ဉာဏ်သာလာပြီပဲ။ ဒီဒီ ဝမ်းသာလိုက်တာကွာ။ ဒီဒီ ကလေးတစ်ယောက်လို အပြေးကလေး ထွက်လာခဲ့မိသည်။ ဉာဏ်သာ့ကားနား ရောက်သွား၏။ ဉာဏ်သာမျက်နှာပေါ်မှာ အပြုံး အရယ် ကင်းမဲ့နေသည်။

"ဉာဏ်သာ"

"ကိုယ့်ကို ဘာပြောစရာရှိလို့လဲ မမ"

ဉာဏ်သာဆုံးဖြတ်ချက်တစ်ခုကို နိုင်မာစွာ ချပစ်လိုက်လေသည်။ စင့်ကိုပဲ လက်ထပ်မည်ဟုပင် မေမြတ်မဒီကို ရွေးချယ်လို့ မဖြစ်ပေ။ မမကို ချစ်မိသွားလို့ မဖြစ်တာပါ။ ဉာဏ်သာ ဆုံးဖြတ်ချက်တစ်ခုကို အနိုင်အမာဆုံးဖြတ်မှ ဖြစ်တော့မည်။

"ဉာဏ်သာ"

"ပြောပါ မမ"

"လာလေ၊ မင်းကို အကျိုးအကြောင်း ရှင်းပြစရာလေး





တစ်ခုရှိနေတယ်လေ"

ဉာဏ်သာ့လက်ကို ဆုပ်ကိုင်ဆွဲယူကာ လသာဆောင်အထိ ခေါ်ဆောင်လာခဲ့လေသည်။ အသင့်ခင်းကျင်းပြင်ဆင်ထားတဲ့ စားပွဲမှာ ထိုင်စေ၏။ ဒီဒီ နှုတ်ပြုံးယဲ့ရွှယ်စေပြီး စင်ဆိုတဲ့မိန်းကလေးကို ချစ်နိုင်ရန် ဂျင်းဘောင်းဘီရှေ့ပင်နီလေးနှင့် စပို့ရှပ်လက်ပြတ် အနက်ရောင်လေးကို ဝတ်ဆင်ထားသည်။ ဖြူနုဝင်းမှည့်နေသော အသားအရည်က ထင်းနေသည်။ ဒီဒီ အမြဲတမ်း ဝတ်နေကျ အိမ်ခြွေသိုက်ကွာ ရှိလွန်းသော ချိတ်ထမီနှင့် အင်္ကျီလက်ရှည်လေးက သူ့မအသက်အရွယ်ကို ကြီးရင့်သွားစေမည်စိုး၍ ကလေးဆန်ဆန် ဝတ်ဆင်ထားမိတာတော့ ဉာဏ်သာ့ရှေ့မှာ နည်းနည်းတော့ မျက်နှာပူနွေးနေမိလေသည်။

"မမ"

"ဟင်"

"ပြောပါ မမ၊ ကိုယ့်မှာ အချိန်သိပ်မရှိတော့ဘူး၊ စင်နဲ့လက်ထပ်တော့မယ့်ကိစ္စရှိသေးလို့ပါ"

ကိုယ့်နှလုံးသားတွေထဲမှာ မင်းစိုးမိုးနေတာ ကိုယ်လက်ခံ



www.burmeseclassic.com

www.burmeseclassic.com



လို့ မဖြစ်လို့ပါ မမရယ်။ ကိုယ် အရမ်းမုန်းတီးပြီး ကိုကို့အတွက် လက်စားချေလိုခဲ့ပေမယ့် ကိုယ့်နှလုံးသားတွေက မင်းကို ချစ်မိနေတယ်။ မင်းက အလကားမိန်းမပါ။ ယောက်ျားတွေကို မြူဆွယ်ဖြားယောင်းပြီး အပိုင်ချိုင်တတ်တာပဲ။ ကိုယ့်အစ်ကိုလည်း မင်းမာယာညွှတ်ကွင်းထဲ သက်ဆင်းခဲ့မိသေးတာပဲလေ။ ဉာဏ်သာ စင့်ကိုဖဲ့လက်ထပ်မယ်။ မာမီရွေးချယ်တဲ့ မိန်းကလေးက သူ့ဘဝတစ်သက်တာအတွက် အကောင်းဆုံးပဲလေ။ ကြာရင် မေမြတ်မဒီကို သူ့အလွန်အမင်း စွဲလမ်းနှစ်သက်သွားမိတော့မယ်ထင်တယ်။ လူ့စိတ်ဆိုတာ တစ်မျိုးပဲ မဖြစ်နိုင်တာကိုမှ စိတ်ဝင်စားတာ။ မလုပ်သင့်တဲ့ အလုပ်ကိုမှ လုပ်ပစ်ချင်တာ။ မချစ်သင့်ဘူးဆိုတဲ့ သူကိုမှ အရူးအမူး ချစ်မြတ်နိုးချင်တာပါပဲ။

"ဒီစာချုပ်ကို ကြည့်ပါဦး ဉာဏ်သာ"

"ဟင်"

မမကမ်းပေးသော စာချုပ်ကို သူကြည့်လိုက်တော့ မေမြတ်မဒီရဲ့ မိဘတွေက တစ်ဦးတည်းသော သမီးလေးအား အမွေတွေ လွှဲပြောင်းပေးအပ်လိုက်ခြင်းပင်။ အမွေတွေက တော်တော်လေး





ပြားနေသည်။

"မမရဲ့ စည်းစိမ်ချမ်းသာတွေဟာ ဘယ်ယောကျ်ားဆီကမှ ယောင်းသွေးဆောင်ယူထားတာ မဟုတ်ပါဘူး ဉာဏ်သာ၊ မင်းကိုကတောင် မမဆီက လိမ်ညာလှည့်ဖြားယူခဲ့တာပါ"

"ဗျာ"

မဖြစ်နိုင်တာပဲ။ ကိုကိုလည်း ချမ်းသာကြွယ်ဝတာပဲ။ ကြီးက အရင်းအနှီးတွေပေးထားတာပဲ။ မေမြတ်မဒီဘာတွေ ပြောနေတာလဲ။ ဉာဏ်သာ မယုံကြည်နိုင်စွာ ကြည့်နေမိသည်။ သူ့ အကြည့်ဆုံမိတိုင်း ကောက်ကျစ်ယုတ်မာသော အရိပ်အငွေ့ကို ဉာဏ်သာမခံစားခဲ့ရ။ မမမျက်ဝန်းလေးတွေ ရီဝေစိုစွတ် နေလေသည်။

"ဉာဏ်သာ မင်းမယုံဘူးမဟုတ်လား၊ ဒီမှာ မင်းအစ်ကို ခဲ့တဲ့စာလေ"

စာထဲမှာက ငွေသိန်းငါးရာတောင်းထားသောစာ ဖြစ်နေ ည်။ ကိုကို့လက်ရေးပဲ။ သူသိနေ၏။ ကိုကို့ထိုးမြဲလက်မှတ်က ရှားနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



“သူ လုပ်ငန်းတွေ လုပ်မယ်ဆိုလို့ မမပေးခဲ့တာပါ။ သူက မမကို အရမ်းချစ်ပြီး အရမ်းမြတ်နိုးလိမ့်မယ်လို့ မမထင်ထားခဲ့မိတယ်လေ၊ အဲဒါ မမအမှားပဲ”

“ဗျာ”

“မင်းတို့ ထင်ထားတာက တစ်မျိုးပဲမဟုတ်လား”

“ဟို ဟို မမဓာတ်ပုံကြီးက ကိုကို့အိပ်ခန်းထဲမှာ အမြတ်တနိုး ရှိနေခဲ့တာပဲ”

“အင်း သူ မမကို ချစ်ချင်လည်း ချစ်နေမှာပါလေ ဒါပေမဲ့ မမအပေါ်တော့ သစ္စာမဲ့ခဲ့တယ်”

“ဗျာ”

“မမဆီကငွေတွေ လိမ်ညာလှည့်ဖြား တောင်းယူပြီး နောက်ထပ် ကောင်မငယ်ငယ်လေးကို ပေးနေတယ်”

“မဖြစ်နိုင်တာဘဲ၊ မာမီက စည်းစနစ်ကြီးကြီးနဲ့ ကိုယ်တို့ ညီအစ်ကိုကို အုပ်ချုပ်ခဲ့တာပါ၊ ကိုကို့မှာ ဒီလိုလုပ်စရာ ဘာ အကြောင်းမှ မရှိဘူး”

“မသိဘူးလေ ညဏ်သာ၊ မမထက် ညှို့ယူဖမ်းစားနိုင်တဲ့





ကောင်မလေးတစ်ယောက်ပဲ ဖြစ်မှာပါ၊ နောက်ဆုံး မမနဲ့ သူ ပြောခဲ့ကြတဲ့ စကားတွေကို အသံဖမ်းထားတယ်၊ မင်း နားထောင်ကြည့်လေ”

ညဏ်သာ ဘာမှနားမလည်နိုင်စွာ မမကို ငေးကြောင်စွာ ကြည့်မိနေလေသည်။ ဘယ်လိုဖြစ်သွားရတာလဲ။ ကိုကို့အသံက ထွက်ပေါ်လာ၏။ တကယ့်ကိုပဲ ကိုကို့အသံစစ်ပါ။ မမမျက်ဝန်းတွေထဲမှာ ဒေါသအရောင်တွေ ရုတ်ခြည်းဆို ဝင်ရောက်ဖုံးလွှမ်းသွားရသည်။

“ဒီဒီ မင်းကို မောင်ချစ်ပါတယ်၊ ဒါပေမဲ့ မင်းထက် မောင့်ကို ဆွဲဆောင်ညှို့ယူဖမ်းစားနိုင်တဲ့ မာယာကို မောင်ပိုချစ်သွားမိတယ်၊ ကိုယ် တောင်းပန်ပါတယ်လေ၊ ကိုယ်တို့ လမ်းခွဲကြစို့ မောင်”

“မောင် ဘာလုပ်တာလဲ၊ ဒီဒီဆီက မောင်ယူထားတဲ့ငွေ တွေရော ဟိုဟာမလေးဆီ ရောက်သွားပြီလား၊ မောင် ဘာဖြစ်လို့ ဒီအပေါ် သစ္စာမဲ့ရတာလဲဟင်၊ ဒီကောင်မလေးကို အဆက်ဖြတ် လိုက်ပါတော့နော်၊ ဒီဒီတို့ လက်ထပ်ကြမယ်၊ ဖြစ်ပြီးခဲ့တာတွေကို

www.burmeseclassic.com



ဒီဒီ အားလုံးနားလည်ခွင့်လွှတ်ပေးနိုင်ပါတယ်''

''မဖြစ်တော့ဘူး ဒီဒီ၊ မောင်တို့ လမ်းခွဲကြရမှာပဲ၊ မာယာ
က မောင့်နှလုံးသားတွေကို စိုးမိုးသွားပြီ၊ မောင် ဒီဒီ့ကို ချစ်နေ
ပါပဲကွာ၊ ဒါပေမဲ့ မာယာ့ကိုပဲ မောင် လက်ထပ်ယူဖို့ ဆုံးဖြတ်လိုက်
ပြီလေ''

''မောင်''

ဒီဒီ့အသံက ရှုးသွပ်စွာ ပေါက်ကွဲလွင့်စင်သွားရလေသည်
ငွေကြေးဥစ္စာတွေ ဆုံးရှုံးသွားပါစေ၊ မောင့်ကို မခွဲနိုင်ဘူးဟု အော်
ပြောဆိုနေမိ၏။ မောင်က အေးအေးစွာ လမ်းခွဲစကားကိုပဲ ဆို
သည်။

''မာမီကလည်း မာယာကို သဘောတူမှာမဟုတ်
ဒီဒီ၊ မင်းက ကိုယ့်စည်းစိမ်ဥစ္စာတွေ မက်မောတာလို့ ကိုယ်ပြော
ခဲ့တယ်၊ မင်းက သစ္စာမဲ့တယ်လို့ ကိုယ်ပြောခဲ့တယ်၊ မောင်
နားလည်ပေးပါ၊ မင်းကို ခုတုံးလုပ်တာပဲပြောပြော ကိုယ် မာယာ့
လက်ထပ် ချင်လို့ပါ''

''ရှင် ရှင် အရူးပဲ၊ လူယုတ်မာ၊ ကျွန်မဆီက စည်း





ဥစ္စာတွေ ဖြားယောင်းသွေးဆောင်ယူပြီး ဖောက်ပြန်တယ်၊ ထွက်သွား
တော့၊ ကျွန်မရှေ့ကနေ ရှင် ထွက်သွားပါ၊ ကျွန်မ ရှင့်ကို သတ်ပစ်
မိလိမ့်မယ်''

''ခွင့်လွှတ်ပါ ဒီဒီ၊ ကိုယ့်ကို မနှောင့်ယှက်ပါနဲ့၊ ကိုယ်
အရာအားလုံးကို တောင်းပန်ပါတယ်၊ မာယာက ကိုယ့်နှလုံးသား
တွေကို ညို့ယူဖမ်းစားသွားနိုင်ပြီလေ''

''လူယုတ်မာ''

သူမ အော်ဟစ်သံတွေက ကျယ်လောင်သွားလေသည်။
ဆက်သာသော်ကတော့ အကြင်နာကင်းမဲ့စွာ သူမအား ကျောခိုင်း
ထွက်သွားလေတော့၏။ ဒီဒီ အရူးတစ်ယောက်လို ညည်းတွား
ရေရွတ်ရင်း လဲပြိုကျသွားခဲ့ရသည်။

''မမ သတိထားပါ၊ ကိုယ့်အပေါ် သစ္စာမရှိတဲ့ ယောကျ်ား
တစ်ယောက်ကို ဘာမှခံစားမနေပါနဲ့နော်၊ ဒီလူက မမအပေါ်
ချိုးသားဘူးလို့ ကျွန်မ ထင်နေမိတာ''

နီတာ့ကိုပဲ အားကိုးတကြီးဖက်တွယ်ကာ သူမ ကြေကြေ
ကွဲကွဲ တသိမ့်သိမ့် ငိုရှိုက်မိနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"အဖြစ်အပျက်တွေအားလုံးမှာ ဘယ်သူမှားရတာ
ဉာဏ်သာ၊ သက်သေအဖြစ် နီတာရှိတယ်လေ၊ မင်းနဲ့ပတ်သ
တော့ နီတာက အကြီးအကျယ် ကန့်ကွက်ခဲ့တယ်"

အိမ်ဖော်မလေး နီတာက သူ့အပေါ် အမြင်မကြည်လင်
ခပ်ကင်းကင်းလေး နေခဲ့သည်။ အဖြစ်အပျက်တွေအားလုံးက မ
ကြည်နိုင်လောက်အောင် ဖြစ်သွားခဲ့ရ၏။ မေမြတ်မဒီအ
ကိုကိုက မတရားလုပ်ခဲ့တာပါပဲလား။

"မမနဲ့လမ်းခွဲပြီး မကြာခင်မှာပဲ မင်းအစ်ကို ကားအ
ဒင့်ဖြစ်ပြီး သေဆုံးခဲ့ရတာပဲ ဉာဏ်သာ"





မာယာဆိုတဲ့ မိန်းကလေး သစ္စာမဲ့ခဲ့တာပဲ ဖြစ်နိုင်သည်။
ဒီမိန်းမနှင့်ပတ်သက်၍ ကိုကို ဘာမှမပြောပြခဲ့။ မာမီလည်း သိပုံ
ရပေ။

"မာယာဆိုတဲ့ ကောင်မလေးက မင်းအစ်ကိုရဲ့ စည်းစိမ်
စ္စာတွေကိုယူပြီး နိုင်ငံခြားထွက်သွားတယ်လေ၊ ပြီးတော့ ဟိုမှာ
စ်သူနဲ့ လက်ထပ်လိုက်တယ်လို့ ကြားတာပဲ"

"မမ"

"ဟင်"

"အဲဒီကိစ္စတွေ ဘာဖြစ်လို့ ကိုယ့်မာမီကို မပြောပြရတာ
ဲ၊ ဘာဖြစ်လို့ မရှင်းပြရတာလဲဗျာ"

ဉာဏ်သာ စိတ်မကောင်းကြီးစွာဖြင့် မမလက်တွေကို
ဆုပ်ကိုင်ဖျစ်ညှစ်ထားပြီး မေးနေမိသည်။ မျက်ရည်တွေ ပြည့်လျှံနေ
ဲ့ မျက်ဝန်းတွေကို သူ နာကျင်စွာ ကြည့်မိနေ၏။ မမက ခေါင်း
ို ခါယမ်းပစ်လိုက်၍ မျက်ရည်ပေါက်တွေက သူ့မျက်နှာဆီ
ွှင့်စင်ကျလာသည်။

"မင်းမာမီက သူ့သားသေရတာ မမကြောင့်၊ မမဖော

www.burmeseclassic.com



ပြန်လို့ဆိုပြီး ပတ်ဝန်းကျင်မှာ ပြောခဲ့တယ်။ မမ နာကြည်းပြီး လုံးဝမပတ်သက်ဘဲ နေခဲ့တာလေ”

“မမရယ်”

ဉာဏ်သာ စိတ်ထိခိုက်ကြေကွဲစွာဖြင့် မမကိုယ်လေးအား သိမ်းကျုံးပွေ့ဖက်ထားမိလေသည်။ မထင်မှတ်ဘဲ သူသိလိုက်ရ သော အဖြစ်အပျက်တွေက ကြေကွဲဝမ်းနည်းစရာတွေ ဖြစ်နေခဲ့

ထိခိုက်နစ်နာရသူက မမပဲ။ မာမီလည်း မသိဘူး။ ကိုကို မတရားတာပါ။ မာယာဆိုတဲ့ မိန်းမတစ်ယောက်ကြောင့် ကိုကို မလုပ်သင့်တာတွေ လုပ်မိသွားတာပဲ ဖြစ်နိုင်သည်။

“မင်းအစ်ကိုကို မမ အရမ်းနာကြည်းပြီး မင်းရောက်လာ တော့ လက်စားချေချင်ခဲ့တယ်၊ မင်းကို အရမ်းမုန်းခဲ့တယ်၊ မင်းအ ကို ဖျက်ဆီးပစ်ခဲ့ချင်တယ်၊ မင်းကလည်း မမကို မုန်းတီး စိန်ခေါ်ခဲ့တာပဲမဟုတ်လား ဉာဏ်သာ”

“မမရယ်”

သူ့လက်တွေက မမအား တင်းကျပ်စွာ ပွေ့ဖက်ထား သည်။ မမ မျက်နှာလေးအနှံ့ မြတ်နိုးစွာ နမ်းရှိုက်မိနေခဲ့၏။





မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်လျှံလုမတတ် ရှိနေသည်။ ဉာဏ်သာ နာကျင်စွာ စူးစိုက်ကြည့်မိ၏။ ပြည့်စုံချမ်းသာတဲ့ မမ ဘဝလေးကို ဉာဏ်သာ့ကိုကိုက ဖျက်ဆီးပစ်ခဲ့တာပါပဲ။

“ကိုယ် စင်နဲ့ လက်မထပ်တော့ဘူး မမ၊ မာမီ့ကို အကျိုး အကြောင်းတွေ ပြောပြမယ်၊ မမ ကိုယ်နဲ့လက်ထပ်ဖို့ သဘောတူ တယ် မဟုတ်လားဟင်”

“ဉာဏ်သာ”

“ပြောလေ မမ”

“မင်းကို မမ ချစ်သွားမိတယ်၊ မင်းကို မမ အရှုံးပေးချင် ခဲ့ရတယ်၊ မင်းကိုအနိုင်ယူဖို့ မမ ဘယ်လိုပဲကြိုးစားပါစေ အောင်မြင် မှု မရခဲ့ဘူးလေ”

“မမရယ်”

ဉာဏ်သာ့ကိုတော့ ဒီဒီ ဘယ်နည်းနဲ့မှ လက်လွှတ်အဆုံး ရှုံး မခံနိုင်တော့ပါဘူး။ ဝဋ်ကြွေးပဲလားဟင်။ မမနှလုံးသားထဲမှာ မင်း ကိုကိုထက်တောင် ချစ်မိသွားရတယ်။ မင်းက တည်ကြည်ခန့် ညားတဲ့ ယောကျ်ားတစ်ယောက်ပါ။ မမ အနှစ်သက်ဆုံး ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ရဲ့ အရည်အချင်းတွေက မင်းဆီမှာ ပြည့်နှက်နေတယ် ဉာဏ်သာ။ မမ အရှုံးပေးပါတယ်။ ဉာဏ်သာ့ကို မမ ဘယ်နည်းနှင့်မှ လက်မလွှတ်နိုင်တော့တာပါကွယ်။

သူမ ချစ်မြတ်နိုးသော ယောကျာ်းတစ်ယောက်ရဲ့ ရင်ခွင်ကို မလွှတ်တမ်း တိုးဝင်ဖက်တွယ်ထားမိလေသည်။ အသက်အရွယ်ချင်းက တစ်နှစ်လောက်ပဲ ကွာမှာပါ။ ဘာပဲဖြစ်ဖြစ် ဉာဏ်သာကိုတော့ ဒီဒီ ပိုင်ဆိုင်ရမယ်။ ရယူဖို့ပဲ။ ဘယ်လိုနည်းနဲ့မဆို အရယူမယ်ဟု ဆုံးဖြတ်ထားလိုက်လေသည်။

"ကိုရယ်"

"မမရယ်"

"မင်းကို မမ ဘယ်နည်းနဲ့မှ မစွန့်လွှတ်နိုင်တော့ဘူး စင့်ကို ဘယ်လိုမိန်းကလေးမျိုးပဲ ဖြစ်ပါစေ၊ မင်း လက်မထပ်ပါနဲ့ မမကို မင်းအစ်ကိုလို ပစ်မထားခဲ့ပါနဲ့"

"ကိုယ် မမကိုပဲ လက်ထပ်မယ်၊ မမကို စောင့်ရှောက်မယ်၊ မမကလွဲပြီး ဘယ်မိန်းကလေးကိုမှ လက်မထပ်ဘူး၊ ကိုယ့်ကိုယ့်ပါ မမရယ်၊ ကိုယ် နောင်တတွေရနေတယ်၊ မမကို စိန်လာခေါ်





မိတာ ကိုယ် နောင်တတွေရနေမိတယ်ဗျာ"

သူ နာကျင်ကြေကွဲစွာ ပြောနေမိလေသည်။ အပြစ်မဲ့သော မိန်းမတစ်ယောက်ကို သူ့ရော မာမီပါ မုန်းတီးနာကြည်းပြီး လက်တွဲ ဖြုတ်ချင်နေသည်။ ကိုယ် ညံ့ဖျင်းတယ်။ စိတ်ဓာတ်တွေ အောက်တန်း ကျလွန်းခဲ့တယ်။

မမကို ကိုယ်စောင့်ရှောက်မယ်။ ကိုယ် မမနဲ့ပဲ လက်ထပ်မယ်။ ဘယ်လိုအတားအဆီးတွေနဲ့ပဲ ရှိနေပါစေ၊ ကိုယ် လက်ထပ်မယ်။

"ကိုယ့်ကိုယ့်ပါ မမရယ်၊ ကိုယ် တောင်းပန်ပါတယ်၊ မမကို စိန်ခေါ်မိလို့လေ၊ မမကို နာကျင်ကြေကွဲစေဖို့ ကိုယ် ကြံစည်ခဲ့မိလို့ပါ"

"ကိုရယ်"

ဉာဏ်သာ့ကို မောင်လို့မခေါ်ချင်ဘူး။ မမရဲ့ခန္ဓာကိုယ်နဲ့ ဆပ်တူထပ်မျှ ချစ်မြတ်နိုးနေခဲ့မိလို့ပါ။ ပြီးတော့ မောင်ဆိုတဲ့ အသုံး အနှုန်းကို ဒီဒီ အရမ်းပဲ မုန်းတီးနာကြည်းနေခဲ့မိသည်။

မမကို မြတ်နိုးစွာ နမ်းမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကို"

"မမ"

"မင်းလက်ထပ်မယ်ဆိုတော့လေ မမ အရမ်းပဲ တုန်လှု
ကြောက်ရွံ့သွားမိတယ်၊ မင်းပြောစမ်းပါ ဉာဏ်သာ၊ မင်းကို
သိပ်ချစ်တာကို ဘယ်လိုသက်သေပြရမလဲဟင်"

"မမကိုပဲ ကိုယ် ဘယ်လောက်အထိ အသည်းနှင့်အော
ချစ်မြတ်နိုးရလဲဆိုတာ သက်သေပြချင်တာပါ၊ မမပြောသော
ဉာဏ်သာ ဘယ်လိုသက်သေပြရမလဲ"

"မမကို လက်ထပ်လေ"

"အိုကေ"

"အရာအားလုံးကို မမ ရင်ဆိုင်ပစ်မယ်၊ ဉာဏ်သာ
ဘယ်သူမှ မပိုင်ဆိုင်ရအောင် မမ တားဆီးပစ်မယ်၊ ဘယ်လို
ဉာဏ်သာ"

"မမရယ်"

မာမီကို ပြောပြရမယ်။ မမမှာ အပြစ်မရှိတဲ့အကြောင်း
လေ။ ကိုကိုက မတရား ဖောက်ပြန်ခဲ့တာပဲ။ သက်သေတွေရှိ

သည်။ စင်က ပြဿနာမရှိပေ။ နားလည်သိတတ်တဲ့ မိန်းကလေး
။ သူချစ်မြတ်နိုးတဲ့ မိန်းမတစ်ယောက်ကို လက်ထပ်ယူမှာ စင်
ကြည်ဖြူစွာ လက်ခံပေးနိုင်မှာပါ။

မမကိုလည်း ယုံကြည်စေချင်သည်။ သူ ကြင်နာယုယစွာ
နမ်းလေးတွေ ပေးမိ၏။ မမဆီက ချိုမြိန်တဲ့ အနမ်းလေးတွေ
ပြန်လာခဲ့သည်။

ကိုယ် ရင်ခုန်တယ်။ ကိုယ်ချစ်တာ မမပဲ။ သေချာပါတယ်
။ စင်ကလည်း ကိုယ်ချစ်မြတ်နိုးတဲ့ မိန်းမတစ်ယောက်ကို
ရွေးချယ်တာ ထောက်ခံတယ်။ ဘဝတစ်သက်တာအတွက်
ကောင်းဆုံး ရွေးချယ်မှုလို့ စင် ယူဆထားခဲ့သည်။

"စင်နဲ့လက်ထပ်ဖို့ကိစ္စ ကိုယ် ဖျက်ပစ်လိုက်မယ်၊ စင်က
ခံမှာပါလေ၊ ကိုယ်တို့ တရားဝင် စေ့စပ်ရသေးတာမှ မဟုတ်
ဘဲ၊ ကိုယ် မမနဲ့လက်ထပ်မယ်"

သူ ဆုံးဖြတ်ချက်ကို ခိုင်မာစွာ ချပစ်လိုက်သည်။ မာမီ့ကို
ပြရမယ်။ မမမှာ အပြစ်မှမရှိတာဘဲ။ မမကို နွေးထွေးစွာ
ထားမိနေ၏။ ဉာဏ်သာ ရင်ခုန်လိုက်မောစွာ အနမ်းမိုးလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



တရုကြမ်း ရွာသွန်းဖြိုးခဲ့မိနေသည်။ အချိန်ကြာမြင့်စွာဖြင့် လော ကြီးအား မေ့နေခဲ့ကြ၏။ သူ့လက်ကိုင်ဖုန်း မြည်လာ၍ မမနိုး ခန္ဓာကိုယ်ချင်း ခွာလိုက်ရသည်။

"မာမီပဲ"

"ကို"

"ဘာမှမစိုးရိမ်နဲ့နော် မမ၊ ကိုယ် ရှိပါတယ်၊ မင်း ကိုယ် နံရံတံတိုင်းကြီးသဖွယ် ကာရံပေးမှာပါ"

သူ့ဖုန်းကိုဖွင့်ပြီး နားထောင်လိုက်လေသည်။ မာမီ့အသံ ကြည်လင်အေးချမ်း ပျော်ရွှင်စွာ တိုးဝင်လာ၏။ မာမီ့အပျော်တွေ ဉာဏ်သာ ဖျက်ဆီးပစ်ရတော့မှာလား။ သူ နည်းနည်းတော့ တုံ့ဆိုင်း သွားရလေသည်။

"သားငယ်"

"မာမီ"

"သား ဘယ်ရောက်နေတာလဲကွယ်၊ စင်နဲ့စေ့စပ်ဖို့ စင် သားအမိကို မာမီပြောလိုက်ပြီလေ၊ စင်ကတော့ နည်းနည်းမယုံသ ပဲ၊ သားဉာဏ်မှာ ချစ်သူရှိနေတယ်လို့ ထင်နေတယ်လေ၊ တော်





တော်တော်လေး ရှင်းပြလိုက်ရတယ်၊ သားဉာဏ်က ဘယ်တုန်းက ချစ်သူထားခဲ့ဖူးလို့လဲ၊ မာမီ သိတာပေါ့၊ စင့်ကို မာမီ ရဲရဲတင်းတင်း ပဲ အာမခံလိုက်တယ်"

ဉာဏ်သာ ရင်တွေ တဒိန်းဒိန်း ခုန်တက်သွားရလေသည်။ နှုတ်ခမ်းတွေပာဖို့ပင် တွန့်ဆုတ်သွားရ၏။ မာမီရဲ့ ပျော်ရွှင်မှုတွေကို သူ ဖျက်ဆီးပစ်လိုက်ရမလား။

"သား ဉာဏ်သာ ပြန်လာလေ၊ မာမီက စင့်ကိုပြောပြရ တယ်၊ သားဉာဏ်ကိုယ်တိုင် ဆုံးဖြတ်လိုက်တာပါလို့"

"သား ပြန်လာခဲ့မယ် မာမီ၊ ပြောစရာတွေလည်း အများ ကြီးရှိတယ်"

"သားဉာဏ် ဘယ်ရောက်နေလဲကွယ်၊ စင်လေးကိုတော့ သား အလေးအနက်ထားပါကွယ်၊ စင်လေးက မိန်းမကောင်းလေး ပါ"

"ဟုတ်ကဲ့ပါ မာမီ"

သူ ဖုန်းပိတ်ပစ်လိုက်လေသည်။ မာမီ့ကိုတော့ ရှင်းပြရ မှာပဲ။ မမ လက်တွေကို သူ တင်းကျပ်စွာ ဆုပ်ကိုင်ထားမိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



မမျက်ဝန်းတွေက စိုးရိမ်ပူပန်နေသည်။

"ကို"

"ဟင့်အင်း ဘာမှမဖြစ်ပါဘူး မမ၊ ကိုယ်ပြောပြမှာပါ"

"မာမီက လက်ခံပါ့မလား ကို၊ မမ အရမ်းစိတ်ပူ တယ်"

"ကိုယ် မမဘက်က ရပ်တည်မှာပါ အားမငယ်ပါနဲ့ ဘာပဲဖြစ်ဖြစ် မမကို ကိုယ်စောင့်ရှောက်မယ်"

မမကို အားပေးနှစ်သိမ့်ပြီး ညဏ်သာ ပြန်လာခဲ့လေသည်။ မာမီနှင့် ရင်ဆိုင်ဖို့တော့ ညဏ်သာ ပြတ်သားဖို့လိုအပ်နေ ညဏ်သာကတော့ မမကို စောင့်ရှောက်မယ်။ ကိုကို မတရားလုပ် တာပဲ။ မာမီ နားလည်ပေးမှာပါ။ မမကို သနားမိနေသည်။ သူ့ဘ တစ်သက်တာအဖော်အဖြစ် သူ ရင်ခုန်ရသော မိန်းမတစ်ယောက် ပဲ ရွေးချယ်ချင်သည်။ မမပဲ ဖြစ်သင့်ပါတယ်။

မမအတွက် တစ်လောကလုံးကို ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက် လေသည်။



## အခန်း (၁၄)

"စေ့စပ်ပွဲကို အကောင်းဆုံး ဟိုတယ်တစ်ခုနဲ့ မာမီ ချိတ် တော့မလို့ ညဏ်သာ၊ စင်ကတော့ ညဏ်သာ့ သဘောပါပဲတဲ့၊ သားညဏ်က ဘယ်ဟိုတယ် ရွေးမလဲ"

"မာမီ"

"ပြောလေ"

"စင်နဲ့လက်ထပ်ပွဲကို ဖျက်လိုက်ပါတော့ မာမီ"

"ဘာပြောတယ် သားညဏ်၊ မင်း ဘာပြောလိုက်တာလဲ၊ စင်နဲ့လက်ထပ်မယ်လို့ မင်းပဲပြောခဲ့တာလေ"

သားငယ်ကို ဒေါ်သော်တာ နားမလည်နိုင်စွာ အထိတ်



www.burmeseclassic.com

www.burmeseclassic.com



တလန့် ကြည့်မိလိုက်လေသည်။ စင်နဲ့လက်ထပ်ဖို့ သားငယ်ကိုယ်တိုင် တောင်းဆိုခဲ့တာပါ။ ဘယ်လိုအကြောင်းနဲ့ စိတ်ပြောင်းသွားရတာလဲ။

ဒေါ်သော်တာ စိတ်တွေကို ထိန်းချုပ်လိုက်သည်။ သားတွေရဲ့ဆန္ဒကို အမြဲတမ်း နားလည်ဖြည့်စွမ်းပေးခဲ့တဲ့ မိခင်ပဲ။

"ပြောစမ်းပါဦး ဉာဏ်သာ၊ မင်းကိုယ်တိုင် တောင်းဆိုခဲ့တဲ့ ကိစ္စလေ၊ စင်တို့သားအမိကို မာမိ ပြောဆိုထားပြီးသားနော်"

"မာမိ"

"ပြော"

"ကိုကို့ချစ်သူ မေမြတ်မဒီအကြောင်း ကျေးဇူးပြုပြီး နားထောင်ပေးပါလား"

"ဘာ ဘာပြောတယ် ဉာဏ်သာ၊ ဒီမိန်းမက မင်းနဲ့ ဘယ်လိုပတ်သက်နေရတာလဲ၊ ဘာဖြစ်လို့ ကျက်သရေမရှိတဲ့ မိန်းမ တစ်ယောက်ရဲ့ နာမည်က ပါလာရတာလဲ"

သူ မာမိ့ကို မမဆီက ယူထားတဲ့စာနှင့် အသံသွင်းစက်ကို ဖွင့်ပြလိုက်လေသည်။ မာမီ အံ့အားသင့်သွား၏။ နားမလည်နိုင်စွာ





သူ့ကိုကြည့်သည်။

"ဒါ ဒါ ဘာသဘောလဲ၊ မင်းကရော ဒီမိန်းကလေးနဲ့ ဘယ်တုန်းက ပတ်သက်လိုက်ရတာလဲ ဉာဏ်သာ"

မထင်မှတ်ဘဲ သိလိုက်ရတဲ့ အကြောင်းအရာတွေက အံ့သြတုန်လှုပ်စရာတွေ ဖြစ်နေရလေသည်။ သားကြီး ထက်သာက ဘာတွေလုပ်ခဲ့တာလဲ။ သားကြီး တစ်ညလုံး နာကြည်းစွာ ပေါက်ကွဲနေတာ မေမြတ်မဒီကြောင့်မှ မဟုတ်တာဘဲ။ မာယာတဲ့။ သားကြီးဆီက လုံးဝ မကြားခဲ့ဘူးလေ။ မေမြတ်မဒီကိုပဲ သစ္စာမဲ့တဲ့ မိန်းမတစ်ယောက်အဖြစ် ပြောပြနေတာ မာယာဆိုတဲ့ မိန်းကလေးကို လက်ထပ်ချင်လို့ပဲ။ သားငယ်ကို ကြည့်မိသည်။ မေမြတ်မဒီနှင့် သားငယ်ရဲ့ ဆက်ဆံမှုကိုလည်း စိုးရိမ်ပူပန်သွားရ၏။ သားကြီး အတွက် သောကမငြိမ်းသေးခင်မှာပင် သားငယ်အတွက် သောကတွေ ထပ်ဆင့်ရောက်လာရတော့မည်။

"သားဉာဏ် ကိုကို့အတွက် လက်စားချေဖို့ မေမြတ်မဒီဆီ သွားပတ်သက်ခဲ့တာပါ မာမိ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မာမီသိရင် ကန့်ကွက်မှာစိုးလို့ သား မတိုင်ပင်ခဲ့တာပါ"

"သား ဉာဏ်သာ မင်း မင်းဘာတွေလုပ်တာလဲ၊ မင်းချစ်မြတ်နိုးပြီး ရင်ခုန်ရတဲ့ မိန်းမက မေမြတ်မဒီလား"

"ဟုတ်ပါတယ် မာမီ"

"ဘာ"

ဒေါ်သော်တာ အထိတ်တလန့် ဖြစ်သွားရလေသည်။ သားကြီးချစ်သူကို သားငယ်ကရင်ခုန်ရသလား။

မိမိ လက်မခံနိုင်ပေ။ မေမြတ်မဒီကို သားငယ် မချစ်ရဘူး။ သဘာဝမှမကျတာပဲ။ ဒေါ်သော်တာ ခြေဖျားလက်ဖျားတွေပင် အေးစက်ချင်လာရသည်။ ရင်ဘတ်ကို ဖိထားမိ၏။ ဘာတွေလဲ၊ ဘယ်လိုကံကြမ္မာတွေလဲ။ ကျိန်စာတွေများလား။ သားငယ် ဉာဏ်သာ့ကို စိုးရိမ်ပူပန်စွာ ကြည့်မိနေသည်။

"မာမီ အသက်ကြီးပါပြီ၊ သားနှစ်ယောက်ကို လိုလေသေးမရှိ ကျွေးမွေးပြုစုလာရတာ သောကတွေ ရင်ဝယ်ပိုက်ထားဖို့လားဟင်"





စောစောကတည်းက မာမီ လက်မခံနိုင်ဘူးဆိုတာ ဉာဏ်သာ သိနေသည်။ ရင်ဆိုင်ရမှာပဲ။ သားတွေအပေါ် တာဝန်ကျေလွန်းတဲ့ မိခင်ကို ဉာဏ်သာ စိတ်သောကတွေ မရောက်စေချင်ခဲ့။ ဒါပေမဲ့ မမကို စောင့်ရှောက်ရမည့်တာဝန်က မာမီဆီမှာလည်း ရှိနေသည်ဟု သူ ထင်မှတ်ထားမိသည်။

"မမမှာ အပြစ်မရှိဘူး မာမီ၊ ကိုကိုက သစ္စာမဲ့ပြီး မမအပေါ် ယုတ်မာကောက်ကျစ်ခဲ့တာပဲ"

"တော်စမ်း ဉာဏ်သာ၊ အဲဒီကိစ္စက ပြီးဆုံးသွားပြီပဲ၊ မေမြတ်မဒီမှာ အပြစ်မရှိလို့ မာမီတို့က စောင့်ရှောက်ပေးရမယ်ဆိုရင်တောင် မာမီ့သားငယ်နဲ့တော့ လုံးဝ လက်ထပ်ပေးနိုင်မှာမဟုတ်ဘူး"

မဖြစ်နိုင်တာပဲ။ သားကြီးချစ်သူက သားငယ်ရဲ့ ဇနီးမယားဖြစ်သင့်ပါ့မလား။ မေမြတ်မဒီက မိမိတို့မိသားစုအား ထိုးနှက်ချက်တစ်ခုပဲဟု ထင်မှတ်မိလေသည်။

"အဲဒါ ထိုးနှက်ချက်တစ်ခုပဲ သားငယ်၊ မင်းအစ်ကိုအတွက် မေမြတ်မဒီက ကျေနပ်သွားမယ်ထင်လား၊ မာမီ့ကို



www.burmeseclassic.com

www.burmeseclassic.com



ထိုးနှက်တာပဲ"

"မဟုတ်ပါဘူး မာမီ၊ မမက ဖြူစင်ပါတယ်၊ မထင်မှတ်ဘဲ သားကိုချစ်သွားတာပါ၊ မမ အပြစ်ကင်းစင်လို့ သားလည်း မမကို ချစ်မိသွားရတာပါ"

"တိတ်စမ်း ညာဏ်သာ၊ မင်းက တော်တော်အသိဉာဏ်ကင်းမဲ့တာပဲ၊ မိုက်မဲတဲ့သား၊ ဒီမိန်းမမျိုးနဲ့မှ စိန်ခေါ်ရသလား မင်း ရှုံးပြီပဲ၊ မင်းဘက်က စတင်စိန်ခေါ်ခဲ့လို့ မင်း အရှုံးနဲ့ပဲ ရင်ဆိုင်ရတော့မယ်လေ"

"မာမီ"

"မင်း စင့်ကိုလက်ထပ်ပါ၊ စင်ကလွဲပြီး မာမီ ဘယ်သူ့ကိုမှ ချွေးမအဖြစ် လက်မခံနိုင်ဘူးနော်"

သားကြီးအပေါ် အညှိုးကြီးတဲ့ မိန်းမတစ်ယောက်ရဲ့ အတွင်းစိတ်ကို ဘယ်သူသိနိုင်မှာတဲ့လဲ။

"မင်းမှာ ဆင်ခြင်တုံတရား ကင်းမဲ့နေပြီ ညာဏ်သာ မင်း ပညာတွေ တတ်လာတာ ဘာမှသုံးလို့မရနိုင်ဘူးလား"

"မမကို သားညာဏ် လက်ထပ်ပါရစေ မာမီ"





"မဖြစ်နိုင်ဘူး၊ သားကြီးချစ်သူက မင်းလက်ထပ်တဲ့မိန်းမ ဖြစ်သင့်လား ညာဏ်သာ၊ မင်း အစ်မတစ်ယောက်အဖြစ်ပဲ စောင့်ရှောက်ပါ"

ဒေါ်သော်တာ ခပ်ပြတ်ပြတ်ပဲ ပြောလိုက်သည်။ မဖြစ်နိုင်ဘူး။ မေမြတ်မဒီမှာ အပြစ်မရှိပေမယ့် ဒေါ်သော်တာ ချွေးမအဖြစ်တော့ လုံးဝလက်မခံနိုင်ပေ။

"မေမြတ်မဒီကို မာမီ မမုန်းတော့ဘူးဆိုရင်ပဲ သားငယ် [illegible]ပ်ပါ၊ မာမီ သွားတောင်းပန်ရမလား၊ သားကြီးအတွက် မာမီ ဒူးထောက်တောင်းပန်ပေးရမလား၊ သားကြီးရသင့်တဲ့ အမွေတွေ ပေးရမလား၊ ဒါမှမဟုတ် သားကြီးယူခဲ့တဲ့ ငွေကြေးပမာဏကို ပြန်ပေးရမလား"

"မမကို သား ချစ်မိနေပြီ၊ စင် ကလည်း နားလည်မှုပေးပါ၊ သား ချစ်မြတ်နိုးတဲ့မိန်းမကို ရွေးချယ်တာ စင် ထောက်ခံပါတယ်၊ စင်က နားလည်သိတတ်တဲ့ မိန်းကလေးပါ မာမီ"

"မေမြတ်မဒီကို မင်းလက်ထပ်မယ်ဆိုရင် မာမီသေမှပဲ လက်ထပ်ပါ သားငယ်၊ စင်နဲ့ လက်ထပ်ပွဲကိုလည်း မင်းဖျက်ချင်



www.burmeseclassic.com

www.burmeseclassic.com



ဖျက်လိုက်ပါ၊ မာမီ မပြောဘူး၊ မင်း ကိုယ်တိုင်သွားပြောပါ"

သားဉာဏ် အနားကနေ ဒေါ်သော်တာ ထွက်လာခဲ့လေသည်။ ရင်ဝမှာ ဆို့နင့်နေရ၏။ ဖြစ်မှဖြစ်ရလေ သားကြီးဘာတွေ လုပ်ခဲ့လာလဲ။ စောစောကတော့ မေမြတ်မဒီရဲ့ အပြစ်တွေဟုခဲ ထင်ခဲ့ပြီး နာကြည်းနေမိသည်။ နစ်နာသူက မေမြတ်မဒီဖြစ်နေသေ မယ့် မိမိ ဘယ်လိုပေးဆပ်နိုင်မလဲ။ တောင်းပန်ရမလား၊ ဒူးထောက်ရမလား။ ဘာလုပ်ပေးရမလဲ။ သားငယ်နှင့်တော့ လက်ထပ်ပေးဖို့ မဖြစ်နိုင်ပါဘူး။ ဒေါ်သော်တာ ရင်ထဲမှာ မီးတောက်မတတ် ဖြစ်နေရသည်။ စင့်ကို ဘယ်လိုပြောရမလဲ၊ စင် မာမီနဲ့ရော ဘယ်လိုရင်ဆိုင်မလဲ၊ ဒေါ်သော်တာဆီ စင်ရောက် လာလေသည်။ ဒေါ်သော်တာ့ ခြေထောက်တွေ ရပ်တည်နိုင်စွမ်း မရှိအောင် တုန်ရီနေ၏။ စင်က ကိုဉာဏ်သာနဲ့ တွေ့ခဲ့ပြီးပါပြီ ဟု ပြောပြီး အပြုံးလေးနှင့်ပြောသည်။

"အန်တီသော်"

"ဟင်"

"ဉာဏ်သာရွှေးချယ်တာ မမှားပါဘူးနော်၊ စင့်ကို မှုတ်နော





ရှိနေတာလား၊ စင် မာမီကလည်း အားလုံးလက်ခံပါတယ်"

"စင်"

"ရှင်"

"သားငယ်က စင်တို့ဆီတောင်လာပြီး ပြောခဲ့တာလား"

"စင် ဆီ ဖုန်းဆက်တာပါ၊ စင် လက်ခံပါတယ်လေ၊ ဖြစ်သင့်တာပဲဟာ"

"သား သား ငယ် ချစ်ခင်နှစ်သက်နေတဲ့ မိန်းကလေးက ဘယ်သူလည်းဆိုတာ စင်သိရဲ့လား"

"တွေ့ဘူးပါတယ် အန်တီသော်၊ Coffee ဆိုင်မှာပါ၊ အရမ်းချောပြီး အရမ်းကျက်သရေရှိပါတယ်"

"သူ သူက သားကြီးချစ်သူပဲ၊ မေမြတ်မဒီလေ"

"ရှင်"

ကိုထက်သာ သေဆုံးရတာ မေမြတ်မဒီကြောင့်ဟု အန်တီသော်က ပြောပြခဲ့ဖူးလေသည်။ စင်ပင် အတော်လေး အံ့သြတုန်လှုပ်သွားရ၏။ မေမြတ်မဒီက ဆွဲဆောင်မှုရှိလိုက်တာ။ ကိုဉာဏ်သာနဲ့ ဘယ်လိုများ ပတ်သက်နေရလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမိန်းမအကြောင်း အန်တီပြောပြမိတာ မှားတာပဲကွယ် ပြီးတော့ သားကြီးဘက်က အမှားဆိုတာ အန်တီအခုမှ သိလိုက် တယ်၊ အန်တီသော် ဘာလုပ်ရမလဲ စင်ရယ်"

အန်တီသော် လက်တွေကို စင်ဖျစ်ညှစ်ဆုတ်ကိုင်ထား လေသည်။ ကိုဉာဏ်သာက အန်ဟီသော်ကြေကွဲ အားနာမနေစေ စင်ဆီက အကူအညီတောင်းခဲ့သည်။ စင် လာပြီး ဖျောင်းဖျပါတဲ့

"အန်တီသော်"

"စင်"

"ဒါတွေက ဖြစ်ပျက်တတ်တာတွေပါပဲလေ၊ မာဓီ လည်း ကိုဉာဏ်သာဆုံးဖြတ်တာ ကောင်းတယ်တဲ့၊ အိမ်ထောင်ရေ ကိစ္စမှာ လူကြီးတွေ ကြားမဝင်တာ အကောင်းဆုံးပဲတဲ့ မာဓီလည် လာမှာပါ ကိုဉာဏ်သာချစ်မြတ်နိုးတဲ့ မိန်းမနဲ့ပဲ ဘဝတစ်သက်တာ လက်တွဲပါ စေ"

"စင်လေးရယ် သဘောထားပြည့်ဝလိုက်တာ အန်တီ သော့်ကို နားလည်ပေးလို့ ကျေးဇူးတင်ပါတယ်။ စင့်ကို လက်မထပ် ရရင်တောင် မေမြတ်မဒီကိုတော့ အန်တီချွေးမအဖြစ် လက်မခံနိုင်





ပါဘူး"

မေမြတ်မဒီ ညည်းငါ့သားငယ်ကို ချစ်ခင်နှစ်သက်တာ တော့ မဖြစ်နိုင်ဘူးထင်တယ်။ ငါ့ကို ထိုးနှက်ချင်တာလား။ ငါ့ကို စိတ်သောကတွေ ရောက်နေတာ ညည်းမြင်တွေ့ချင်တာလား။ ဆံကြမ္မာရဲ့ ပြောင်းလဲထိုးနှက်မှုတွေကို ဒေါ်သော်တာတုန်လှုပ်စွာ ရင်ဆိုင်နေရသည်။ဘဝ ဝဋ်ကြွေးတွေပဲလား။ စင်ကတော့ သူမအား ဘယ်လိုမှ အားမနာဖို့ပဲ ပြောနေ၏။ မေမြတ်မဒီရယ် ငါ့သားကြီး ကြောင့် ငါနဲ့ ငါ့သားငယ်ကို လက်တွဲမပြန်နိုင်စမ်းပါနဲ့အေ။ ကြောက်ရွံ့ စွာ တတွတ်တွတ်ပြောနေမိလေသည်။ စင်သာ အနားမှ အားပေး မထိန်းမှု ရှိမနေလျှင် ဒေါ်သော်တာ ရူးသွပ်သွားမလားပဲ။ အမလေး ဘယ်လိုလုပ်ရမလဲ။ ရင်ထဲမှာ မီးတောက်နေပြီထင်တယ်။

"အန်တီ သဘောမတူနိုင်ဘူး စင်၊ အမလေး မတွေးရဲ တော့ဘူး၊ စင် အန်တီအနားမှာ နေပေးစမ်းပါ၊ သား ဉာဏ်သာကို ဖျောင်းဖျပေးစမ်းပါ၊ အဲဒါ မဖြစ်သင့်ဘူးလို့ စင် ပြောပေးစမ်းပါ"

စင်က ငယ်ရွယ်သူဖြစ်ပေမယ့် လိမ္မာရေးခြားရှိပြီး စိတ် သဘောထားပြည့်ဝလိုက်တာကွယ်။ အန်တီသော့်ချွေးမလေး ဖြစ်

www.burmeseclassic.com



သင့်ပါတယ်။ မေမြတ်မဒီ ညည်း ကျုပ်သားငယ်ကိုချစ်တာ ...
နိုင်ပါဘူး။ ကျုပ်တို့သားအမိတွေရဲ့ ဘဝကို ဖျက်ဆီးပစ်ဖို့ ကြံ...
နေတာပဲ။

"အန်တို့ကို ဒီဒိန်းမ ထိုးနှက်တာပါ၊ သားငယ်ကို ...
ယောင်းမြူဆွယ်တာပါ၊ ဟုတ်တယ်မဟုတ်လား စင်"

"မဖြစ်နိုင်ပါဘူး အန်တီသော်ရယ်၊ အချစ်ဆို...
ပြောလို့မှ မရတာ၊ ဖူးစာရေစက်ပဲလေ၊ အန်တီအတွေးမလွန်ပါနဲ့...
စိတ်ချမ်းသာအောင်ပဲနေပါ၊ စင် အနားမှာ နေပေးမှာပါ၊ ...
ခံစားရသလို စင် ခံစားရမှာပါ၊ စင့်ကိုတော့ ဖွတ်အတင်း...
လက်ထပ်မပေးပါနဲ့"

စင် ယောကျ်ားတစ်ယောက်ကို အဲဒီလို ပုံစံမျိုးနှင့်...
လက်မထပ်လိုပေ။ ကိုဉာဏ်သာ့ကို စင်ချစ်နေမိပေမယ့် စင် အ...
အကြပ်တော့ လက်ထပ်ဖို့ မကြိုးစားပါ။ စင်လည်း နာကျင်...
ဝေဒနာတွေကို ခံစားနေရတာပါပဲ။ ကိုဉာဏ်သာ ရွေးချယ်...
လက်ခံပေးဖို့ အန်တီသော်တာအား ဖျောင်းဖျနေလေသည်။

✿ ✿ ✿



# အခန်း (၁၅)

"မမ"

"ဟင်"

"ကိုယ်တို့လက်ထပ်ကြရအောင်"

"ဘာပြောတယ် ကို"

"လက်ထပ်ကြမယ် မာမီက သဘောတူမှာ မဟုတ်ဘူး၊ ...ကို နစ်နာ ဆုံးရှုံးမှုတွေအတွက် လျော်ကြေးပေးမယ်တဲ့၊ ကိုယ်နဲ့ ...လက်ထပ်ခွင့်တော့ ပြုမှာမဟုတ်ဘူး"

"စင်ကရော"

"နားလည်ပါတယ်၊ စင် ကိုယ်တိုင် မာမီ့ကို ဖျောင်းဖျနေ

www.burmeseclassic.com



တယ်၊ ကိုယ်ချစ်မြတ်နိုးတဲ့ မိန်းမကိုပဲ လက်ထပ်ပေးဖို့လေ''

မဖြစ်နိုင်တာတဲ့ ဉာဏ်သာ့စိတ်တွေက စင့်ကို အထင်ကြီး လေးစားနေသည်ဟု ဒီဒီထင်နေမိလေသည်။ ဉာဏ်သာ ဒီဒီ့ကို ချစ်နေတယ်ဆိုတာရော ဖြစ်နိုင်ပါ့မလား။ ဒီကောင် ဟန်ဆောင် လိမ်ညာနေတာများလား။ ဉာဏ်သာ့မျက်ဝန်းတွေကို ဒီဒီမသင်္ကာ စွာ စူးစိုက်ကြည့်မိနေ၏။ ခန့်ညားချောမောပြီး မက်မောစရာ ပြည့်နှက်နေတဲ့ ဉာဏ်သာ့လို ယောကျ်ားတစ်ယောက်ကို ဘယ်မိန်းကလေးက အလွယ်တကူ စွန့်လွှတ်မှာလဲ။ ဒီဒီမယုံဘူး စင်က လူပဲ။ ဉာဏ်သာ့ကို မစွဲမက်ဘဲနေမလား။ ဒေါ်သော်တာ ဖူးဖူးစင်စင်ချွေးမလောင်းကိုပဲ သားနှင့်လက်ထပ်ဖို့ ဖွတ်အတောင် စီစဉ်မှာပါ။

''မမ''

''ဟင်''

''ကိုယ့်ကို မယုံဘူးလား၊ အခုတရားရုံးကို သွားကြမယ် ကိုယ်တို့နှစ်ယောက်လုံးက အသက်ပြည့်ကြတာပဲ၊ နှစ်ဦးသဘောတူ လက်မှတ်ထိုးကြမယ်''





မမလက်ကို ဉာဏ်သာဆွဲယူလိုက်လေသည်။ ဘယ်လိုပဲ ဖြစ်ဖြစ် မမကိုဉာဏ်သာ စောင့်ရှောက်ရမှာပဲ။ သူဆင်ခြင်တုံတရား ကင်းမဲ့စွာဖြင့် မမကိုစိန်ခေါ်မိ၏။ မမဘဝကို ဖျက်စီးပြစ်ဖို့ ကြံစည် ခဲ့သည်။ မမစိတ်နှလုံးတွေနာကျင်ခံစားခဲ့ရ၏။ ဉာဏ်သာဘယ်လိုပဲ ဖြစ်ဖြစ် မမရဲ့ ဆုံးရှုံးနစ်နာမှုအတွက် ပေးဆပ်ရမယ်။

''မမဘာဖြစ်လို့ တွေဝေနေတာလဲ၊ ကိုယ့်ကို မယုံတာ လား၊ ကိုယ် အိမ်မပြန်တော့ဘူး၊ မမနဲ့ပဲ နေတော့မယ်၊ တာဝန်တွေ ဘာမှ မစဉ်းစားပါနဲ့''

''ကို''

''ပြော''

''ဟုတ်တယ် မမတို့လက်ထပ်မယ်၊ ဘယ်လိုပဲဖြစ်ဖြစ်၊ မင်းကို မမပိုင်ဆိုင်ရမှ ဖြစ်မယ်၊ မင်းက လူကြီးလူကောင်းဆန်ပြီး တာဝန်ယူရဲတယ်၊ ပြီးတော့ မင်းအရမ်းပဲ ချောမောခန့်ညားလွန်းတယ် ဉာဏ်သာရယ်''

ဒီဒီ ဘာကိုမှ မသိချင်တော့ ပတ်ဝန်းကျင်တွေ ဂုဏ်ဒြပ် တွေ ဘာကိုမှ မစဉ်းစားချင်တော့။ အရေးကြီးတာက ဉာဏ်သာ့ကို



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ဖို့ပဲ။ ရယူပိုင်ဆိုင်ဖို့ပဲ။ မုန်းတီးနာကြည်းတာတွေ လက်စား ချေချင်တာတွေ ဘာမှမရှိတော့။ ဉာဏ်သာ့ကို ပိုင်ဆိုင်ရမယ်။ တရားဝင်လက်ထပ်လိုက်မိဖို့ အရေးအကြီးဆုံးပဲ မဟုတ်လား။ ဉာဏ်သာလက်မောင်းကို ဖေးမတွယ်ကိုင်ပြီး တရားရုံးကိုသွား ခြေလှမ်းပြင်လိုက်စဉ်မှာပင် ဉာဏ်သာ့လက်ကိုင်ဖုန်းမှ မြည်လာ သည်။

"ဟဲလို"

"ကိုဉာဏ်သာ"

"ဟင် စင်"

"အန်တီသော် မူးလဲလို့ ဆေးခန်းရောက်နေတယ်၊ အ အရေးပေါ်မှာလေ၊ သွေးတိုးနေတာတဲ့၊ ကိုဉာဏ်သာ့ဆီ အကြောင်း ကြားတာပါ၊ အရေးတော့ မကြီးဘူးထင်ပါတယ်"

"အင်း ကောင်းပြီလေ၊ ကိုယ်လာခဲ့မယ်"

ဉာဏ်သာ့ခြေလှမ်းတွေ တုန့်ခနဲရပ်သွားလေသည်။ စင် လိမ်ညာပြီး မခေါ်ဘူးဆိုတာ သူသိနေ၏။ မာမီက စိတ်ခ ကျော့သူပဲ။ အလွန်အမင်း စိတ်ထိခိုက်ကြေကွဲသွား၍သာ ဆေး





ရောက်သွားတာဖြစ်ရမယ်။

"မမ"

"မင်း မသွားရဘူး ဉာဏ်သာ၊ မင်း အဲဒီလို မမကို ထားခဲ့ပြီးမသွားရဘူး၊ မမကို တရားဝင် လက်ထပ်ပြီးရင် မင်း သွားချင်ရာသွားတော့"

"မာမီဆေးခန်းရောက်နေတယ်တဲ့၊ ကိုယ်သွားတွေ့ပြီး ပြန် လာမှာပါ"

"မသွားရဘူး ကို၊ ဒီဒီ မယုံဘူး၊ မင်းမမကို ချစ်တယ်ဆို တာ ဟန်ဆောင်နေတာလား၊ မမကို မင်းစိတ်သောကရောက်အောင် လုပ်နေတာများလား၊ ဉာဏ်သာ"

ဒီဒီမယုံဘူး စင်ဆိုတဲ့ ကောင်မလေး လိမ်ညာခေါ်တာပါ။ ခေါ်သော်တာကလည်း ဟန်ဆောင်တာ။ ရှင့်သားကြီးက ကျွန်မဘဝ ကို ဖျက်ဆီးပစ်ခဲ့တာပဲ။ အခုမှ ရှင့်သားငယ်ကို ပြန်ပေးဆပ်ရမယ်။ ဒါမှ တရားမျှတမှာပေါ့ ဒေါ်သော်တာရယ်။

"ကိုယ် ခဏလေးပြန်လာမှာပါ မမ၊ မာမီတကယ်ပဲ နေမကောင်းတာပါ၊ စင်က ကိုယ့်ကို မညာပါဘူး၊ စင် မလိမ်တတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး''

''စင်က ရိုးသားဖြူစင်တယ်ပေါ့ ဉာဏ်သာ၊ ဟုတ်လား ငါက မရိုးသားဘူးပေါ့လေ''

''မမ''

''မရဘူး ဉာဏ်သာ မင်းငါ့ကို ထားခဲ့မှာ၊ မင်း မသွားဘူးနော်၊ မင်း အမေလိမ်ခေါ်တာ''

ဒီဒီရှူးသွပ်စွာ ပြောနေမိလေသည်။ ဉာဏ်သာရယ် မတော့ မထားခဲ့ပါနဲ့ ဉာဏ်သာလက်မောင်းတွေကို တင်းကြပ်စွာ ဖက်တွယ်ထားမိသည်။

''ကလေးမဆန်ပါနဲ့ မမရယ်၊ ကိုယ်ပြန်လာမှာပါ၊ ကိုယ် မမကလွဲပြီး ဘယ်သူ့မှ လက်မထပ်ပါဘူး၊ ကိုယ်ယောကျာ်းပေါ့ မမ''

မာမီ့ဆီတော့ ဉာဏ်သာသွားသင့်သည်။ စင်က မသိတတ်ဘူး။ အခုဖုန်းဆက်တာလည်း သိပ်အရေးမကြီးပါဘူးတဲ့ မာမီ့ဆီတော့ ဉာဏ်သာသွားသင့်တယ်။ မမကို ဖယ်ပစ်လိုက်သည် ကိုယ် မရက်စက်ပါဘူး။ ကိုယ့်ကိုယုံပါ။





''ကိုယ်သွားရမှာပဲ မမ ပြန်လာမှာပါ၊ ကိုယ်ကတိပေးပါတယ်''

''မရဘူး၊ မင်းအမေက၊ ညာခေါ်တာပါ၊ မမ လုံးဝမယုံဘူး၊ မမတို့တရားရုံးမှာ လက်ထပ်ပြီးမှ မင်းသွားရမယ်''

''ကောင်းပြီလေ၊ မမသဘောပဲ၊ ကိုယ့်ကို ယုံအောင် သက်သေပြမယ်၊ လက်ထပ်ကြရအောင်''

မမကျေနပ်စေရန် တရားရုံးမှာ လက်မှတ်ထိုးဖို့ပဲ ဆုံးဖြတ်လိုက်သည်။ မာမီသိပ်အရေးမကြီးဘူးလို့ စင်ကပြော၏။ မာမီ့အနားမှာ စင်ရှိနေတာပဲ။ သူ မာမီအတွက် စိတ်ပူနေတာတော့ အမှန်ပင်။ မာမီကြေကွဲဆုံးက မမဖြစ်နေသည်။ ရူးသွပ်သွားတော့မလားပဲ ဉာဏ်သာ လက်တွေကို မလွှတ်ပေ။ ပထမဆုံးအကြိမ် ဉာဏ်သာ့ ရင်တွေ ပူလောင်ရှုပ်ထွေးနေရ၏။ မမကရူးသွပ်ကြောင်စီစွာဖြင့် ဉာဏ်သာ့လက်တွေကို ဖက်တွယ်ခံထားသည်။

''အား ဉာဏ်သာ''

''မမ''

''အမလေး မူးလိုက်တာ ဉာဏ်သာ၊ မမကို ထားမသွား



www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့နော်၊ မင်းအိမ်ကို လုံးဝပြန်မသွားရဘူး၊ မမအနားမှာပဲ နေပါနော်''

''မမ''

မမခန္ဓာကိုယ်လေးက ဉာဏ်သာ့ရင်ခွင်ထဲ လဲပြိုကျသွားသည်။

''မမ''

ဉာဏ်သာ စိုးရိမ်တကြီးနှင့် မမကို ပွေ့ယူပြီး ဆေးခန်းကို ပို့လိုက်ရလေသည်။ မာမီ့ဆီ မသွားဖြစ်တော့။ ဉာဏ်သာ့ကို ခွင့်လွှတ်ပါ မာမီရယ်။ မမက ကိုကို့ကြောင့် အသိခိုက်အနစ်နာခံ မိန်းကလေးတစ်ယောက် ဖြစ်နေလို့ပါ။ မမအရမ်းအားနည်းနေသည်။ အားဆေးသွင်းရ၏။ မာမီ့ဆီကလည်း ဖုန်းမလာပေ။ ဉာဏ်သာ့ကို မာမီစိတ်နာနေပြီလား။ စင်ရဲ့နားလည်မှုပေးတဲ့အတွက် ကိုယ်ကျေးဇူးတင်ပါတယ်။ မမကို အထီးမကျန်စေချင်လို့ပါ။

မမလွန့်လူးလာလေသည်။

''မမ''

မျက်တောင်ကော့ကော့လေးတွေက ဖျတ်ခနဲ ဖွင့်လာပြီး





စိုးရိမ်တကြီးနှင့် ပတ်ဝန်းကျင်ကို ကြည့်သည်။ ဉာဏ်သာ့ကိုမြင်မှ မမနှုတ်ခမ်းလေးပေါ် ပြုံးယောင်သန်းသွားတော့၏။ ဉာဏ်သာ့ မျက်နှာက မမ မျက်နှာလေးပေါ် အုပ်မိုးသွားလေသည်။

''သတိရပြီလား မမ''

''ကို''

''ကိုယ်ရှိပါတယ်''

''မမ အားနည်းသွားတာထင်တယ်၊ မမသတိရလာတော့ ကိုယ်အနားမှာ ရှိနေလို့ တော်သေးတာပေါ့''

မမလက်ကလေးကို ဉာဏ်သာတင်းကြပ်စွာ ဆုပ်ကိုင်ထားမိလေသည်။ မမသာ ကိုကို့ချစ်သူဖြစ်မနေလျှင် မာမီက ဉာဏ်သာ့ အချစ်မှုကို ကန့်ကွက်မှာ မဟုတ်ပေ။ အေးစက်နေသော မမလက်လေးကို နွေးထွေးသွားစေရန် ဉာဏ်သာဆုပ်နယ်ပေးနေမိသည်။ မမ မျက်ဝန်းလေးတွေက ပြုံးယောင်သမ်းနေ၏။ ဉာဏ်သာမျက်နှာက မမနှုတ်ခမ်းလေးဆီ အုပ်မိုးသွားလေသည်။

''ဉာဏ်သာရယ်''



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"သားမိုက် မိခင်တစ်ယောက်လုံး ဒီလောက် ဝေဒနာ ခံစားနေရတာတောင် မလာဘူး၊ ရက်စက်လိုက်တာကွယ်"

စင်လေး အနားမှာရှိနေလို့ပဲ။ သားမိုက် ရက်စက်တယ်။ မေမြတ်မဒီ ညည်း မြူဆွယ်ထားတာမဟုတ်လား။ ကျုပ်ကို ထိုးနှက် တိုက်ခိုက်တာပဲ။ အံတွေကို တင်းကျပ်စွာ ဖိကပ်ထားလိုက်မိ မင်းကို သားအဖြစ်ကနေ စွန့်လွှတ်မယ်။ ငါ့ဘဝမှာ ဒီလိုသား မလိုဘူး ဉာဏ်သာ၊ ငါ မင်းကို မတွေ့ချင်တော့ဘူး။

"အန်တီသော်"

"စင်"





"ဒါမျိုးက ဖြစ်တတ်ပါတယ်လေ၊ ဟိုမှာလည်း ဉာဏ်သာ တစ်စုံတစ်ခုများ ရင်ဆိုင်ကြုံတွေ့နေရလို့ပဲလား"

"စင်လေးရယ် ဘာဖြစ်လို့များ ဒီလောက်အထိ စိတ် သောကထား ပြည့်ဝနေရတာလဲ၊ လူငယ်သလောက် အရမ်းဖြူစင် - နှန်းပါတယ်"

"အန်တီသော် အရမ်းကြေကွဲမနေပါနဲ့နော်၊ ကိုဉာဏ်သာ ကို ခွင့်လွှတ်ပေးလိုက်ပါ၊ စိတ်တွေ အေးချမ်းသွားပါလိမ့်မယ်"

ဒေါ်သော်တာ ဘယ်လိုမှဖြေလို့မရပေ။ မိမိ အဆင့်အတန်း ခြားတာမဟုတ်ပေမယ့် သားကြီးချစ်သူကိုတော့ သားငယ်နှင့် တက်မထပ်စေလိုပေ။ မေမြတ်မဒီမှာ အချစ်ဆိုတာ ရှိမှာမဟုတ်ပါ ဘူး။ နာကြည်းချက်တွေနဲ့ပဲ သားငယ်ကို အရယူလိုက်တာပါ။ စင်လေးကို ဘာဖြစ်လို့များ ငြင်းပယ်ရတာလဲ။ တကယ့်ကို ဖြူစင် နှန်းတဲ့ မိန်းကလေး။ ငါ ခွင့်မလွှတ်နိုင်ဘူး။ သဘောလည်း တူနိုင်ဘူး။ ဘာဖြစ်လို့ ငါ့သားငယ်က ပေးဆပ်ရမှာလဲ။ သားကြီးနဲ့ မေမြတ်မဒီ သူတို့သဘောဆန္ဒအရ ဖြစ်ပျက်ခဲ့ရတာပဲ။ မိမိ ရူးတော့ မယ်။



www.burmeseclassic.com

www.burmeseclassic.com



"စင်"

"ရှင်"

"အန်တီသော် ဘယ်လိုမှ ခွင့်မလွှတ်နိုင်ဘူး၊ သတင်း
ထဲမှာ သားအဖြစ်စွန့်လွှတ်ကြောင်း သွားထည့်ပေးစမ်းပါ၊ အန်တီ
သော့်ကို စိတ်ချမ်းသာစေချင်တာမဟုတ်လား"

"ဒီကိစ္စတွေကို နောက်မှစဉ်းစားပါလား အန်တီသော်
စင် တောင်းပန်ပါတယ်နော်၊ အခု ဒီစွပ်ပြုတ်လေး သောက်လိုက်
ပါဦး"

"မသောက်ဘူး"

"အန်တီသော် မသောက်ရင် စင် ပြန်မှာနော်၊ ကိုညာ
သာအကြောင်း မပြောနဲ့တော့၊ စင့်ကိုပဲ သမီးအဖြစ်မွေးစား
ဘယ်လိုလဲ"

ကိုညာဏ်သာရယ် ဒီလောက်အထိတော့ မိခင်တစ်ယော
အပေါ် မရက်စက်သင့်ပါဘူး။ ကိုယ်လက်ထပ်ချင်တဲ့ မိ
တစ်ယောက်ကို လက်ထပ်ပိုင်ခွင့် မဆုံးရှုံးသေးပါဘူး။ အချိန်တ
လောက်ပဲ စောင့်ပေးရမှာပါ။ စင့်ဘက်ကလည်း ချစ်သူရှိ





ယောကျ်ားတစ်ယောက်ကို လက်ထပ်ဖို့ ကြိုးစားမှာမှမဟုတ်တာဘဲ၊
စင့်မာမီကလည်း လက်မခံပေ။

"မာမီ့သမီးလေး စင့်ကို မာမီ့လို မခံစားစေရဘူး၊
မောင်ညာဏ်သာနဲ့ လက်မထပ်နဲ့တော့ သမီး၊ သော်တာ့ကို မာမီ
ပြောပါ့မယ်ကွယ်"

ဒက်ဒီရဲ့ အချစ်ကင်းမဲ့သော ဥပေက္ခာတွေကို မာမီဘဝ
တစ်လျှောက်လုံး ခံစားနေခဲ့ရလေသည်။ ဘယ်လိုနည်းနှင့်မှ အစား
ထိုး ဖြေဖျောက်လို့မရတဲ့ နာကျင်မှုဝေဒနာတွေ ခံစားခဲ့ရ၏။ မာမီ့
ဘက်က ဒက်ဒီကို ချစ်နေခဲ့သည်။ စင်ကရော မာမီ့လိုပဲလား။

ကိုညာဏ်သာ့အပေါ် စင် ချစ်နေမိပါပြီ။ ဘုရားရေ စင်
အဲဒီလို မဖြစ်ချင်ပါဘူး။ မာမီရဲ့ နာကျင်မှုတွေ စင် အသိဆုံးပါပဲ။
ကိုညာဏ်သာ့ကို စင် ချစ်မိနေလေသည်။ မာမီ တားဆီးသတိပေး
နေသည့်ကြားမှ စင့်နှလုံးသားတွေထဲသို့ ကိုညာဏ်သာ ဝင်ရောက်
လွှမ်းမိုးနေပြီပဲ။ ကိုညာဏ်သာမာမီ့အနားမှာ သူမ နေရောညပါ
လိုအပ်တာထက်ပိုပြီး ပြုစုပေးနေမိတာ အန်တီသော်တာရဲ့ အတော်
ဆုံး အလိုအပ်ဆုံး ချွေးမပဲလို့ သက်သေထူပြနေတာမျိုးပဲလား။

www.burmeseclassic.com



"သားကြီးရဲ့ချစ်သူကိုမှ သားငယ်က ချစ်မြတ်နိုးနေတယ် တဲ့လား၊ အန်တီသော် လက်မခံနိုင်ဘူး၊ သားထက် အသက်ကြီး မိန်းမတစ်ယောက်နဲ့လည်း သားငယ်ကို လက်မထပ်စေချင်ဘူး စင် အန်တီသော် မမှားပါဘူးနော်"

အန်တီသော့် မျက်ဝန်းတွေထဲမှာ မျက်ရည်တွေပြည့် သည်။ ယူကျုံးမရဖြစ်နေရှာ၏။ စင် ဘယ်လိုဖေးဖန်ပေးရမှာ အန်တီသော့်ကို ချော့မော့၍ စွပ်ပြုတ်တိုက်သည်။

"စင်"

"ရှင်"

"အန်တီ့အနားကနေ ထွက်ခွာမသွားပါနဲ့နော်၊ အန် ဆောက်တည်ရာမရတော့လို့ပါ၊ အန်တီသော် စိတ်တွေ အရမ်း ချောက်ချားနေတယ်၊ ဖြေသိမ့်လို့မရအောင်ဘဲကွယ်"

"အန်တီသော့် ကိုညဏ်သာအကြောင်း မတွေး မေ့ပစ်လိုက်ပါ၊ လောကကြီးက ဒီလိုပဲ ဖြစ်ပျက်နေတာပဲမဟုတ် လား"

"စင်ရယ်"





မာမိတ စင့်ကို လိုအပ်တာထက်ပိုပြီး သော်တာ့ကို ပြုစု ပေးနေတာ မောင်ညဏ်သာ့ကိုများ သမီး ချစ်နေမိပြီလားတဲ့။ စင် မဖြေနိုင်ခဲ့။ မာမိနဲ့ကိုယ်ချင်းစာပြီး စင် အနားမှာအားပေးဖို့ပါလို့ ပြောတော့ မောင်ညဏ်သာကိုတော့ သမီး မချစ်နဲ့တဲ့။ ယောကျ်ား တွေက ကိုယ့်အနားမှာနေပြီး သူတို့အချစ်ဦးတွေကို တမ်းတနေတဲ့ ဝေဒနာ မာမိခံစားနေရတာ သမီးအမြင်ပဲနော်တဲ့။

"မာမို့သမီး ဖူးဖူးစင်စင်လေး၊ မှည့်လေးတစ်စက်လောက် တောင် အစွန်းအထင်းမရှိခဲ့တဲ့ နှလုံးသားနုနုလေးကို ပိုင်ဆိုင်ထားတဲ့ အပျိုစင်လေး၊ သမီးလေးအပေါ် နှစ်နှစ်ကာကာ ချစ်မြတ်နိုးမယ့် ယောကျ်ားတွေ အများကြီးရှိနေမှာပါကွယ်"

စင့်ကို မာမိက ယုံကြည်ခဲ့သည်။ လွတ်လပ်ခွင့်ပေးထား သည်။ လိုအပ်တာကိုပဲ ဆုံးမသွန်သင်ခဲ့၏။

"သော်တာ့အနားမှာ သမီး မနေသင့်တော့ဘူး၊ သမီးလေး နှလုံးသားတွေ နာကျင်ထိခိုက်ရလိမ့်မယ်၊ မောင်ညဏ်သာက သမီး အတိဒီလို လူစားမျိုးပဲဖြစ်လိမ့်မယ်"

ခဏလေးမှိန်းနေတဲ့ အန်တီသော်တာကို စင် ငေးကြိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေမိလေသည်။ ကိုဉာဏ်သာဟာ ဒက်ဒီလို လူစားမျိုး
ပဲလား။ စင် ဘာဖြစ်နေရတာလဲ။ မချစ်သင့်တဲ့ ယောက်
တစ်ယောက်ကိုမှ ချစ်မိနေသည်။

အန်တီသော်တာ့အနားမှ ခဏထွက်လာချိန်မှာ
ကိုဉာဏ်သာဆီမှ ဖုန်းလာ၏။ သူမ ငိုခ်ုနဲ့သွားရကာ အတော်
စိတ်ကိုထိန်းချုပ်ပစ်လိုက်ရလေသည်။

"စင်"

"ဟင် ဉာဏ်သာ"

"မာမီရော"

"အိပ်နေတယ်"

"စင် အနားမှာရှိနေပေးတာလား"

"အင်း"

"ကျေးဇူးပါပဲ စင်"

"ဖြစ်နိုင်ရင်တော့ ကိုဉာဏ်သာ ခဏလေး ပြန်လာ
လား၊ စင် ကြားထဲကနေ မေတ္တာရပ်ခံချင်တာက အချိန်
နည်းနည်း စောင့်ပြီး မမမြတ်မဒီနဲ့ လက်ထပ်ပါလား"





ကိုဉာဏ်သာဘက်မှ တဒင်္ဂ တိတ်ဆိတ်ငြိမ်သက်သွား
သသည်။ မဖြစ်နိုင်ဘူးဆိုတာပဲ စင် သိလိုက်၏။ ရင်ထဲမှာ
ကြကွဲဆွေးမြည့်သွားရသည်။ ကိုဉာဏ်သာနဲ့ မမမြတ်မဒီတို့
လက်ထပ်လိုက်ပြီလား။ စင် မကြားချင်သလို မသိချင်သလို
ဖြစ်သွားရသည်။

"ကိုယ် လာလို့မဖြစ်ဘူး၊ မမ ဆေးခန်းမှာ အရမ်းအား
နည်းလို့လေ ဆေးတွေသွင်းထားရတယ်၊ စင်ပဲ မာမီ့အနားမှာ ခဏ
ဆက်နေပေးပါ၊ ကိုယ် ကျေးဇူးတင်ပါတယ်"

ဒက်ဒီထက်တောင် အချစ်ဦးကို ချစ်မြတ်နိုးနေတာပါ
လား။ ဒက်ဒီကမှ မိခင်နေမကောင်းဖြစ်သွားလို့ မိခင်ဆန္ဒတွေအတိုင်း
ကို လက်ထပ်သေးသည်။ ရှင် အရမ်းလွန်တာပဲ။ မေမြတ်မဒီက
ဘဝအတွက် အရေးအကြီးဆုံးပဲကိုး။

"စင်"

"ဟင်"

"ကိုယ့်ကို နားလည်ပေးပါ၊ ကိုယ်. မေမြတ်မဒီနဲ့
လက်ထပ်ရမယ်၊ လက်ထပ်ဖို့ စီစဉ်ပြီးပြီ၊ မာမီ့ကို ပျောင်းဖျပေးပါ

www.burmeseclassic.com

www.burmeseclassic.com



စင် နော်"

" ခင်း"

"ကျေးဇူးပဲ စင်"

"ဟုတ်ကဲ့ စင် ကူညီပါ့မယ်၊ အတတ်နိုင်ဆုံးပေါ့နော်"

ဖုန်းပိတ်လိုက်ပြီး ဆိုဖာဆက်တီတစ်လုံးပေါ်မှာ စင့်ကိုယ်လေး ယိုင်ခွေလဲကျသွားလေသည်။ စင့်မျက်ဝန်းတွေထဲမှ မျက်ရည်တွေ ပြည့်လျှံလိမ့်ဆင်းကျလာတော့၏။ စင် ဘာဖြစ်လို့များ ကြေကွဲနေရတာလဲဟင်။ ကိုယ့်ကိုမချစ်တဲ့ ယောကျ်ားအပေါ် စင် ဘာဖြစ်လို့ ချစ်မိသွားရတာလဲ။ စင်ရဲ့ နုနယ်ဖြူစင်နေတဲ့ နှလုံးသားထဲကို ရှင် ဘာဖြစ်လို့များ ဝင်ရောက်လာရတာလဲ။

"စင်"

"ဟင် အန်တီသော်"

"စင်လေး ငိုနေတာလား၊ ဘာဖြစ်လို့လဲကွယ်"

မထင်မှတ်ဘဲ အန်တီသော်တာ ရောက်လာသည်။ စင် ဟန်မဆောင်နိုင်စွာ တသိမ့်သိမ့် ရှိုက်ငိုမိနေ၏။ အန်တီသော်တာ စင့်ကို ပွေ့ဖက်ထားသည်။





"စင် ဘာဖြစ်လို့ငိုရတာလဲ၊ ဉာဏ်သာကြောင့်လား၊ ဘာကြောင့်လဲကွယ်"

"စင် အရမ်းဝမ်းနည်းသွားလို့ပါ အန်တီသော်၊ မာမီလည်း သတစ်လျှောက်လုံး ကြေကွဲဝမ်းနည်း ပူဆွေးခဲ့ရတာ တွေးမိသွား ို့ပါ"

"စင်လေးရယ်"

"အန်တီသော်"

"ပြောလေ"

"ကိုဉာဏ်သာ လက်ထပ်ချင်တဲ့ မိန်းကလေးကိုပဲ တ်ထပ်ခွင့်ပြုလိုက်ပါ၊ အကောင်းဆုံး ရွေးချယ်မှုပါ အန်တီသော်၊ င် ပြန်ပါရစေတော့၊ အန်တီသော့်အနားမှာ ရှိနေသင့်တာက မြတ်မဒီပါပဲလေ"

ကိုဉာဏ်သာ့ကို စင် ကူညီချင်တယ်။ ကိုဉာဏ်သာ ျော်ရွှင်နေစေချင်တယ်။ ကိုဉာဏ်သာ ဆန္ဒတွေကို ဖြည့်စွမ်းပေးချင် ာပါ။ စင် မျက်ရည်တွေကို သုတ်ပစ်လိုက်မိသည်။ အန်တီသော့် နားမှာ ကိုဉာဏ်သာရဲ့ အမိန့်အရ စင် နေပေးရမှာပဲ။ မထင်မှတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ကိုညာဏ်သာ့ဆန္ဒတွေက စင့်ဆန္ဒတွေ ဖြစ်နေပြီပဲ။

မာမီရယ် အချစ်ဆိုတာ မထင်မှတ်တဲ့ စင့်နှလုံးသားတွေထဲ တိုးဝင်လာရတာပါ။ ကိုညာဏ်သာ့ကို စင် ချစ်သွားမိပြီ။ မာမီလို စင် ဘယ်တော့မှ မခံစားစေရဘူးလို့ ဆုံးဖြတ်ချက်တွေ ပြိုလဲပျက်စီး သွားရပါပြီ။ စင် နာကျင်စွာ တွေးနေမိလေသည်။



## အခန်း (၁၇)

"ကိုယ်ပြန်ပါရစေ၊ ခဏလေးပါပဲ၊ မမကို ကိုယ်ပစ်မထား ခဲ့ပါဘူးကွာ၊ လက်ထပ်မယ်၊ ကိုယ်ယောကျ်ားပါမမရယ်"

"ကို မသွားရဘူး၊ မင်းမာမီက ဟိုဟာမလေးနဲ့ ဇွတ် အတင်း လက်ထပ်ပေးလိုက်မှာ"

"ကိုယ်မသွားလို့ မဖြစ်ဘူးမမ၊ မာမီနေမကောင်းဘူး ဆိုင်ရှိနေလို့ပေါ့ ကိုယ်က မာမီ့ရဲ့တစ်ဦးတည်းသောသားလေ ကိုယ် ပြန်လာမှာပါ"

"စင် ဟုတ်လား၊ စင်က မာမီ့အနားမှာလား"

"အင်း"

"အလကားဟာမလေး မင်းမာမီ့အနားမှာ သူကဘာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လို့ နေနေရတာလဲ၊ သူက ချေးမအဖြစ်မျှော်လင့်နေတာလား"

"စင်က အဲဒီလိုမိန်းကလေးမျိုး မဟုတ်ပါဘူး၊ မမ ကိုယ့်ကို ကူညီနေတာပါ၊ မာမီ့အနားမှာ ကိုယ်မှမနေနိုင်တာပဲ"

"လက်မခံဘူး"

"မမ"

"ဉာဏ်သာ"

ဒီဒီဘယ်လိုမှ သူမအနားကနေ ဉာဏ်သာ့ကို ထွက်သွားခွင့် မပြုနိုင်ပေ။ မယုံဘူး ဉာဏ်သာကရော သူမကိုချစ်ခင်မြတ်နိုးတယ်ဆိုတာရော ဖြစ်နိုင်ပါဦးမလား။ ငါ့ရဲ့နှလုံးသားတွေ နာကျင်ကြေမွသွားအောင် မင်းကြိုးစားနေတာလား ဉာဏ်သာ။ ဒီဒီမထနိုင်သေး။ အင်အားတွေ ဆုတ်နေသလိုပင်။ အိမ်မှာပြန်ရောက်နေစေမယ့် ဒီဒီ အနားယူနေရဆဲဖြစ်သည်။

"ကိုယ်သွားရမယ် မမ၊ စင်နဲ့ ကိုဟာဘာမှမဖြစ်ပါဘူး။ ကိုယ့်လိုချစ်သူရှိနေတဲ့ ယောကျ်ားတစ်ယောက်ကို စင်က ဘယ်တော့မှလက်မထပ်ပါဘူး"

"မင်းက စင့်ကို တော်တော်အထင်ကြီးတာပါပဲလား





ဉာဏ်သာ"

"ခက်တာပဲ မမရာ"

"ဒီမှာ မမနေမကောင်းဘူးလေ၊ အနားမှာ ဘယ်သူမှ ရှိဘူး မမရဲ့၊ ကုမ္ပဏီကိုမင်းဦးစီးရမယ်၊ မနက်ဖြန်ဆို မမတို့ လက်ထပ်မယ်၊ မင်္ဂလာပွဲတောင် ကျင်းပဖို့ မမအတွင်းရေးမှူး ကို စီစဉ်ခိုင်းထားပြီးပြီ"

"အင်းပါ မမအစီအစဉ်တွေအားလုံးကို ကိုယ်လက်ခံပါ ယ်၊ အခုခဏလေး မာမီနဲ့သွားတွေ့မှာပါ။ ကိုယ်အကျိုးအကြောင်း အားလုံး ပြောပြမယ်"

"မသွားရဘူး"

"ကိုယ်မသွားလို့ မဖြစ်ဘူးမမ၊ ကိုယ်သွားရမယ်၊ မာမီရဲ့ တစ်ဦးတည်းသောသားပါ၊ ကိုယ်လက်ထပ်မယ့်အကြောင်းတော့ ပြောပြသင့်တယ်ထင်တယ်"

"မင်း လူလိမ်လူညာပဲ ဉာဏ်သာ၊ ငါ့ကိုလိမ်ညာ လှည့်ဖြားမလို့ပဲ၊ ငါ့နှလုံးသားတွေကို မင်းချေမွဖျက်စီးပစ်မလို့လား"

"မမ"



www.burmeseclassic.com

www.burmeseclassic.com



''မင်း ငါ့အနားကနေ တစ်ဖဝါးမှ မခွာနဲ့နော်၊ မင်းထွက်သွားရင် ငါတစ်ခုခု လုပ်ပစ်လိုက်မှာနော်''

ဉာဏ်သာ စိတ်ပျက်စွာဖြင့် မမကိုကြည့်မိနေလေသည်။ မမကရော ဉာဏ်သာ့ကိုရော မာမီ့ကိုပါ စိတ်သောကတွေ ရောက်အောင် တမင်များ ဖန်တီးနေတာများလား။

''ဉာဏ်သာ''

''ကိုယ်သွားတော့မယ်၊ နီတာရှိတာပဲ မမအတွက်လို အပ်ရင် နန်စီ့ကိုလည်း ကိုယ်ခေါ်ထားပေးမယ်''

မမကို ဘာမှမပြောတော့ဘဲ ဉာဏ်သာထွက်လာခဲ့လေသည်။ မမကို သူလက်ထပ်မှာပါ။ မာမီ့ကိုတော့ အသိပေးသင့်၏ ဉာဏ်သာ မာမီနဲ့ ခွဲခွာရမှာပါ။ မမကိုတော့ မာမီဘယ်နည်းနဲ့မှ ချွေးမအဖြစ် လက်ခံမှာမဟုတ်ပေ။ ဉာဏ်သာအိမ်ရောက်တော့ စင့်ကိုတွေ့ရသည်။ မာမီကဉာဏ်သာကို တင်းမာခက်ထန်စွာ ရင်ဆိုင်လေသည်။

''မင်းဘာလာလုပ်တာလဲ ဉာဏ်သာ၊ ငါ့မှာသားဆိုတာ မရှိတော့ဘူး၊ မင်းနောက်ထပ်ဘာအကြောင်းနဲ့မှ လာပြီးမပတ်သက်





ပါနဲ့၊ မင်းထွက်သွားတော့''

''မာမီ''

''ဉာဏ်သာ ငါမင်းတို့ညီအစ်ကိုကို ဘယ်လိုကျွေးမွေးစောင့်ရှောက်ခဲ့ရလဲ၊ မင်းအသိဆုံးပဲနော်၊ ငါတားဆီးနေတာက မင်းလက်ထပ်မယ့်မိန်းကလေးကို မတူမတန်လို့မဟုတ်ဘူး၊ မင်းအစ်ကိုရဲ့ ချစ်သူဖြစ်နေလို့ပဲ''

''မမက ကိုကို့ကြောင့် နစ်နာခဲ့ရတာပါ၊ ငွေကြေးတွေ ဆုံးရှုံးခဲ့ရတာပဲ၊ သားပေးဆပ်ချင်တာပါ၊ စောင့်ရှောက်ချင်တာပါ''

''ငါ လက်မခံဘူး သူ့နစ်နာကြေးအတွက် ငွေကြေးပဲပြန်ပေး ဆပ်နိုင်မယ်ဉာဏ်သာ၊ မင်း အနစ်နာခံစရာ မလိုဘူး''

''မမကို သားကိုယ်တိုင်လည်း ချစ်နေလို့ပါ''

''ဘာ''

''သားမမကို ချစ်မိနေတယ်၊ အရမ်းရိုးသားဖြူစင်တဲ့ မိန်းမလို့ ထင်တယ်''

''တိတ်စမ်း၊ ငါ မကြားချင်ဘူး၊ သူ့ဟာသူ ဘယ်လောက်ပဲ ရိုးသားပါစေ၊ ငါ ချွေးမအဖြစ် မတော်နိုင်ဘူး၊ အသိ



www.burmeseclassic.com

www.burmeseclassic.com



အမှတ်လည်း မပြုနိုင်ဘူး၊ အမလေး"

"အန်တီသော်"

"မာမီ"

"ငါ ငါဘာမှမဖြစ်ဘူး၊ မင်းထွက်သွားတော့၊ သွားစမ်း"

"မာမီ"

"မင်းငါ့သားမဟုတ်ဘူး၊ ထွက်သွား"

ဉာဏ်သာ အပြင်သို့ထွက်လာခဲ့လေသည်။ နောက်မှ စင်လိုက်လာ၏။ သူလသာဆောင်မှာ ထိုင်မိသည်။

"ကိုဉာဏ်သာ"

"စင်"

"မိဘဆိုတာ ဒီလိုပါပဲ ကိုဉာဏ်သာ၊ တကယ်လို့ ဉာဏ်သာတို့မှာ မြေးဦးလေးရလာရင်ပေါ့၊ အားလုံးအိုကေသွားမှာ ကိုဉာဏ်သာ စိတ်မညစ်ပါနဲ့၊ လောကကြီးက ဒီလိုပဲ ဖြစ်တတ်ပါတယ်"

"စင်"

"ဟင်"





"မင်းဘာဖြစ်လို့ ဒီလောက်ပြည့်ဝနေရတာလဲ၊ ကိုယ့်ကို အားပေးနေရတာလဲ"

"ကိုဉာဏ်သာက ဘယ်လိုအခြေအနေမျိုးမှာပဲ ဖြစ်ဖြစ်၊ မမကို လက်ထပ်မှာပဲ မဟုတ်လား"

"အင်း"

"စင် အားပေးရတာလေ၊ ပြဿနာတွေ အားလုံးအေးချမ်းသွားတာမျိုးပဲ စင်လိုလားပါတယ်"

စင်ရယ် မင်းက တခြားမိန်းမတွေနဲ့ မတူတာဘဲ ကိုယ်က ကျေးဇူးဆပ်ချင်နေတယ်။ မမရင်ထဲက နာကျည်းမှုတွေကို ကိုယ်ချောက်ဖျက်ပေးချင်နေတယ်။ စင့်ကိုတော့ အားနာပါတယ် စင်ရယ်။ မင်းကို ရွေးချယ်ခြင်းက ကိုယ့်ဘဝတစ်သက်တာလုံး အေးချမ်းပျော်ရွှင်ရမယ်ဆိုတာ ကိုယ်သိပါတယ်။ မာမီက စိတ်မာသည်။ ဘယ်လိုမှ ပျောင်းဖျ၍ရမှာ မဟုတ်။ မမကို ဘယ်လိုနည်းနှင့်မှ သက်ခံမှာ မဟုတ်ပေ။

"ကိုဉာဏ်သာ တစ်ခုခုစားပါလား၊ စင် ဘာလုပ်ပေးရမလဲ၊ မနက်စာ စားမလား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ပြန်မယ်စင်"

"ဟင်"

"မာမီ့ကို ခဏလောက် ကြည့်ပေးထားပါစင်၊ မမလည်း နေမကောင်းဘူးလေ၊ ကိုယ်ပြန်ရမယ်"

ဉာဏ်သာပြန်မှဖြစ်မယ်။ မာမီနေကောင်းတာပဲ။ မဒေ ပြဿနာရှာမှာ ကြောက်နေရသည်။ မမကို ဉာဏ်သာ နားလည် ပေးနိုင်ပါတယ်။ ကိုကို့ကြောင့် ထိခိုက်နစ်နာမှုတွေ များပြားခဲ့တာ ကိုယ် ပေးဆပ်ရမယ် မမကို ချစ်တယ်။ ကိုယ့်နှလုံးသားထဲ မမပဲရှိနေတယ်။ ကိုယ်တောင်းပန်ပါတယ် စင်။ သူ ထလိုက်သည် မာမီက သူ့ကို နာကြည်းနေ၏။ စင့်လိုမိန်းကလေးကို ကိုယ်မ ချယ်ရမှာပဲ။

"စင်"

"ဟင်"

"ကိုယ်သွားမယ်"

"အင်း"

"ကျေးဇူးပဲ"





"ကိုဉာဏ်သာ တကယ်ပဲ မမကိုလက်ထပ်တော့မှာလား ဟင်"

"ဟုတ်တယ် စင်၊ ကိုယ်တို့ မနက်ဖြန် တရားရုံးမှာ လက်ထပ်ဖို့ စီစဉ်ထားတယ်"

"ဟုတ်လား"

စင် ကြောင်ငေးစွာ ရပ်နေမိလေသည်။ ကိုဉာဏ်သာပြန် ထွက်သွားဖို့ ပြင်လိုက်စဉ် မမဆီမှ ဖုန်းလာ၏။ စင်နှင့်ပြောချင် သည်ဆို၍ စင် ဖုန်းကို ကိုင်လိုက်လေသည်။

"ဖြူစင်ချို့လား"

"ဟုတ်ပါတယ် မမ"

"ဉာဏ်သာရော"

"ရှိပါတယ်၊ မမနဲ့ စကားပြောလိုက်နော်"

"စင် နင်ဒီမှာ ဘာလာလုပ်နေတာလဲ၊ ငါက ဉာဏ်သာနဲ့ လက်ထပ်တော့မယ်လေ၊ နင်မျှော်လင့်မနေနဲ့တော့"

"မမ"

"ဉာဏ်သာ့မာမီကို နင်ကပ်နေတာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မမ စင် အဲဒီလို မိန်းကလေးမဟုတ်ပါဘူးနော်၊ အခြေ အနေအရ အန်တီသော်အနား ကပ်နေရတာပါ"

စင် စိတ်ပျက်နေမိလေသည်။ ကိုညဏ်သာ့ကြောင့်လည်း အန်တီသော်အပေါ် ပိုပြီးသံယောဇဉ် တွယ်နေမိတာတော့ အမှန်ပင်။ မမ ဘာဖြစ်နေတာလဲ ကိုညဏ်သာ့ကို ရနေပြီပဲ။

"ကိုညဏ်သာ မမဆီလာပါပြီ၊ သူ လက်ထပ်မှာက မမပါပဲ၊ ယုံပါ"

"ဖြူစင်ချို"

"ရှင်"

"နှင် နောက်ဆုတ်ပေးပါနှင် မနှောင့်ယှက်နဲ့နော်"

"စိတ်ကို ထိန်းပါမမ၊ စီးပွားရေးလုပ်ငန်းကြီး တစ်ခုလုပ် နေတဲ့ မမရဲ့ ဂုဏ်သိက္ခာကို ထောက်ထားပါဦးနော်"

"နှင်နဲ့ မဆိုင်ဘူး၊ ငါညဏ်သာ့ကို အဆုံးရှုံးမခံနိုင်လို့ ပါ"

"ကိုညဏ်သာက မမကို လက်ထပ်မှာပါ၊ ယုံလိုက်ပါ မမရယ်"





စင် ဖုန်းပိတ်ပစ်လိုက်လေသည်။ သူမ နှလုံးသားတွေထဲ မှာ နာကျင်စူးနင့်သွားရ၏။ စင် အဲဒီလို ယောက်ျားမျိုးကို လက်မ ထပ်ချင်ပါဘူး။ စင် ဘာဖြစ်နေရတာလဲ။ ဆိုဖာဆက်တီပေါ်မှာ နုံးချိစွာ ထိုင်ချပစ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"မမဘာတွေဖြစ်နေတာလဲ၊ စင့်မှာ အပြစ်မရှိပါဘူး မာမီ တစ်ယောက်တည်းဖြစ်နေလို့ စောင့်ရှောက်ပေးနေတာပါ"

"မရဘူး၊စင်နေတာ မရိုးသားဘူး၊ မမက မိန်းကလေး ချင်းပဲ ညဏ်သာ"

"မမ စိတ်ကိုထိန်းချုပ်စမ်းပါဗျာ၊ လုပ်ငန်းကြီးတစ်ခု ဦးဆောင်နေပြီး မာန်မာနတွေ ကြီးမားတဲ့မေမြတ်မဒီ ဘယ်ရောက် သွားပြီလဲ"

"မင်းကြောင့်လေ ညဏ်သာ၊ မင်းက ငါ့ကို ဖမ်းစားနိုင် တယ်၊ ငါဘယ်ယောက်ျားကိုမှ အဲဒီလောက် မချစ်ခဲ့ဘူး"





ညဏ်သာ့ကို သူမရှုံးနေပြီပဲ။ လက်လွှတ်လိုက်ရမှာပင်။ သူမဘယ်လိုမှ လက်မခံနိုင်ဘဲ ဖြစ်နေသည်။ အရက်သိက္ခာတွေပင် ညှင်းမဲ့နေ၏။ သူမ နှလုံးသားတွေ နာကျင်ကြေကွဲနေရသည်။ ညဏ်သာ့ကို ချစ်ခင်မြတ်နိုးတဲ့ အကြည့်တွေနှင့် ကြည့်နေမိလေသည်။

"ညဏ်သာရယ်"

ညဏ်သာ့ရင်ခွင်ထဲ တိုးဝင်ဖက်တွယ်ထားလိုက်လေသည်။ ညဏ်သာ့ဘက်မှ တုံ့ပြန်မှုက အေးစက်နေသည်ဟု ထင်နေ၏ ညဏ်သာ မလွဲမရှောင်သာလို့ ဆက်ဆံနေတာမျိုးလား။ ဒါမှ မဟုတ် စိန်ခေါ်မှုအတွက် အနိုင်ယူဖို့ အောင်ပွဲခံဖို့ ပြင်ဆင်နေတာ လား ငါ မယုံဘူး။ မင်းရွေးချယ်ရမှာက စင်ပဲ။ ဒီလောက်ဖူးစင်ပြီး ဖြစ်ကင်းမဲ့အောင် လှပချောမွတ်နေတဲ့ ကောင်မလေးပဲ မင်းရွေး ချယ်မှာက စင်ပဲ။

"မင်း ... မင်း ငါ့ကို အနိုင်ယူဖို့ ကြိုးစားနေတာလား ညဏ်သာ၊ ပြောစမ်း .. မင်း ရွေးချယ်မှာက စင်ပဲ"

"မမနဲ့ ကိုယ် မနက်ဖြန်ပဲ လက်ထပ်ကြတော့မှာလေ၊



www.burmeseclassic.com

www.burmeseclassic.com



မမ စိစဉ်ထားပြီးပြီပဲ"

"မင်းငါ့ကို မချစ်ဘူး မဟုတ်လား၊ မချစ်ဘဲနဲ့ လက်ထပ်မှာလား"

"ခက်တာပဲဗျာ၊ မမဘာတွေ ဖြစ်နေတာလဲ၊ ဉာဏ်သာက မမကို ချစ်လို့လက်ထပ်မှာပါ၊ မမကို ဉာဏ်သာချစ်တယ်"

ဉာဏ်သာ့လက်တွေက ပြေလျော့ချင်နေသည်။ မမထို့သူချစ်နေမိ၏။ အဲဒါတော့ အမှန်ပဲ ဒါပေမယ့် မမရဲ့ မျက်ဝန်းတွေထဲကြောက်စရာကောင်းလောက်အောင် မာထန်ပြီး မယုံသင်္ကာဖြစ်နေလေသည်။ ဉာဏ်သာရော ဘာဖြစ်လို့ စိတ်ပျက်နေမိရတာလဲ။ သူ့ဆုံးဖြတ်ချက်တွေအတွက် နောင်တတွေရနေမိသလိုပင်။ တကယ်တော့ သူ့ရဲ့ကလေးဆန်မှုပဲ မမလည်း သူ့ဟာသူ နေတာပါ။ ဉာဏ်သာ ဒီကိစ္စအတွက် ပေးဆပ်ဖို့ ကြိုးစားနေပေမယ့် မမအပြုအမူတွေအတွက် ဉာဏ်သာ စိတ်ပျက်မိနေလေသည်။

"ဉာဏ်သာ"

"ဟင်"

"မင်း စင်နဲ့လုံးဝ မပတ်သက်နဲ့နော်၊ မမပြောထားပြီးပြီ





ဒီကောင်မလေးရှိတဲ့ နေရာကိုလည်း မသွားနဲ့"

"စင့်ကို မတိုက်ခိုက်ပါနဲ့၊ ကိုယ်တို့အတွက် စင်က အကူအညီပေးနေတာပါ"

"မကြားချင်ဘူး၊ မင်းကို ပြောထားပြီးပြီနော်၊ စင်နဲ့ မပတ်သက်နဲ့ ဒီဟာမလေးက မင်းကို ကြိုက်ချင်ကြိုက်နေမှာ"

"စင်က အဲဒီလို မိန်းကလေးမျိုး မဟုတ်ပါဘူး၊ စင်က ရိုးသားပါတယ်"

"ဉာဏ်သာ"

ဉာဏ်သာက စင့်ဘက်မှ လိုက်နေသည်ဟု ထင်မိလေသည်။ နည်းနည်းမှ မကျေနပ်၊ ဉာဏ်သာ့ကို သူမဘယ်လိုနည်းနှင့်မှ လက်လွှတ်အဆုံးရှုံး မခံနိုင်ဘူး။

"ဉာဏ်သာ မင်းဒီနေရာကနေ ဘယ်မှ မသွားနဲ့တော့၊ မင်း မမအနားမှာပဲ နေရမယ်"

"နေမှာပါ၊ ဉာဏ်သာတို့ လက်ထပ်မှာပါ၊ မမဘာမှ မပူပါနဲ့၊ အနားယူပါ"

ဒီဒီဘာတွေဖြစ်နေမှန်းပင် မသိတော့။ အရှက်တွေလိုက္ခာ



www.burmeseclassic.com

www.burmeseclassic.com



တွေ ဘယ်ရောက်ကုန်ပြီလဲ။ ဉာဏ်သဉ္ဇာကို ရှူးသွပ်စွာ ချစ်သွားမိသည်။ ဒီဒီရူးသွပ်နေပြီလား ထက်သာသော်ကို ချစ်ခဲ့မိနေပြီလား။ ထက်သာသော်ကို ချစ်ခဲ့မိပေမယ့် ရူးနှစ်ပြင်းပြတဲ့ လှိုက်မောဖွယ် ခံစားမှုတွေ မရှိခဲ့။ ဒီဒီဘယ်လိုမှ ထိန်းချုပ်လို့ မရအောင် ပေါက်ကွဲချင်နေသည်။ ယောက္ခမလောင်းကြီးကိုလည်း မကျေနပ်မိ။ ဒီဒီခန္ဓာကိုယ်လေး နုံးခွေနေသည်။ ဘာဖြစ်လို့လဲ၊ ဉာဏ်သာနဲ့ လက်ထပ်ပါ့မယ်ဆိုမှ မင်္ဂလာပွဲအတွက် ဒီဒီစီစဉ်ရင်း မောပန်းနေမိသလိုပင်။

"နီတာ"

"ရှင် မမဒီ"

"နန်စို့ ဆီဖုန်းဆက်စမ်း"

"ဟုတ်ကဲ့"

"မမကုမ္ပဏီကို လာခဲ့မယ်လို့"

"ဖြစ်ပါ့မလား မမ"

"ဉာဏ်သာနဲ့ သွားမှာပါ၊ ဉာဏ်သာရော ဘယ်သွားလဲ"

"သူ့အိပ်ခန်းထဲမှာပါ မမ"





"ဟုတ်ရဲ့လား နီတာ၊ ဉာဏ်သာ သူ့အိမ်များပြန်သွားတာလား"

"မမဒီ"

"ဟင်"

"ယောကျ်ားတစ်ယောက်ကို ဘာဖြစ်လို့များ ဒီလောက်အထိ စွဲလမ်းနေရတာလဲ မမရယ်၊ အရင်ကလည်း မမပဲ ထိနိုက်နှမ်းနာခဲ့ရတာ မဟုတ်လားဟင်"

"နီတာ"

"ရှင် မမ"

"မမ ဘာဖြစ်နေလည်း မသိဘူး၊ ဉာဏ်သာ့ကို ဘယ်သူမှ မချစ်ဘူးတဲ့ အချစ်တွေနဲ့ ချစ်မိနေတာ"

"မမရယ်"

သူမကတော့ မင်္ဂလာကိစ္စအတွက် ကိုယ်တိုင်သွားစီစဉ်ဖို့ပဲ စိတ်အားသန်နေသည်။

"မမှာ အားမရှိသေးဘူးလေ၊ မနက်ဖြန်အထိ စောင့်လိုက်ပါလား၊ မမကို ကြည့်ရတာ အရမ်းအားနည်းနေသလိုပဲ"

www.burmeseclassic.com



“ရပါတယ်၊ မမသွားမယ်၊ မင်္ဂလာပွဲကို မမစီစဉ်မယ်။ မနက်ဖြန် တရားဝင် လက်မှတ်ထိုးပြီးရင် မင်္ဂလာပွဲကို ကျင်းပဖို့ နန်စီ့ကို စီစဉ်ခိုင်းရမယ်”

“မမစိတ်လျှော့ပါ၊ ကျန်းမာရေးက အရမ်းအရေးကြီးတယ်လေ၊ မမအရမ်းအားနည်းနေတယ်”

“ဉာဏ်သာဘယ်မှာလဲ၊ အိပ်ခန်းထဲမှာလား၊ သူက မမအနားကနေ ဘာဖြစ်လို့ ပျောက်သွားရတာလဲ”

“မမဒီ”

“နီတာ ညည်းဖုန်းသွားဆက်လေ၊ ငါခိုင်းတာပဲ လုပ်စမ်းပါ”

ဉာဏ်သာက သူ့အလစ်တွင် အပြင်ထွက်သွားသည်။ ဒီကောင် ဒီဒီ့ကို မချစ်ချင်လို့လား။ ဉာဏ်သာအေးစက်နေသလိုပဲ။ ဟုတ်တယ်။ စောစောက သူ့လက်တွေ ပြေလျှော့နေတယ်။ ဉာဏ်သာဘယ်ထွက်သွားတာလဲ။ တကယ်ဆို ဒီဒီ့အနားမှာပဲ နေမယ်။ နင်ဘယ်သွားနေတာလဲ ဉာဏ်သာ။ စင်ဆိုတဲ့ ကောင်မလေးက မြူဆွယ်ဖြားယောင်းမှုတွေနဲ့ နင့်ကို အချိုသတ်နေမှာပါ။





သဘောကောင်းချင်ယောင်ဆောင်နေတာပဲ။ မယုံဘူး။ငါလူတွေကို မယုံဘူး။ အထူးသဖြင့် အချစ်ကိုပဲ။ မင်းက ထက်သာရဲ့ ညီပဲ။ ငါ့ကိုလည်း မုန်းတီးနေတာပါ။ ဒီဒီရှုံးပြီလား။ ဉာဏ်သာဘက်က ဒီဒီ့ကို စိတ်ထိခိုက်နာကျင်စေဖို့ ကြိုးစားနေတာ များလား ဘာပဲဖြစ်ဖြစ် အရေးအကြီးဆုံးက ဉာဏ်သာကို လက်လွှတ် ဆုံးရှုံးမှု ခံရဖို့ပဲ။ စင် ညည်းက မာယာများနေတာပါ။ကျုပ်သိတယ်။ မိန်းကလေးချင်းပဲဟာ။

“ဉာဏ်သာ နန်စီဆေးတိုက်ဖို့ ဝင်လာတော့ နင်အလစ်မြန် ထွက်သွားတာပဲ၊ ဘယ်ရောက်နေလဲ ဉာဏ်သာ”

သူမ သိလိုက်လေသည်။ ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားရ၏။ သူမစိတ်ကို ထိန်းလိုက်သည်။ ဉာဏ်သာဘယ်ရောက်သွားလဲ နီတာ။ ဝင်လာတော့ ဉာဏ်သာထွက်သွားလေသည်။ ဒီဒီ ဒယိမ်းဒယိုင်နှင့် အပြင်ထွက်လာခဲ့၏။ လသာဆောင်မှာ ရပ်ပြီး ဉာဏ်သာ ဖုန်းဆက်နေလေသည်။

“ဉာဏ်သာ မင်းဘာလုပ်နေတာလဲ၊ ဖုန်းဆက်နေတာလား၊ ပြောစမ်း၊ ဘယ်သူ့ဆီလဲ၊ စင့်ဆီပဲ မဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



"စင်က ဖုန်းဆက်တာပါ"

"ဘာ"

"မာမီ နေကောင်းသွားပါပြီတဲ့၊ ကိုညဏ်သာ နောက်ဆံမတင်းပဲ လုပ်စရာရှိတာ လုပ်ပါနော်"

"ဘာ သူကများ မင်းအပေါ်သဘောကောင်းချင်ယောင်ဆောင်နေတာပါ၊ မြှူဆွယ်ဖြားယောင်းနေတာပါ"

"မမ နေမကောင်းသေးဘူး မဟုတ်လား၊ အခန်းထဲမှာပဲ အနားယူနေပါဗျာ"

ဒယီမ်းဒယိုင်ဖြစ်နေတဲ့ မမကို ဖေးမထားရင်း စိတ်ပျက်စွာ ပြောလိုက်မိလေသည်။ မမကများ တမင်ညဏ်သာ့ကို စိတ်သောကတွေ ရောက်အောင်လုပ်နေတာများလား။ စင်က ဖြူစင်ပါတယ်။ ဒါကို သူအသိဆုံးပဲ။ မမကို ကြည့်ရတာ။ ကြောက်စရာကောင်းနေသည်။ စွဲမက်စရာကောင်းသော မမရဲ့ ကျက်သရေရှိလွန်းသော အလှတွေ ပျောက်ကွယ်နေသလိုပင်။

"မမ နေမကောင်းဘူးထင်တယ်၊ အားတွေလည်း နည်းနေသလိုပဲ၊ မမအနားယူလိုက်ပါ"



"မမအပြင်သွားမယ် ညဏ်သာ၊ ကုမ္ပဏီကို သွားချင်တာ"

"ဘာလုပ်ဖို့လဲ မမရာ၊ ကိုယ်သွားမယ်လေ"

"မမလိုက်မယ် မင်္ဂလာပွဲအတွက် စီစဉ်စရာရှိတာတွေ စီစဉ်ဖို့လေ"

"ကိုယ်တို့တရားဝင် လက်ထပ်လိုက်ရင် ပြီးတာပဲ၊ မမနေမကောင်းဘူးလေ၊ ညှော်ခံပွဲလုပ်မလို့လား"

"လုပ်ရမယ်၊ မမဘဝမှာ ဒါကပထမဆုံး မင်္ဂလာပွဲပါ၊ ကိုယ့်ကိုလည်း မမက အရမ်းချစ်တော့ မင်္ဂလာပွဲ အကြီးအကျယ်ကို ကျင်းပရမှာ"

"ကိုယ့်မာမီ လာနိုင်မှာမဟုတ်ဘူး မမ၊ မာမီက ကိုယ့်ကို ဆောင် အတွေ့မခံတော့ဘူး၊ သားအဖြစ်ကနေ စွန့်လွှတ်မယ်ထင်တယ်"

"ဘာ"

လုံးဝ မကျေနပ်ဘူး၊ ကျွန်မဘာမို့လို့လဲ။ ဟို စင်ဆိုတဲ့ ကောင်မလေးကိုတော့ ချွေးမတော်မယ်ပေါ့လေ။ မဖြစ်ဘူးဒီတို့

www.burmeseclassic.com



မင်္ဂလာပွဲကို ကိုယ့်မာမီအသိအမှတ်ပြုမှ ဖြစ်မယ်။ မဆီမဆိုင် စင်းဦးတဲ့ ဟာမလေး ဒေါ်သော်တာ့အနား ရောက်နေတာ အဓိပ္ပာယ်မရှိလိုက်တာ။

"မမ"

"ဟင်"

"သွားရအောင်"

"မမ အနားမယူချင်သေးဘူး၊ ကုမ္ပဏီကိုပဲသွားမယ်"

"ကောင်းပြီလေ၊ ဒါဆိုလည်း မမသွားချင်တဲ့နေရာသွားကြမယ်"

ဉာဏ်သာကတော့ အရာအားလုံး မမသဘောဆန္ဒအတိုင်းပဲ ဖြစ်စေချင်မိလေသည်။ ဘဝမှာကိုကိုကြောင့် ထိခိုက်နာကျင်ခဲ့ရ၍ဉာဏ်သာ ဖြည့်ဆည်းပေးချင်နေခဲ့၏။ မာမီဘာပဲပြောပြောဘယ်လိုပဲကန့်ကွက်ပါစေ။ သူ လက်ထပ်ဖို့ပဲ ဆုံးဖြတ်ထားမိလေသည်။

# အခန်း (၁၉)

"စင်"

"ရှင်"

"သမီးပြန်တော့လေ၊ အန်တီသော့ကို ထားခဲ့ပါ။ ဘယ်လိုဖြစ်ဖြစ် အန်တီသော် ရင်ဆိုင်နိုင်ပါတယ်၊ တစ်ယောက်တည်းနေနိုင်က ရှိနေပါပြီကွယ်"

စင် နာကျင်စွာဖြင့် အန်တီသော့ကို ကြည့်နေမိလေသည်။ ကိုဉာဏ်သာသော်က လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တစ်ခုကို လုပ်နေတာပဲဟု ထင်မိ၏။ ကိုယ်ချစ်မြတ်နိုးတဲ့မိန်းမတစ်ယောက်ကို အိမ်ထောင်ဖက်အဖြစ် ရွေးချယ်တာအမှန်ကန်ဆုံးပဲဟု ထင်မိသ





www.burmeseclassic.com

www.burmeseclassic.com



ထားမိလေသည်။ အန်တီသော့်ကို စင် မျှော်ဖျနေမိ၏။ တစ်သ... လုံး ဆွေမျိုးတွေအဖြစ် ပတ်သက်ဆက်ဆံကြရမှာမဟုတ်လား

"အန်တီသော်"

"ဟင်"

"မမကို ချွေးမအဖြစ် လက်ခံလိုက်ပါ"

"ဘာ"

"အန်တီသော် အလုပ်သင့်ဆုံး အလုပ်ပါပဲ၊ အ... စိတ်ချမ်းသာဖို့အတွက်ပဲလေ"

"လက်မခံနိုင်ဘူး စင်၊ လုံးဝပဲ"

ဒေါ်သော်တာ လုံးဝလက်မခံနိုင်ဘဲ ဖြစ်နေလေသ... မေမြတ်မဒီ မင်းကို ငါ မယုံဘူး။ မင်းက ငါ့သားကြီးအ... ငါတို့ သားအမိကို လက်စားချေဖို့ ကြိုးစားနေတာပဲ။ ငါ့သာ... ဘဝဆုံးပြီ။ ခန့်ညားပြီး ပညာတတ် သားငယ်၊ တန်ဖိုးအကြီး... သားငယ်၊ သင်းက ဖျက်ဆီးပစ်တော့မယ်။

"ငါ့သားငယ်ဘဝကို သင်း ဖျက်ဆီးမှာ၊ ဒါ... ငွေကြေး ပြန်ဆပ်တာကို လက်မခံတာဘဲ"





"အဲဒီလိုဖြစ်ချင်မှ ဖြစ်မှာပါ အန်တီသော်၊ ကိုညဏ်သာက မိန်းမတွေကို စွဲဆောင်နိုင်ပါတယ်"

"စင်"

"ရှင်"

"သားငယ်ကို သမီးလေး ချစ်နေလား"

"ဟင်"

စင် ဘယ်လိုဖြေရမလဲ။ ဟုတ်တယ် အချစ်ဆိုတာ တစ်မျိုးပဲလေ။ စင်တောင်ချစ်သူရှိနေတဲ့ ယောကျ်ားတစ်ယောက်ကို ချစ်ဖို့ ကြိုးစားခဲ့တာပဲ။ ကိုညဏ်သာက မိန်းမတစ်ယောက်ကို နှမက်စေတဲ့ ယောကျ်ားတစ်ယောက်ပါပဲလေ။ စင့်နှုတ်ခမ်းလေးတွေ တ တင်းတင်းစေ့ နေသည်။

"အန်တီသော်က စင်လေးကိုပဲ ချွေးမတော်ချင်နေတာ ပါ"

"စင်ကတော့ ကိုညဏ်သာ့ကို ချစ်နေမိတာတောင် ကိုညဏ်သာနဲ့ အတင်းအကြပ်လက်ထပ်ပေးမယ်ဆိုရင်တောင် စင် ငြင်းမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



စင့်မာမီက စင့်ကို ဒီလိုအနေအထားမျိုး လက်မခံလိုပေ။ သမီးက ဖြူစင်တဲ့ မိန်းကလေးပဲ။ အချစ်ကို အခုမှ ခံစားရမှာက သမီးလေးနော်၊ မာမီဘယ်လို ခံစားရတယ်ဆိုတာ သမီးလေး စင် အသိဆုံးပါပဲလေ။

မာမီ့စကားတွေက သူမကို ဆုံးမတားဆီးနေသလိုပင်။ အန်တီသော့်အနားကနေ စင်သွားတော့မယ်။ ကိုဉာဏ်သာတို့မိသားစုနဲ့ အကင်းရှင်းဆုံးနေတော့မည်။

"စင် ပြန်တော့မယ်နော် အန်တီသော် နေကောင်းအောင်နေပါ၊ အရေးအကြောင်းရှိရင်တော့ စင်လာခဲ့ပါမယ်"

စင် ငိုချင်နေလေသည်။ အန်တီသော့်ရှေ့မှာ ရပ်တည်နိုင်စွမ်းပင် မရှိတော့ပေ။ မနက်ဖြန် ကိုဉာဏ်သာသော်နဲ့ မမတို့ လက်ထပ်ကြတော့မယ်။ စင် လက်လွှတ်ဆုံးရှုံးဖို့ပဲ ရှိနေသည်။

"စင်"

"ရှင်"

"သားဘယ်လို အခြေအနေမျိုးမဆို စင်လေးလက်ထပ်နိုင်လားကွယ်"





"ဟင့်အင်း"

"စင်"

"စင့်ဘဝတစ်လျှောက် စိတ်သောကတွေ ခံစားနေရတော့မှာပါ၊ စင်ကတော့ ကိုဉာဏ်သာ ပျော်ရွှင်ချမ်းသာမှုတွေကိုပဲ လိုလားပါတယ်"

စင် ပြန်လာခဲ့လေသည်။ မာမီက ဆီးကြိုနေ၏။ စင်လက်လေးကို မာမီက ဆုပ်ကိုင်လိုက်သည်။ စင် ခြေလှမ်းတွေက လေးလံနေ၏။ အခန်းထဲအထိ မာမီက တွဲယူဖေးမပို့ပေးသည်။

"စင်"

"မာမီ"

"မာမီ့သမီးလေးကို အဲဒီလိုပုံစံမျိုးဘယ်တော့မှ မမြင်ချင်ခဲ့ဘူး၊ သမီးလေးကို အချစ်အတွက် မခံစားစေချင်တာပါ၊ မောင်ဉာဏ်သာကိုလည်း ချစ်မိမှာ မာမီအရမ်းပဲစိုးရိမ်မိတယ်"

"မာမီ"

"သမီးလေး"

"ကိုဉာဏ်သာသော့်ကို စင်ချစ်မိနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ"

စင့်မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်လာရသည် ကြေကွဲစွာ မာမီ့ရင်ခွင်ထဲ ပြေးဝင်ဖက်တွယ်ထားမိ၏။

ကိုညဏ်သာသော်ကို စင်ချစ်မိလေသည်။ စင်ရဲ့ ဖြူစင်သော နှလုံးသားလေးထဲမှာ ရှင်ဘာဖြစ်လို့ ဝင်လာရတာလဲ။ စင် ငိုချင်သည်။

"မောင်ညဏ်သာသော်ကို သမီး မေ့ပစ်လိုက်ပါ ဘယ်တော့မှ လက်မထပ်ရဘူး၊ မာမီသဘောမတူဘူးစင်"

"အဲဒီလို မလုပ်ပါနဲ့မာမီ၊ မမနဲ့ လက်မထပ်ဖြစ်ခဲ့ရင် စင်လေ ကိုညဏ်သာသော်ကို သမီးပိုင်ဆိုင်ချင်တယ်"

"စင်"

"မာမီ"

"တော်စမ်း၊ သူက မေမြတ်မဒီဆိုတဲ့ မိန်းကလေးကို ချစ်နေတာလေ၊ သမီးကို ချစ်နေတာမှမဟုတ်တာ"

"သူဘက်က သမီးကိုမချစ်ချင်လည်း နေပါစေ၊ သူ့ကို ပိုင်ဆိုင်ချင်တယ်"





"တိတ်စမ်း"

သမီးစင် ဖြစ်ပျက်နေတာတွေကို မကြည့်ရက်တော့ပေ။ မိစိုးယ်စဉ်က အဖြစ်အပျက်တွေနဲ့ ဘာဖြစ်လို့များလာတူနေရတာလဲ။ သမီးကို ဘယ်တော့မှ ကြေကွဲဝမ်းနည်းမှုတွေ မခံစားစေရဘူးလို့ ဆုံးဖြတ်ပြီး ဆုံးမသွန်သင် ထိန်းကျောင်းခဲ့တာပဲ။

"သော်တာ့သားမှာ ချစ်သူတွေဘာတွေ ရှိရင်တော့ သမီးလေးနဲ့ အတင်းအကြပ် လက်ထပ်မပေးနိုင်ဘူးနော်၊ မင်းသား ချစ်ခင်နှစ်သက်တဲ့ မိန်းကလေးကိုပဲ လက်ထပ်ပါရစေ"

"ကိုယ့်သားက ပညာရေးကလွဲပြီး ဘာကိုမှ စိတ်မဝင်စားခဲ့ဘူး၊ ချစ်သူ မိန်းကလေးလည်း မရှိပါဘူး ကိုယ်အာမခံပါတယ်"

အခြေအနေတွေက ဘယ်လိုဖြစ်ခဲ့ကြရတာလဲ။ သမီးလေးရဲ့ ကံကြမ္မာပဲလား။ သော်တာ မင်းလိမ်ညာခဲ့တာလား။ မင်းဘယ်တော့မှ မဟုတ်မှန်တာ မပြောခဲ့လို့ ကိုယ်ယုံကြည်ခဲ့တာပါ။ ကြည့်စမ်းသမီးလေး ခံစားနေရပြီ။ တသိမ့်သိမ့်ရှိုက်ငိုနေလေသည်။ မီမှားတာပါ။ သမီးလေးက မှည့်တစ်ပေါက်တောင် မစွန်းရသေးတဲ့ မိန်းကလေးပါ။ ပထမဆုံး စတင်တွေ့ထိခဲ့တဲ့ ယောကျ်ား

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို ချစ်မိသွားမှာပဲ။ မိမိ မစဉ်းစားခဲ့တာပါ။

"စင်လည်း ဘဝတစ်လျှောက်လုံး မာမီနဲ့ ထပ်တူထပ်မျှ ကြေကွဲခဲ့ရတာပါပဲကွယ်၊ ဒက်ဒီက မာမီမွေးတဲ့သမီးကို ချစ်ခဲ့လို့လား"

ဟင့်အင်း စင်လောလောဆယ် ဘာမှမတွေးချင်ပါဘူး ရင်ထဲမှာ ဘာဖြစ်လို့များ နာကျင်စူးနင့်နေရတာလဲ။ ဒက်ဒီက စင့်ကို မချစ်ပေ။အိမ်ကိုပင် ပြန်လာခြင်းမရှိခဲ့ စင့်ကို ထွေးပွေ့ ချော့မြှူတာမျိုးလည်း မရှိခဲ့ပေ။

"ငါသွားချင်တာ သွားမယ်၊ လုပ်ချင်တာ လုပ်မယ် မင်းကြောင့် ငါ့ဘဝပျက်ရတာလေ၊ မင်းပဲ ဖွတ်အတင်းငါ့ကို လက်ထပ်ခဲ့တာပဲ၊ မင်းခံစားပေါ့၊ ဒါမှ မင်းကိုယ်ချင်းစာတတ်မှာ"

မဆီမဆိုင် စင့်ကိုပင် သမီးအဖြစ်လက်မခံခဲ့ပေ။ မာမီငိုရင် စင်လည်း ငိုခဲ့ရတာပဲ။ ဒက်ဒီပြန်မလာတဲ့ညတွေမှာ မာမီနဲ့အတူ မအိပ်နိုင်ဘဲ စောင့်နေရင်း မိုးလင်းခဲ့ရသည်။

"စင်နဲ့ မာမီခရီးထွက်ကြမယ်၊ နိုင်ငံခြားခရီးထွက်မလား"

"ဟင့်အင်း"





"ဘာဖြစ်လို့လဲ၊ သမီးရယ်"

"အန်တီသော်တာ့ကို စိတ်မချဘူး၊ တစ်ယောက်တည်း ဝေဒနာတွေခံစားနေရမယ်၊ သွေးအရမ်းတက်နေရင် ဒုက္ခပဲလေ"

"စင် ဒီအသိုင်းအဝိုင်းတွေနဲ့ ကင်းအောင်နေစမ်းပါ၊ သံယောဇဉ် ဖြတ်တော့၊ သမီးဘက်က ထိခိုက်နစ်နာနေရတာ တေနဲ့ဘူး၊ မောင်ဉာဏ်သာသော်က သမီးကို နည်းနည်းလေးတောင် ငဲ့လို့လား"

"မာမီ"

"စင်"

"သူတို့နဲ့ ပတ်သက်လို့ မာမီပဲစေခိုင်းခဲ့တာလေ၊ စင် ယောကျ်ား မယူချင်သေးဘူးပြောတော့ မောင်ဉာဏ်သာသော်က အရာအားလုံး ပြည့်စုံပြီး လက်ထပ်သင့်တယ်ဆို"

"ဒီလိုပုံစံမျိုးနဲ့ဆို မာမီသဘောတူမလား၊ လက်ခံမလား"

"မရတော့ဘူး စင် သူ့ကို ချစ်မိနေပြီ၊ ဘာဖြစ်လို့ ချစ်မိ သွားရတာလည်းဆိုတာ စင်မဖြေတတ်ဘူး မာမီ"



www.burmeseclassic.com

www.burmeseclassic.com



"စင်ရယ်"

သမီး ခန္ဓာကိုယ်လေးကို တင်းကြပ်စွာပွေ့ဖက်ထားမိလေသည်။ ဒါ ကံကြမ္မာပဲလား၊ စင်လေးကျမှ ဘာဖြစ်လို့ဖြစ်ခဲ့ရတာလဲ။ သမီးနှလုံးသားနုနုလေးထဲသို့ အချစ်တွေ ဝင်ရောက်လာစေရန် မိမိပဲ ဖန်တီးခဲ့တာပါလေ။ မိမိငယ်စဉ်ကလည်း ချစ်သူရှိနေတဲ့ ယောကျ်ား တစ်ယောက်ကိုမှ အရူးအမူးချစ်သွားခဲ့ရသည်။ ရယူပိုင်ဆိုင်ဖို့ နည်းမျိုးစုံနှင့် ကြိုးစားခဲ့၏။ အတင်းအကြပ်လက်ထပ်ခဲ့သည်။

"စင့်ကိုတော့ မာမီတားရမှာပဲ၊ ဒီလိုယောကျ်ား တစ်ယောက်ကို ရွတ်အတင်းကြီး လက်ထပ်ဖို့ သဘောမတူဘူး။ သော်တော့ဆိုလည်း သမီးမသွားရတော့ဘူး"

မိမိကတော့ သမီးအလိုဆန္ဒတွေကို မဖြည့်ဆည်းပေးနိုင်ဘဲ ဝိတ်ပင်တားဆီးဖို့ပဲ ဆုံးဖြတ်ထားမိလေသည်။

"သမီးအနားယူတော့ ကိုယ့်ကိုယ်ကို တန်ဖိုးမဲ့အောင် မလုပ်ပါနဲ့တော့"

မာမီပြန်ထွက်သွားလေသည်။ စင်ကြေကွဲစွာ ငိုကြွေးနေမိ၏။ အခုလောက်ဆိုလျှင် ကိုဉာဏ်သာသော်က မမနဲ့ပျော်ရွှင်





ကြည်နူးနေမှာပါလေ။ မိခင်တစ်ယောက်လုံးကိုတောင် စွန့်ပစ်နိုင်သေးတာပဲ စင့်စိတ်တွေကို ထိန်းချုပ်ထားပေမယ့် မရပေ။

ကိုဉာဏ်သာအသံကို ကြားချင်လာရလေသည်။ အမြဲတမ်း အကြောင်းတစ်ခုခုရှာပြီး စင်ဖုန်းဆက်နေတတ်ပြီး သူ့အသံကို နားထောင်တတ်၏။ မာမီပြောသလိုပဲ ရှင့်ကို စင်အတင်းအကြပ် လက်ထပ်ယူဖို့ မကြိုးစားချင်ပါဘူး။ အိမ်ထောင်သည်ဘဝမှာ ကိုယ်လက်ထပ်ထားတဲ့ ယောကျ်ားက တခြားမိန်းကလေးကို ချစ်နေတာ စင်အမုန်းဆုံးဖြစ်ခဲ့တာပဲလေ။ စိတ်တွေကို ထိန်းချုပ်ထားသည့်ကြားမှ သူ့အသံကို ကြားချင်လာ၍ သူ့လက်ကိုင်ဖုန်းကို ခေါ်လိုက်မိလေသည်။

"ဟဲလို"

မမအသံဖြစ်နေ၍ စင်အထိတ်တလန့်ဖြစ်သွားရသည်။ သူ့ဖုန်းကိုတောင် မမကကိုင်ထားတာပါလား။ စင့်ဆီမှာ သူ့ထံ ဆက်သွယ်ရတဲ့ အကြောင်းအရာက ခိုင်ခိုင်မာမာမရှိပေ။

"ဟဲ့ ဘယ်သူလဲ နင် စင် မဟုတ်လား၊ ဘာကိစ္စလဲ ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



စင်ဘာမှ ဆက်ပြောလို့ မရတော့သဖြင့် ဖုန်းကိုပဲ ပိတ်ပြစ်လိုက်လေတော့သည်။



## အခန်း (၂၀)

"ဒါ မြူစင်ချိုရဲ့ ဖုန်းနံပတ်ပဲ၊ ဒီမှာကြည့်စမ်း ဉာဏ်သာ၊ ဒီဟာမလေး ဖုန်းပိတ်ထားတယ်၊ မင်းဆီ ဘာကိစ္စနဲ့ ခဏခဏ ဆက်သွယ်နေရတာလဲ"

"မမ"

"နင်နဲ့ စင်ဆိုတဲ့ဟာမလေး မရှိးသားဘူး၊ နင်တို့ ပတ်သက်နေတာပဲ၊ ငါ့ကို လက်စားချေဖို့ ကြိုးစားနေတာလား ဉာဏ်သာ"

"မဟုတ်ပါဘူး မမရာ၊ ကိုယ်အရာအားလုံးကို စွန့်ခွာခဲ့ပြီး ပြီပဲ၊ မမနဲ့ကိုယ်လက်ထပ်တော့မှာလေ"



www.burmeseclassic.com

www.burmeseclassic.com



မမခန္ဓာကိုယ်လေးကို သူသိုင်းဖက်ဖို့ ကြိုးစားသည်။ မမ မျက်ဝန်းတွေက ဖြူရော်နေ၏။ အားအင်တွေ မရှိသလိုပျော့ခွေနေသည်။ သူစိတ်ပူသွားရ၏။ မမအလှတွေ တက်ကြွမှုတွေ ပျောက်ကွယ်နေလေသည်။

"မမအတိတ်က အဖြစ်အပျက်တွေအားလုံး မေ့ပစ်လိုက်ပါ၊ ကိုယ်နဲ့ပျော်ရွှင်ချမ်းမြေ့တဲ့ အိမ်ထောင်လေးတစ်ခု ထူထောင်ကြရအောင်နော်"

မမကို အားပေးနှစ်သိမ့်မှုအနေနှင့် ဉာဏ်သာ့အနမ်းလေးတ မမပါးပြင်ပေါ် ကျသွားရသည်။ မမက ခေါင်းကို ဆတ်ခနဲခါယမ်းပြီး ငြင်းဆန်လိုက်၏။

မမမျက်ဝန်းတွေက မာထန်နေသည်။

"မမ"

"နင့်ကို မယုံဘူး"

"ဒုက္ခပါပဲဗျာ"

"နင် ငါ့ကို မချစ်ဘူး၊ နင့်အစ်ကိုအတွက် လက်တုံ့ပြန်ဖို့ ကြိုးစားနေတာ"





"မဟုတ်ပါဘူး၊ စင်နဲ့ကိုယ်က ရိုးသားပါတယ်၊ ကိုယ့်ဘက်က မမကို တရားဝင်လက်ထပ်ယူဖို့တောင် ကြိုးစားနေတာပဲ"

"မယုံဘူး၊ ငါ မယုံဘူး"

ဒီဒီအော်ဟစ်ပစ်လိုက်လေသည်။ ဉာဏ်သာ့ကို မယုံဘူး။ သူက ဒီဒီကိုလာပြီး စိန်ခေါ်ခဲ့တာပဲ။ မင်းငါ့ကို ချစ်တယ်ဆိုတာ မဖြစ်နိုင်ပါဘူး။

ဒီဒီ့ရင်ထဲမှာ မောပန်းနွမ်းနယ်နေလေသည်။ ဘာဖြစ်နေရတာလဲ။ ဒီဒီအားမရှိဘူး။ စိတ်ထဲမှာ ဒေါသတွေတွေပဲရှိနေသည်။ နွမ်းကြပ်လိုက်တာ။ ဒါပေမယ့် ဒီဒီ ဉာဏ်သာ့ကိုတော့ မစွန့်လွှတ်နိုင်ပေ။ ချစ်တယ်။ နင့်ကို ချစ်နေတယ်။

ငါဘယ်လိုမှ မစွန့်လွှတ်နိုင်ဘူးဖြစ်နေတယ် ဉာဏ်သာ။ ဒီဒီ့ နှလုံးသားတွေက ဉာဏ်သာ့အပေါ်ကြီးမားတဲ့ အချစ်တွေ သံယောဇဉ်တွေ တွယ်တာနေခဲ့သည်။ ဒီဒီဘယ်လိုဖြစ်ရတာလဲ။ ဉာဏ်သာ့အစ်ကို ထက်သာက သူမဘဝကို သစ္စာမဲ့စွာ ရိုက်ချိုးဖျက်စီးပစ်လိုက်တဲ့ ယောကျ်ားပဲ။ သူ့ကိုရော ဒီဒီဘယ်လိုလုပ်ပြီး ယုံကြည်ရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



"မမ"

"ဟင်"

"ကိုယ်မမကို ချစ်တယ်"

"မယုံဘူး"

"ကိုယ်ဘာလုပ်ပေးရမလဲ၊ ပြောလေ မမ"

"နင် နင် ငါ့အနားကနေ ထွက်မသွားနဲ့၊ နင့်ဟိုဟာမျိုး ဖုန်းမပြောရဘူး၊ နင့်ကို ငါမယုံဘူးနော် ညဏ်သာ"

"ကိုယ်သေပေးရမလားဟင်"

ညဏ်သာ့လက်မောင်းတွေကို မမက တင်းကြပ်စွာ ဖက်တွယ်လေသည်။ မမမျက်ဝန်းတွေက ကိုယ့်ကို ဘယ်လောက် ချစ်မြတ်နိုးလည်းဆိုတာ အရိပ်အငွေ့တွေ ပြည့်လျှံနေသည်။

မမကိုယ်လုံးလေးကို သူ့လက်မောင်တွေနှင့် ရစ်သိုင်း ဖက်ထားမိ၏။ မမနှုတ်ခမ်းလေးကို ခပ်ဖွဖွလေးနမ်းရှိုက်မိနေသည်။ ဒီတစ်ခါတော့ မမက ငြိမ်သက်နေ၏။ ကိုယ်သေမှာကိုတော့ မေ စိုးရိမ်ထိတ်လန့်နေသလိုပင်။ ပြီးတော့ သူ့ကို မမကခပ်တင်းတင်း လေးပြန်၍ ဖက်တွယ်လေသည်။ မမစိတ်တွေကျနေတာ ကိုယ်သိ





နေသည်။ ခန္ဓာကိုယ်လေးက ပျော့ခွေနေ၏။ သူစိတ်ပူပင်စွာ ဖက်ထားမိနေသည်။

"ညဏ်သာ မမကို စွန့်ပစ်မသွားပါနဲ့၊ မင်းအရာအားလုံး စွန့်လွှတ်ခဲ့ရလို့ မမဘက်ကပေးဆပ်မှုတွေ ရှိမှာပါ၊ မမပိုင်ဆိုင်သမျှ ငွေ၊စိန်ဥစ္စာတွေ မင်းနာမည်နဲ့လွှဲပေးမယ်လေ"

"ကိုယ်ဒါတွေဘာမှ မလိုပါဘူး၊ မမကိုပဲ ချစ်တာပါ၊ ဒီကိစ္စကြောင့် မမဘဝနစ်နာထိခိုက်ခဲ့ရတာ မဟုတ်လား"

"ကိုရယ်"

ဒီဒီ မူးဝေမောဟိုက်နေလေသည်။ ဘာဖြစ်လို့လဲ။ ဒီဒီ အိပ်ပျက်ခဲ့တဲ့ညတွေ အစားမစားခဲ့တဲ့နေ့တွေ အများကြီးပဲ ညဏ်သာ။ မမရှုံးတာလား။ မင်းနိုင်ပါပြီ။ ယောကျ်ားတွေကို မုန်းတီးနာကြည်းပြီး ကင်းကင်းရှင်းရှင်းနေခဲ့တဲ့ သူမနှလုံးသား အတွထဲမှာ ညဏ်သာက မထင်မှတ်ဘဲ နေရာယူသွားရလေသည်။

"မမ မင်းကို အရှုံးပေးပါတယ်၊ ညဏ်သာရယ် မမကို ထားခဲ့ပါနဲ့ကွယ်"

"စိတ်ချပါမမ၊ ကိုယ်နဲ့ မမလက်ထပ်ကြမယ်လေ၊ မမဲ



www.burmeseclassic.com

www.burmeseclassic.com



စီစဉ်နေပြီပဲ"

"မမကုမ္ပဏီကို သွားမယ်၊ မင်္ဂလာပွဲအတွက် စီစဉ်မထား အကြီးအကျယ် အခမ်းအနားဆုံး မင်္ဂလာပွဲကြီး ကျင်းပကြမယ်နော်"

"အိုကေ"

သူကတော့ မမဆန္ဒတွေကိုပဲ အဓိက ထားမိနေလေသည်။ မမကိုထူမပေးမယ့် ရပ်တည်နိုင်ခြင်း မရှိ၍ သူ့အလွန်အမင်း စိတ်ပူသွားရ၏။ မမကိုယ်လေး သူ့ရင်ခွင်ထဲ ပျော့ခွေကျလာသည်။

"မမ"

"အမလေး"

"ဘာဖြစ်တာလဲမမ"

"မူးတယ်၊ မောတယ် ဉာဏ်သာ"

"မမအနားယူလိုက်ဦးနော်၊ နေကောင်းမှ မင်္ဂလာပွဲ ကျင်းပကြမယ်လေ"

ဒီဒီ ဘယ်လိုမှ မဟန်နိုင်တော့ပေ။ ရင်ထဲမှာ ဆို့တက်လာသည်။ မဖြစ်ဘူး။ ဒီဒီ လူမမာကြီးဖြစ်နေလို့ မဖြစ်ပါဘူး။ ဉာဏ်သာ စိတ်ပျက်သွားမယ်။ စင်က အရမ်းလှပတာပဲ။ ငယ်တည်း





ဉာဏ်သာက မက်မောသွားမှာပါ။ ကိုယ်ကို ထူမတ်ထားလိုက်လေသည်။

"မမ ဘာမှမဖြစ်တော့ဘူး ဉာဏ်သာ၊ လက်ထပ်မယ့် အစီအစဉ်ပဲ ဆက်လုပ်ကြရအောင်"

"မမရယ်"

မမကို သူစိုးရိမ်ပူပန်စွာ ဖက်တွယ်ထားမိလေသည်။ ကိုယ် နှိုးခေါ်မိတာ မှားတယ်ဗျာ။ မမနဲ့လာပြီး ပတ်သက်ခဲ့မိတာ ကိုယ့်အမှားပဲ။ ကိုယ် ဘာတစ်ခုမှ သေသေချာချာ မေးမြန်းစုံစမ်းခြင်းမရှိခဲ့ဘဲ မမကို စိန်ခေါ်တာပါ။ တကယ်တော့ အထိခိုက်အနစ်နာဆုံးပဲ။ ကိုယ် တာဝန်ယူမှာပါ။ ကိုယ် မမဘက်ကနေ ရပ်တည်ကာကွယ်မှာပါ။

"မမ"

"ဟင်"

"စိတ်မပူပါနဲ့၊ ကိုယ်အရှုံးပေးပါတယ်"

"ဟင်"

"မမကို ကိုယ်ရှုံးသွားပြီလေ၊ မမကို မထင်မှတ်ဘဲ အရမ်း



www.burmeseclassic.com

www.burmeseclassic.com



ချစ်သွားမိတယ်၊ အဲဒါ ကိုယ်ရှုံးတာပေါ့နော်''

''ကိုရယ်''

မမစိတ်တွေ ယုံကြည်အားကိုးစေရန် ဉာဏ်သာ အ
ကုန် လုပ်ဆောင်ပေးနေလေသည်။ တယုတယနှင့် မမကို ဖေး
ခဲ့၏။ ဖြူဖျော့နေတဲ့ မမမျက်ဝန်းတွေကို သူ စိတ်ပူပန်စွာ ကြည့်
သည်။ မမ တစ်ခုခုဖြစ်နေပြီလား။

''မမ ဆေးခန်းသွားရအောင်၊ ကျန်းမာရေး စစ်ဆေး
အောင်၊ မမကိုကြည့်ရတာ ကိုယ်အရမ်းပဲ စိတ်ပူနေတယ်''

''ဟင့်အင်း မမ ဘာမှမဖြစ်ပါဘူး ဉာဏ်သာ၊
လက်ထပ်ပွဲအတွက်ပဲ စီစဉ်ကြမယ်လေ''

ယောက္ခမကြီးဆီ ဖုန်းဆက်ရမယ်။ မင်္ဂလာပွဲမှာ
တစ်ယောက်အနေနဲ့ တက်ရောက်ချီးမြှင့်ဖို့ လိုအပ်တယ်လေ။ ဒီဒီ
ချွေးမပဲ။ စင်ဆိုတဲ့ဟာမလေးကို လိုလိုလားလား ချွေးမအဖြ
လက်ခံနေတာ မနှစ်သက်ဆုံးပဲ။ ဒီဒီ တစ်ခုခုတော့ဖြစ်နေပြီ။ ဘာ
ရေ ခေါင်းထဲမှာ ဝိုင်းပြီးတော့တောင် ရီဝေမူးနောက်လာသလို
ဒီဒီ စိတ်ပူနေလေသည်။ ဉာဏ်သာ့လက်တွေကို တင်းကြ





ဆုပ်ကိုင်ထားရ၏။ ဉာဏ်သာ့မာမီဆီ ဖုန်းဆက်မယ်။ ဒီဒီတို့မင်္ဂလာ
ပွဲကို မာမီ အသိအမှတ်ပြုပေးပြီး တက်ရောက်ချီးမြှင့်ပါလို့။

''မမ ဘယ်ကိုဖုန်းဆက်နေတာလဲဗျာ''

''မာမီ့ဆီလေ''

''မဆက်ပါနဲ့မမရယ်၊ မာမီက နေမကောင်းဘူးလေ၊
ပြီးတော့ မာမီက ခေါင်းမာတယ်၊ မမကို''

''ဘာပဲဖြစ်ဖြစ် မမဖုန်းဆက်မယ်၊ မာမီ့ကို တောင်းပန်
မယ်''

''မဖြစ်ဘူးမမ''

''ဆက်မယ်၊ မမအတွက် အမေတစ်ယောက် လိုအပ်တာပဲ
လေ၊ ဖြူစင်ချို့ကို မင်းမာမီက ချွေးမအဖြစ် လက်ခံနေတာ မဖြစ်
သင့်ဘူး၊ မမ ဖုန်းဆက်မယ်''

ဒီဒီ ဖုန်းဆက်တော့ မာမီ့အသံကို ကြားရလေသည်။
မေမြတ်မဒီပါလို့ပြောတော့ မာမီက ညည်း ကျုပ်ကို ပတ်သက်
စရာမလိုဘူးဟု ပြောပြီး ဖုန်းပိတ်ပစ်လိုက်လေသည်။

''မမ''



www.burmeseclassic.com

www.burmeseclassic.com



"မရဘူး၊ မမထပ်ဆက်မယ်၊ မာမို့ကို တောင်းပန်မယ်၊ ဖြူစင်ချို့ကို ချွေးမအဖြစ် လက်မခံစေရဘူး"

"မာမီက နောက်မှ အဆင်ပြေအောင် ကြိုးစားရမယ်၊ အခုတော့ ဉာဏ်သာတို့ လက်ထပ်ကြမယ်"

မာမီက ဘယ်လိုမှ လက်မခံဘူးဆိုတာ ဉာဏ်သာသိနေသည်။ နှုတ်ခမ်းသားလေးတွေ တဆတ်ဆတ်တုန်ရီနေသော မမထို့သူဘယ်လို ဟန့်တားရမှန်းပင် မသိတော့။

"မမ"

"ဟင်"

"ဆေးခန်းသွားကြရအောင်နော်"

"မသွားဘူး၊ မမအတွက် ဉာဏ်သာ့ကို လက်လွှတ်မဆုံးရှုံးဖို့က အရေးကြီးပါတယ်"

ဉာဏ်သာ့ကို မမ လုံးဝလက်လွှတ် အဆုံးရှုံးမခံနိုင်လို့ပါ။ ထက်သာသော့်ကိုတောင် မမ လုံးဝမချစ်ဖို့ ကြိုးစားနိုင်ခဲ့တယ်။ ဘဝကို ထူထောင်နိုင်ခဲ့တယ်။ မင်းနဲ့မှပါ ဉာဏ်သာရယ်။

"မမရယ် ဆေးခန်းပဲသွားကြရအောင်"





"ဟင့်အင်း"

မာမို့ဆီ ဖုန်းထပ်ဆက်ပေမယ့် ဖုန်းပိတ်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၁)

"စင် အန်တီသော့်ကို ပစ်မထားပါနဲ့ကွယ်၊ ဟိုမိန်းမကို အန်တီသော် လက်မခံနိုင်ဘူး၊ အမလေး သွေးတိုးပါပြီ၊ မာမီဆီ ဘာဖြစ်လို့ ဖုန်းဆက်နေရတာလဲ"

စင် ငြိမ်သက်စွာဖြင့် အန်တီသော့်ကို ကြည့်နေလေသည်။ မာမီက စင့်ကို အန်တီသော်နဲ့ မပတ်သက်ဖို့ ပြောထားသည်။ ဒါပေမယ့် စင် မနေနိုင်ပေ။ အန်တီသော် ဖုန်းဆက်ခေါ်တော့ စင် လာခဲ့ရသည်။ ကိုညဏ်သာကြောင့်လား။ စင့်ကို ချွေးမအဖြစ် လက်ခံနေစေချင်တာလား။

"စင်"

"ရှင်"





"ဟိုဟာမက သားကိုလည်း အရယူသွားပြီပဲ၊ မာမီ့ကို ဘာများ ဆက်လုပ်စေချင်ရတာလဲ"

"စိတ်ကိုထိန်းပါ အန်တီသော်ရယ်၊ မမကိုလည်း လက်ခံခွဲ ကြိုးစားပါ၊ အဲဒါ အကောင်းဆုံးပဲနော်"

"လက်မခံပါဘူး၊ မေမြတ်မဒီကို မာမီ ဘယ်နည်းနဲ့မှ လက်မခံဘူး၊ မာမီ ရွေးချယ်ထားတဲ့ချွေးမက စင်ပဲ"

"မဖြစ်နိုင်ပါဘူး အန်တီသော်ရယ်၊ ကိုညဏ်သာက မမကိုပဲ ချစ်တာပါ၊ စင်က အန်တီသော့်ချွေးမ ဘယ်လိုမှ ဖြစ်မလာနိုင်ပါဘူး"

စင် ငိုချင်နေလေသည်။ ကိုညဏ်သာနှင့် ပတ်သက်ပြီး စင် ခံစားနေရ၏။ စင့်မာမီက မကြိုက်ပေ။ အဲဒီလို မဖြစ်စေချင်၍ စင့်ကို အန်တီသော်နှင့် မပတ်သက်စေချင်ခဲ့တာပါ။

"အန်တီသော်"

"ဟင်"

"မမကိုပဲ ချွေးမအဖြစ် လက်ခံလိုက်တာက အကောင်းဆုံး ရွေးချယ်မှုတစ်ခုပဲလို့ ထင်ပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"စင်ရယ် ညည်းလေး ဘာဖြစ်လို့များ ဒီလောက်အထိ သဘောထားပြည့်ဝနေရတာလဲ၊ သားက စင့်ကို မရွေးချယ်ရတာလဲ"

ဒေါ်သော်တာ့ လက်ကိုင်ဖုန်းမှ အသံမြည်လာပြန်လေသည်။ အမြင်ကတ်၍ မကိုင်တော့။

"အန်တီသော်"

"ဟိုဟာမပဲ"

"စင် ကိုင်လိုက်မယ်"

"ဘာမှလက်ခံပြီး ပြောမနေနဲ့ စင်"

"အားနာစရာကြီးပါ၊ စင် ပြောကြည့်လိုက်မယ်လေ၊ အထူအညီတစ်ခုခုများ လိုလေလားပဲ"

"ဘာမှမလိုပါဘူး စင်ရယ်၊ သင်းက တို့သားအမိကို ပညာပေးနေတာပါ၊ သားကြီးအတွက် လက်စားချေနေတာလေ"

"ဟုတ်မယ်မထင်ပါဘူး အန်တီသော်ရယ်"

ဖုန်းသံက အဆက်မပြတ် မြည်နေ၍ စင် ကောက်ယူပြီး နားထောင်လိုက်လေသည်။





"ဟဲလို"

"မြူစင်ရို့ ညည်းက မာမီ့ဖုန်းကို ဘာဖြစ်လို့ကိုင်ထားရတာလဲ၊ ညည်း မာမီ့အနား ရောက်နေပြန်ပြီလား"

"ဟို ဟို အန်တီသော်က ဖုန်းဆက်ခေါ်လို့ပါ၊ နေမကောင်းလို့လေ၊ စင် ပြန်မှာပါနော်"

စင်က တောင်းတောင်းပန်ပန်နှင့် ပြောနေ၍ ဒေါ်သော်တာ ဒေါသထွက်ပြီး ဖုန်းကို လုယူနားထောင်လိုက်လေသည်။

"ဒီမှာ မေမြတ်မဒီ၊ ညည်းဘာဖြစ်လို့ ပိုင်စိုးပိုင်နင်း ပြောနေရတာလဲ၊ ငါ့ချွေးမက စင်ပဲ၊ ညည်းကို ဘယ်လိုနည်းနဲ့မှ လက်မခံဘူး"

"မာမီ ဒီဒီ တောင်းပန်ပါတယ်၊ ကျွန်မတို့လက်ထပ်ပွဲကို သဘောတူပေးပါနော်၊ ကျွန်မကို ချွေးမအဖြစ် လက်ခံပေးပါ"

"မဖြစ်နိုင်ဘူး၊ ညည်း ငါ့သားကိုရနေပြီပဲ ဘာဖြစ်လို့ ဘစ်ဆင့် ထပ်တက်ချင်ရတာလဲ၊ ညည်းကို ကျုပ် ဘယ်လိုနည်းနဲ့မှ ချွေးမအဖြစ် လက်မခံဘူး၊ ညည်းတို့မင်္ဂလာပွဲကိုလည်း အသိအမှတ် ပြုနိုင်ပါဘူး ဒါပဲ၊ နောက်ထပ် ကျုပ်နဲ့မပတ်သက်နဲ့၊ ဖုန်းလည်း



www.burmeseclassic.com

www.burmeseclassic.com



ထပ်မဆက်ပါနဲ့အေ"

ခေါ်သော်တာ ဖုန်းကိုပိတ်ပစ်လိုက်ပြီး မဖွင့်ထားဖို့ ဆုံးဖြတ်လိုက်လေသည်။ စင် ဘာလုပ်ရမှန်းပင်မသိတော့။ ကိုညဏ်သာအထင်လွဲမှာ စင် အကြောက်ဆုံးဖြစ်နေရသည်။

"အန်တီသော်"

"စင်"

"ရှင်"

"အန်တီသော့်မှာ သားမရှိတော့ဘူး၊ သမီးပဲရှိတယ်၊ အဲဒါ စင်လေးပဲ"

"ဟို ဟို အဲဒီလိုမဆုံးဖြတ်ပါနဲ့ အန်တီသော်၊ စင် တောင်းပန်ပါတယ်နော်၊ မမကပဲ အန်တီသော့်ချွေးမအစစ်ပါ၊ ကိုညဏ်သာက စင့်ကို အထင်လွဲသွားမှာ အကြောက်ဆုံးပါပဲ၊ စင် အဲဒီလိုမဖြစ်စေချင်ပါဘူး"

စင် အန်တီသော့်အနားကနေ ထွက်သွားသင့်သည်ဟု ထင်မိနေသည်။ မဖြစ်နိုင်တော့တာပဲ။ စင့်ကြောင့် ကိုညဏ်သာတို့ သားအမိ စိတ်ဝမ်းမကွဲစေချင်ပေ။ စင်ပြန်ဖို့လုပ်တော့ အန်တီသော်





က ခေါင်းမူးသည်ဟု ပြော၍ ပြန်ဖို့ခက်နေသည်။ စင် ပြုစုပေးနေရ၏။ အိမ်မှာ အလုပ်သမားတွေရှိနေပေမယ့် အန်တီသော်ကစင့်ကို ရှိနေစေချင်လေသည်။ ဆရာဝန်ကို အိမ်ခေါ်ပေးရ၏။ အားနည်းနေတာတဲ့။ အားဆေးသွင်းရလေသည်။

"စင်ရယ် အန်တီသော့်အနားမှာ နေပေးပါဦးကွယ်၊ အန်တီသော်က တစ်ကောင်ကြွက်ပါ"

"အန်တီသော်"

"ဟင်"

"ကိုညဏ်သာ့ကို လက်ခံပေးပါ၊ စင် တောင်းပန်ပါတယ်၊ မမကပဲ ချွေးမပါ၊ မိသားစု အဆင်ပြေအောင်ကြိုးစားသင့်ပါတယ်၊ တစ်ချိန်ချိန်မှာ မိသားစုက မတော်လို့မှမရတာဘဲ"

"ဒီအကြောင်းတွေ မပြောပါနဲ့တော့၊ အန်တီသော် အနားယူပါရစေ"

စင်မပြောတော့ ဆေးအရှိန်နှင့် အန်တီသော် အိပ်ပျော်သွားသည်။ အအိပ်ပျက် အစားပျက် ဖြစ်နေတဲ့ လူကြီးတစ်ယောက်ကို ကျန်းမာအောင် ပြုစုပေးချင်တာပဲရှိလေသည်။ မာမီက အတင်း



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာဖို့ ပြောနေ၏။ စင် လက်မခံပေ။ အန်တီသော်ဆီမှာပဲ တစ်ပတ်လောက်နေဖို့ ဆုံးဖြတ်ထားသည်။

"သမီးစင် ပြန်လာတော့လေ၊ ဒီလူတွေနဲ့ အဆက်အသွယ် ဖြတ်သင့်နေပြီ၊ တော်ကြာ သမီးအရှက်တကွဲ ဖြစ်နေမယ်၊ မာမီ့မှာ တန်ဖိုးထားစရာ ဒီသမီးလေးတစ်ယောက်ပဲရှိတာပါ"

"စင် တစ်ပတ်လောက်တော့ နေပေးရမယ်၊ မာမီ ကိုညဏ်သာနဲ့ ဘာမှမပတ်သက်ပါဘူးနော်၊ စင်က လူကြီး တစ်ယောက်ကို စေတနာနဲ့ ပြုစုပေးနေတာပါ၊ စိတ်ချပါမာမီရယ် ကိုညဏ်သာ့ကို စင် ဘယ်တော့မှ အတင်းအကြပ် မလုယူပါဘူး လေ"

သားက အရေးတယူမရှိဘဲ ဥပေက္ခာပြုထားသော မိခင် တစ်ယောက်ကို သူမ သနားကြင်နာစွာ ပြုစုယုယအားပေးချင်နေသေ သည်။ ထားခဲ့လို့မဖြစ်ပါဘူး။ အန်တီသော် တစ်ခုခုဖြစ်သွားလျှင် သူမလည်း စိတ်ကောင်းနိုင်မှာ မဟုတ်တော့။ အိပ်မောကျနေတဲ့ အန်တီသော့် အနားကနေ ထွက်လာပြီး ခြံထဲဆင်းလာခဲ့မိသည်။

"မောင်ညဏ်သာသော်က သမီးရွေးချယ်သင့်တဲ့





အိမ်ထောင်ဖက်ကောင်းပဲ၊ သမီးနဲ့နှီးစပ်အောင် မာမီနဲ့သော် စီစဉ်နေ ကြတယ်၊ ဒီကလေးက ချစ်သူတွေဘာတွေလည်း မရှိဘူးတဲ့၊ အရမ်းလိမ္မာရေးခြား ရှိတယ်လေ"

ဒါပေမယ့် ကံကြမ္မာပါပဲလေ။ စင့်ကံပဲပေါ့။ ကိုညဏ်သာ နှင့် မမပတ်သက်မိသွားရတာက ကိုထက်သာသော်ကြောင့်ပဲ ဖြစ်နေ သည်။ ပြီးတော့ ချစ်သွားသည်တဲ့ စင်ကံမကောင်းတာပဲ ဖြစ်မှာပါ။ စင်ကရော သူ့ကို ဘာဖြစ်လို့များ ချစ်မိသွားရတာလဲ။ ကံကြမ္မာပဲ လားဟင်။ စင့်ရင်ထဲမှာ နာကျင်နေလေသည်။ ငိုချင်သွားရ၏။ စင်ဟန်ဆောင်နေတာပါ။

ဒီလိုမဖြစ်အောင် စင်ထိန်းချုပ်ခဲ့ပေမယ့် စင်ကြေကွဲမှုတွေ ခံစားနေရလေသည်။

"ဖြူစင်ချို"

"ဟင်"

"ဖြန်း"

"အမေ့"

ရုတ်တရက် မြေတ်မဒီကို တွေ့လိုက်ရတော့ စင် အံ့အား



www.burmeseclassic.com

www.burmeseclassic.com



သင့်ဖွာ ကြောင်ကြည့်နေမိသည်။ ကြည့်ပါဦး စင့်အနားမှာ ထား ရပ်ထားတာပဲ။ စင် သတိမထားမိခဲ့။ ကိုဉာဏ်သာ့အကြောင်း စဉ်းစားရင် ပတ်ဝန်းကျင်ကို မေ့လျော့နေခဲ့လေသည်။

“ညည်းဘာဖြစ်လို့ ဒီမှာ ရှိနေရတာလဲ၊ ညည်းကို ဉာဏ်သာက မချစ်ဘူး၊ လက်ထပ်ဖို့လည်း ငြင်းပစ်လိုက်ပြီ ဖြူစင်ချိုဘာသဘောနဲ့ ကုတ်ကတ်နေရတာလဲ၊ မာမို့သဘောတူ ညည်းလာနေပြတာ မဟုတ်လား”

မေမြတ်မဒီလက်က ထပ်မြှောက်လာပြန်သဖြင့် စင် ဖမ်းယူဆုတ်ကိုင်တားဆီးထားလိုက်မိလေသည်။

“ရှင်တော်တော်လွန်နေပြီပဲ၊ ဒေါ်မေမြတ်မဒီ ကျွန်မ မစော်ကားပါနဲ့၊ ကျွန်မက သူများနဲ့လက်ထပ်တော့မယ့် ယောက်ျား တစ်ယောက်ကို လုယူဖို့အထိ အောက်တန်းမကျသေးပါဘူးရှင်”

“ညည်းက အောက်တန်းကျတဲ့မိန်းမပဲ၊ ဒီမှာ ညည်းအောင် နေစရာ အကြောင်းမရှိတဲ့ နေတာကိုက အကြံနဲ့ပဲလေ၊ ငါမသိဘူး မှတ်နေသလား၊ ဖြူစင်ချို ထွက်သွားစမ်း၊ နင့်ကို အရှက်ခွဲပစ် မယ်”





မမေမြတ်မဒီရဲ့ လက်ထပ်၍ မြှောက်လာစဉ် တားထဲမှ ကို ဉာဏ်သာပြေးဆင်းလာတော့သည်။ ရှင်လည်း ပါလာတာကိုး စင့်ကို ပါးရိုက်ဖို့ အရှက်ခွဲဖို့ မမေမြတ်မဒီ ဆန္ဒတွေအတိုင်း ရှင်က လိုက်ပို့ပေးတာပဲ။

“မမ အဲဒီလိုမလုပ်ပါနဲ့ ကိုယ်တောင်းပန်ပါတယ်”

“မရဘူး၊ ဒီဟာမလေးက မာမီ့အနားကပ်ချွဲပြီး မမကို မုန်းတီးနေအောင် ဖန်တီးနေတာပဲ၊ ငါခွင့်မလွှတ်နိုင်ဘူး၊ နင့်ကို သတ်ပစ်မယ်”

“မမ”

ကိုဉာဏ်သာက ဆွဲနေသည့်ကြားမှ မမေမြတ်မဒီက စင့်အား ရိုက်ဖို့ချေဖို့ ကြိုးစားနေလေသည်။ စင် ချာခနဲလှည့်ပြီး သူမကားလေးပေါ်တက်ကာ မောင်းထွက်လာခဲ့မိလေသည်။

“နင်နောက်တစ်ခါ ထပ်လာရဲလာကြည့်၊ လူပုံအလယ်မှာ လိုက်ပြီး အရှက်ခွဲပစ်မယ်၊ ပိုင်းလုံးမ”

“မမ”

ဉာဏ်သာ ဟန့်တားကာကွယ်ဖို့ပင် အချိန်မရလိုက်တော့။



www.burmeseclassic.com

www.burmeseclassic.com



ဖြူစင်ချို့ကားလေး ပျောက်ကွယ်သွားမှ မမကိုကားပေါ်ဆွဲတင်ပြီး မောင်းထွက်လာခဲ့မိလေသည်။



## အခန်း (၂၂)

"မမ အရမ်းလွန်တယ်ဗျာ၊ စင်က မာမီ့ကို စောင့်ရှောက်နေတာပဲ၊ ဒီလိုမလုပ်သင့်ပါဘူး၊ မမပြောတော့ မာမီ့ကို ခြေသလုံးဖက်မတတ် တောင်းပန်မယ်ဆို၊ ခဏလေးပဲ တွေ့ပါရစေဆိုလို့ ကိုယ် လိုက်ပို့ပေးတာပါ"

မမကြောင့် စင် အရှက်ရပြီး အရိုက်အနှက်ခံလိုက်ရတာ ဉာဏ်သာ စိတ်ထိခိုက်သွားရလေသည်။ ဉာဏ်သာ့ရှေ့မှာ ဖြစ်နေ၍လည်း စင် ဘယ်လောက်ရှက်သွားရှာမလဲ။ စင့်ကို ရိုက်နှက်ဖို့ မမကို လိုက်ပို့ပေးသလို ဖြစ်နေလေသည်။ ဉာဏ်သာ ဒေါသဖြစ်ရ၏။ သူကိုယ်တိုင် မမဘက်မှ ရပ်တည်နေခဲ့ပြီပဲ။ စင့်ကို ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



အထိ တိုက်ခိုက်ဖို့ မသင့်ပါဘူး။

"နှင်က ဟိုဟာမလေးကို ထိလို့ နာနေတာလား၊ နှင် တကယ်လက်ထပ်ချင်တာက ဖြူစင်ချိုပဲလား၊ ငါ့ကိုတော့ လက်ထပ် ပြီးမှ နှိပ်စက်မှာမဟုတ်လား"

"မမ"

"ငါသိတယ် ဉာဏ်သာ၊ နှင့်အစ်ကို သေဆုံးသွားရလို့ ငါ့ကို နာနာကြည်းကြည်း မုန်းတီးနေတာပါ၊ ငါ့ကို စိတ်ဒုက္ခရောက် အောင်လုပ်ဖို့ နှင်လက်ထပ်မှာပဲ"

"မမ"

"ငါသိတယ် ဉာဏ်သာ၊ နှင် အခု ဖြူစင်ချိုအတွက် ဆတ်ဆတ်ခါအောင် နာနေတာမဟုတ်လား၊ နှင့်မျက်လုံးတွေက ဖြူစင်ချိုအတွက် စိတ်မကောင်းဖြစ်နေတာမဟုတ်လား"

"မမ ဘာတွေပြောနေတာလဲဗျာ၊ ကိုယ်က မာမီနဲ့တွေ့စေ ချင်လို့ လိုက်ပို့ပေးတာပါ"

"ဒီဟာမလေးက မင်းမာမီအနားမှာ ဘာဖြစ်လို့များ ရှိနေ ရတာလဲ၊ မင်းအမေကရော ငါ့ကို ဘာဖြစ်လို့ ချွေးမအဖြစ် လက်ခံ





ချင်ရတာလဲ ဉာဏ်သာ"

"မမ အားနည်းနေသလိုပဲ၊ ဆေးခန်းကို သွားကြရအောင် ပါ၊ ကျန်တာတွေကို ဘာမှစဉ်းစားမနေစမ်းပါနဲ့"

"မရဘူး ဉာဏ်သာ၊ ငါ စဉ်းစားရမယ်၊ နှင်ကရော ငါ့ကို ဘာဖြစ်လို့ အလွယ်တကူ လက်ထပ်ဖို့ ကြိုးစားနေရတာလဲ၊ နှင် နှင် အထင်တကြီး ချစ်နေတာက ဖြူစင်ချို မဟုတ်လား ဉာဏ်သာ"

"ဒုက္ခပါပဲဗျာ"

"မင်း မင်း ချစ်နေတာက ဖြူစင်ချို မဟုတ်လား၊ ငါ့ကို တော့ မင်း အနိုင်ယူဖို့သက်သက်ပဲ၊ မင်း ငါ့စိတ်တွေ သောက ရောက်စေချင်တာပဲ မဟုတ်လား"

မမကို ဉာဏ်သာ အတော်လေး စိတ်ပျက်နေမိလေသည်။ နှုတ်ခမ်းသားလေးတွေကို တင်းကျပ်စွာ စေ့ကပ်ထားမိ၏။ ဉာဏ် သာ မှားသွားပြီပဲ။ မမကို ဉာဏ်သာ မရွေးချယ်သင့်ဘူး။ အတ္တတွေ မာနတွေ ကြီးမားလွန်းတဲ့ မေမြတ်မဒီပဲ။

"မင်းအစ်ကို ထက်သာသော်က ငါ့ဘဝကို ဖျက်ဆီးသွား



www.burmeseclassic.com

www.burmeseclassic.com



တာလေ၊ မင်းက ထပ်ပြီး ဖျက်ဆီးပစ်ချင်တာလား ဉာဏ်သာသော့''

မမကို သူ စိတ်ပျက်စွာကြည့်နေမိလေသည်။ ကျန်းမာရေးမကောင်းဘူးဟု သူ ထင်မိနေ၏။ မမကို ဆေးခန်းပြဖို့ ဘယ်လိုမှ ပြောမရပေ။ မမလက်ကို သူ ဆွဲယူဆုပ်ကိုင်လိုက်တော့ မမက ဆတ်ခနဲ ရုန်းဖယ်နေသည်။

''မမ ကလေးမဟုတ်တော့ဘူးနော်၊ ပြဿနာ အေးအေးဆေးဆေးပဲ ဖြေရှင်းစမ်းပါဗျာ၊ ဉာဏ်သာ တောင်းပန်ပါတယ်''

ဉာဏ်သာကတော့ တည်ကြည်ခန့်ညားတဲ့ ယောကျ်ားတစ်ယောက်ပါ။ ဒီဒီ ယုံကြည်မိပေမယ့် ဒီဒီ့စိတ်တွေကပဲ မထိန်းချုပ်နိုင်တာမျိုးလား။ ဉာဏ်သာသော့ကို အရမ်းပဲ ချစ်မြတ်နိုးနေမိတာလား။ ဒီဒီ ငယ်စဉ်လေးကတည်းက အထီးကျန်နေတတ်လေသည်။ မိဘတွေက စောစီးစွာ ဆုံးသွားခဲ့ပြီး ဒီဒီ့ကို စည်းစိမ်ဥစ္စာတွေအပြည့် ထားခဲ့ပေမယ့် ဒီဒီဘဝမှ စိတ်ပျော်ရွှင်ကျေနပ်မှု အပြည့်အဝ မရခဲ့ပေ။ ပထမဆုံး ချစ်မိခဲ့တဲ့ ချစ်သူက သူမအပေါ် သစ္စာမဲ့စွာ အကောက်ကြံခြင်း ခံခဲ့ရလေသည်။





''မမ''

''ဟင်''

''ထ ဆေးခန်းသွားရအောင်၊ မမ အားအင်တွေ ကင်းမဲ့ပြီး ချည့်နဲ့နေတယ်၊ ဆေးခန်းမှာ သွားစစ်ဆေးကြရအောင်''

''မသွားဘူး၊ ငါ ဘာမှမဖြစ်ပါဘူး၊ မင်းက ငါ့ကို လူမမာများ ထင်နေလို့လား၊ လူမမာဆိုပြီး စိတ်ကုန်သွားချင်တာလား''

မေမြတ်မဒီကတော့ သူမ ဘာမှမဖြစ်တာကိုပဲ ဉာဏ်သာ သိစေချင်နေသည်။ ဖြူစင်ချိုက ကျန်းမာရေးကောင်းပြီး သွက်လက်ဖျတ်လတ်နေ၏ ဒီဒီ ဘာမှမဖြစ်ပါဘူး။ ဉာဏ်သာနဲ့ အမြန်ဆုံး လက်ထပ်ရမယ်။ ဖြူစင်ချိုက ဒီဒီထက်ပိုပြီး စွဲဆောင်မှုရှိနေသည်။ ဒီဒီကို အသက်ကြီးသွားပြီဟု ထင်မှတ်တာမျိုး လက်မခံချင်ပါဘူးနော်။

''ဒါဆိုလည်း မမ အနားယူတော့၊ ဘယ်သူ့အကြောင်းမှ မတွေးပါနဲ့တော့၊ ကိုယ်တို့ မနက်ဖြန် လက်ထပ်မယ်လေ၊ မမမှာ အင်အားတွေရှိနေမှ ဖြစ်မှာနော်''



www.burmeseclassic.com

www.burmeseclassic.com



မမကို ဉာဏ်သာသော် ချော့မော့နှစ်သိမ့်နေရသည်။ မမက ဘယ်လိုလုပ်ပြီမှ သူ့အချစ်တွေကို ယုံကြည်မှာတဲ့လဲ။ ဖျော့တော့အားငယ်နေသော မမကို အားမရမိပေ။

“ကိုယ် မမကိုချစ်တာ ကိုကိုထက်သာသော်နဲ့ ဘာမှမဆိုင်ဘူးနော်၊ မမကို ပေးဆပ်တာပါ”

“ဘာပေးဆပ်တာလဲ ဉာဏ်သာ၊ ငါ့ကို နှစ်နာကြေးပေးမလို့လား၊ နှင် နှင် ငါ့ကိုချစ်တာ မဟုတ်ဘူးလား”

“မမ”

ဒီဒီ ထဖို့ကြိုးစားလေသည်။ မရ။ အင်အားတွေ နည်းနေလေသည်။ စိတ်ထဲမှာ ပူလောင်သွားရ၏။ ဘာဖြစ်တာလဲ။ ဒီဒီ နေမကောင်းတာလား။ ကျန်းမာရေးပဲ မကောင်းတာလား။

“မမ ခေါင်းမမာပါနဲ့ဗျာ၊ ဆေးခန်းသွားရအောင် အခုချိန်မှာ ကိုယ်နဲ့လက်ထပ်ဖို့ထက် မမ ကျန်းမာရေးပဲ ဂရုစိုက်သင့်ပါတယ်”

“ငါ ဘာမှမဖြစ်ပါဘူး ဉာဏ်သာ၊ နေကောင်းပါတယ်၊ ငါ့အတွက်အရေးအကြီးဆုံးက မင်းနဲ့လက်ထပ်ဖို့ပဲ”





မမမျက်ဝန်းတွေက ဖြူဖျော့အားနည်းနေလေသည်။ ဉာဏ်သာ စိတ်ပျက်လာမိ၏။ မာမီနဲ့စင်ရော ပြဿနာတွေ တက်နေပြီလား။ မာမီ့ကို စင်က စောင့်ရှောက်နေတာပါ။ ဉာဏ်သာ့ စိတ်ထဲမှာ မာမီအတွက်လည်း စိတ်ပူမိနေလေသည်။ မိခင်တစ်ယောက်ရဲ့ တာဝန်ကျေပြီး ဉာဏ်သာတို့ ညီအစ်ကိုကို လိုလေသေးမရှိ ပြုစုစောင့်ရှောက်ပေးခဲ့သော အမေပါ။ လမ်းမှန်ပေါ်မှာ အမြဲတမ်း ရပ်တည်နေတတ်သော မာမီသည် သားကြီးရဲ့ချစ်သူကို သားငယ်က လက်ထပ်မှာ မာမီ သဘောတူမှာမဟုတ်။ သူ့ကိုပဲ သားအဖြစ်က စွန့်လွှတ်မှာပါ။

“ဉာဏ်သာ”

“မမ”

“မင်းအနားယူတော့၊ မနက်ဖြန်အတွက် မမလည်း အနားယူတော့မယ်”

“ကောင်းပါပြီ မမ၊ စိတ်ကို အေးချမ်းအောင်ထားပါ”

မမ အနားကနေ ဉာဏ်သာ ထွက်လာခဲ့လေသည်။ သူ့အခန်းရောက်တော့ ဉာဏ်သာ အတော်လေး မောပန်းနွမ်းနယ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



မမနှင့် ပတ်သက်ခဲ့တာကိုက သူ့အမှားပါပဲ။ အထူးသဖြင့် စင့်ကို အားနာလေမိသည်။ မမက ဖော်ကားလိုက်တာပဲ မဟုတ်လား။

"ကိုဉာဏ်သာ အန်တီသော့်အတွက် စိတ်မပူပါနဲ့၊ စင် ဖြည်းဖြည်းချင်း နားချပေးပါမယ်နော်၊ မမနဲ့ လက်ထပ်ပါ"

စင် ပြောခဲ့လေသည်။ တကယ်ပဲ စိတ်ရင်းနဲ့ စင်ပြောခဲ့တာပါ။ ဉာဏ်သာ ယုံကြည်နေမိသည်။

"စင်ရယ်"

သူ စင့်ကို တောင်းပန်ချင်တဲ့ဆန္ဒတွေ ပြင်းပြနေသည်။ စင်က ငွေကြေးချမ်းသာကြွယ်ဝပြီး အရာအားလုံး ပြည့်စုံနေသူပါ။ မမ လွန်တယ်။ စင့်ကို ပါးရိုက်တယ်။ မာမီ သိသွားရင် ဒေါသတွေ ဖြစ်မှာပါပဲ။ သူ စင့်ခဲဆီကို ဖုန်းဆက်လိုက်လေသည်။ စင့်ကို တောင်းပန်ရမယ်။ ဉာဏ်သာ မသိချင်ယောင်ဆောင်နေလို့မဖြစ်ပါဘူး။

"ဟဲလို"

"ကိုဉာဏ်သာ"

"စင်"





"စင့်ကိုတောင်းပန်ဖို့လား၊ မလိုပါဘူး၊ စင်နဲ့လာပြီး မပတ်သက်တာက စင့်ကို ကူညီရာရောက်ပါတယ်"

"ကိုယ်က စင်ရှိနေမှန်းမသိတာပါ၊ မမက မာမီနဲ့တွေ့ချင်တယ်ဆို"

"ကျွန်မ အားလုံးကို မေ့ပစ်လိုက်ပါပြီ၊ ဘယ်သူနဲ့မှလည်း မပတ်သက်ဖို့ ဆုံးဖြတ်လိုက်ပါပြီ"

"ကိုယ်တောင်းပန်ပါတယ် စင်ရယ်၊ မင်းကို ဖော်ကားသလို ဖြစ်သွားရလို့ပါကွာ၊ ကိုယ့်မာမီကို ပစ်မထားပါနဲ့၊ ကိုယ်က တော့ နောက်ဆုတ်လို့ လုံးဝမဖြစ်တော့လို့ပါ စင်၊ ကိုယ် မာမီက စင့်ကို ချစ်ပြီး အားကိုးနေတာပါ"

စင်ဘက်မှ စကားဆက်မပြောတော့ဘဲ ဖုန်းပိတ်သွားလေသည်။

"စင် စင်"

"စင်"

"ဘာစင်လဲ၊ နင်က ဟိုဟာမလေးနဲ့ နိုးပြီး ဆက်သွယ်နေတာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"မမ ဘာဖြစ်လို့ ထွက်လာရတာလဲဗျ၊ အိပ်ပါ၊ မမ အနားယူသင့်နေပါပြီ"

သူ့အနောက်မှ မမ ရောက်လာ၍ ဉာဏ်သာ စိတ်ပျက်နေမိလေသည်။

မမ ဘာဖြစ်လို့များ ဒီလောက်အထိ လူတွေကို မယုံသင်္ကာ ဖြစ်နေရတာလဲ။ ဉာဏ်သာ စိတ်ပျက်မိသည်။

"နင့်ကို မယုံလို့တဲ့ ဉာဏ်သာ၊ ကြည့်စမ်း နင်က ဖြူစင်ချို နဲ့ ဆက်သွယ်နေတာပဲ"

"ကိုယ် စင့်ကို တောင်းပန်တာပါ၊ မာမီ့ကို စောင့်ရှောက် ပေးဖို့ ကိုယ် အကူအညီတောင်းတာပါ"

"မလိုပါဘူး၊ နင်အကြောင်းပြတာပဲ၊ ငါရှိတယ်လေ၊ ငါက ချွေးမပဲ"

မမ ပြောဆို အပြစ်တင်ရန်တွေ့သမျှ ဉာဏ်သာ နားမခံသာ စွာ ခုင်ဆိုင်နေရလေသည်။



## အခန်း (၂၃)

"သင်းက စင်လေးကို ပါးရိုက်လိုက်တယ်၊ ဟုတ်လား ခေါင်"

"ဟုတ်ပါတယ် မမကြီး၊ သားငယ်ဉာဏ်သာနဲ့ လာတာ ပါ၊ စင့်ကို ပါးရိုက်တယ်၊ စင်လည်း ပြန်ထွက်သွားတယ်လေ"

"တောက်"

ဒေါ်သော်တာ ဒေါသတွေ ပေါက်ကွဲနေရလေသည်။ စင်လေးက မိမိကို ပြုစုနေတာပဲ။ အနစ်နာခံပြီး ကာကွယ်စောင့် ရှောက်ပေးခဲ့၏။ သင်း စော်ကားလိုက်တာ။ သင်းက မိမိတို့သားအမိ ကို စိတ်အနှောင့်အယှက်ဖြစ်အောင် တမင်လုပ်နေတာပဲ၊ သားငယ် ကိုလည်း အရယူသွားပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ငါ သည်းမခံနိုင်တော့ဘူး မခင်၊ စင်လေးက ငါ့ကို ပြုံးရုပေးနေတာ"

စင်လေးဆီ ဖုန်းဆက်တော့ ဖုန်းပိတ်ထားလေသည်။ မဖြစ်ဘူး စင်လေးဆီ လိုက်သွားရမယ်၊ တောင်းပန်ရမယ်။ စင်လေး မာမီ့ကိုလည်း တောင်းပန်ရမယ်။ စင်လေးဆီ ဖုန်းဆက်သွယ်မရ တော့။ စင်လေးအိမ် လိုက်သွားခဲ့သည်။

"မေဖြူ စင်လေးရော၊ သော်တာ တွေ့ပါရစေ"

"မင်းတို့သားအမိက အတော်လေး လွန်တာပဲ သော်တာ။ ငါ့သမီးလေး ပါးပြင်မှာ အညိုအမည်းစွဲနေတယ်၊ နင်တို့ဇာတ်ရှုပ် ထဲမှာ ငါ့တို့သားအမိ ဝင်မပါစေနဲ့တော့ မင်းပြန်ပါ"

"ကိုယ်တောင်းပန်ပါတယ် မေဖြူရယ်၊ စင်လေးကို တွေ့ပါရစေ၊ စင်လေးရော"

"တွေ့ခွင့်မပေးနိုင်ဘူး၊ ငါ့သမီးလေးကို ဒီလိုခံစားနေရတာ တွေ ငါမဖြစ်စေချင်ခဲ့တာ"

"မေဖြူ"

"သော်တာပြန်ပါ၊ မင်းတို့နဲ့ မပတ်သက်ချင်တော့ဘူး





ကင်းကင်းရှင်းရှင်းပဲနေပါ၊ ညည်းတော်ရမယ့်ချွေးမက မေမြတ် မဒီပဲ"

"ကိုယ်တောင်းပန်ပါတယ် မေဖြူ၊ စင်လေးနဲ့ တွေ့ပါရစေ၊ ကိုယ့်မှာသားလည်း မရှိတော့ဘူး၊ စင်လေးက ကိုယ့်သမီးပါ"

ဒေါ်မေဖြူဘယ်လိုမှ ခွင့်မပြုနိုင်တော့ပါဘူး၊ သမီးလေး အရမ်းပဲခံစားနေရပြီ။ မိမိတို့ ရွှေလိုဥထားတဲ့ သမီးလေးပါ။ အရမ်းပဲ လိမ္မာယဉ်ကျေးပြီး စိတ်သဘောထားပြည့်နေတဲ့ သမီးလေး။

"မေဖြူ"

"သော်တာ နင်ပြန်ပါ၊ ငါ့သမီးလေးကို ဒုက္ခမပေးပါနဲ့၊ ပတ်သက်ဖို့လည်း မကြိုးသားပါနဲ့တော့"

စင်မနေနိုင်တော့ဘဲ အောက်ထပ်သို့ ဆင်းလာလေသည်။

"အန်တီသော်တာ"

"ဟင် စင်"

စင်လေးပါးပြင် ဖြူဖြူနုနုလေးပေါ်တွင် လက်ငါးချောင်း ရာ အညိုအမည်း စွဲထင်နေလေသည်။ ဒေါ်သော်တာ စိတ်မ ကောင်းဖြစ်သွားရ၏။ မေမြတ်မဒီကိုလည်း ဒေါသတွေ ပေါက်ကွဲ



www.burmeseclassic.com

www.burmeseclassic.com



ချင်သွားရသည်။

"စင်လေးရယ် ဖြစ်မှဖြစ်ရလေကွယ်၊ ဘာဖြစ်လို့ ဒီလောက်အထိ ဖြစ်ရတာလဲ၊ အန့်တီသော်တာ စိတ်မကောင်းဖြစ်လိုက်ရတာ"

အပြစ်မဲ့သော မိန်းကလေးတစ်ယောက်ဖြစ်နေတာတောင် သားက စော်ကားဖို့ သူ့ဟာမကို ကိုယ်တိုင်ခေါ်လာရလား။

"စင့်အတွက် ဘာမှမစဉ်းစားပါနဲ့ အန့်တီသော်တာရယ်၊ စင်က မမေမြတ်မဒီအတွက် အနှောင့်အယှက် အဟန့်အတားတစ်ခုဖြစ်နေရင် အားလုံးအတွက် စိတ်ထိခိုက်ကြေကွဲစရာတွေ ဖြစ်နေရပါလိမ့်မယ်"

စင် မပတ်သက်ချင်တော့ပါဘူး။ အချစ်ဆိုတာကိုပဲ ရှောင်ချင်နေမိလေသည်။ စင့်နှလုံးသားတွေထဲမှာ နာကျင်ကြေကွဲနေရ ပြဿနာတွေလည်း စင့်ကြောင့်မဖြစ်စေချင်တော့ပေ။

"စင် ပြဿနာတွေ အေးချမ်းစေချင်ပါပြီ ကိုဉာဏ်သာ အချစ်ရေးကိစ္စမှာလည်း စင် ဝင်မပါချင်လို့ပါ၊ စင့်ကြောင့်လည်း ဘယ်သူမှ စိတ်အနှောင့်အယှက် မဖြစ်စေချင်လို့ပါ"





"စင်လေးရယ်"

သားမိုက် မင်းတော်တော်မိုက်မဲတာပဲ။ မေမြတ်မဒီကရော ဘာဖြစ်လို့ ပါးရိုက်ရတာလဲ။ စင်က သူနဲ့လက်ထပ်မယ့် ယောကျ်ား တစ်ယောက်ကို လုယူဖို့ကြိုးစားနေတာလည်း မဟုတ်ဘဲ ရက်စက် လိုက်တာ။ စင့်ကို ဒေါ်သော် စိတ်မကောင်းစွာ ကြည့်နေမိလေ သည်။

"အန့်တီသော်"

"ဟင်"

"စင်အားလုံးနဲ့ မပတ်သက်ချင်တော့ပါဘူး"

"စင်"

"သော်တာ ငါ့သမီးလေးရဲ့ သဘောထားကို နင်သိထားပြီပြီပဲ၊ သွားပါတော့၊ လုံးဝဆက်သွယ်ပတ်သက်တာမျိုးတွေ မလုပ်ပါနဲ့တော့"

ဒေါ်သော်တာ ထွက်လာခဲ့လေသည်။ ရင်ထဲမှာ နာကျင်ကြေကွဲနေရ၏။ ဉာဏ်သာသော် မင်းကတော်တော်စော်ကားတဲ့ကောင်ပဲ။ မင်းကိုယ်တိုင်က စင့်ကို ပါးရိုက်ဖို့ မေမြတ်မဒီကို



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လာတယ်ပေါ့လေ။ ဒေါသတွေက ပေါက်ကွဲထွက်ချင်လာ၍ သားငယ်ဆီဖုန်းဆက် လိုက်လေသည်။

"ဉာဏ်သာသော် မင်းတော်တော်ရိုင်းစိုင်းယုတ်မာတဲ့ကောင်ပဲ၊ စင့်မှာ ဘာအပြစ်ရှိလို့ နင်ကပါးရိုက်ခိုင်းရတာလဲ"

"မာမီ"

"စင့်ပါးပြင်ပေါ်မှာ ဒဏ်ရာတွေအပြည့်ပဲ၊ နင့်မိန်းမရဲ့လက်ဝါးရာတွေလေ"

"သားတောင်းပန်ပါတယ် မာမီ၊ သားက ဒီလိုရိုက်ဖို့ခေါ်လာခဲ့တာမဟုတ်ပါဘူး"

"စင်က ငါ့ကိုတောင် မပတ်သက်တော့ဘူးတဲ့၊ မေမြတ်မဒီက အန်တီသော့ချွေးမပါတဲ့၊ မိသားစုဝင်တွေ စိတ်ချမ်းသာအောင်လက်ခံပါတဲ့"

ဉာဏ်သာနှလုံးသားတွေထဲမှာ နာကျင်စူးရှတဲ့ ဝေဒနာတွေခံစားနေရလေသည်။ စင့်အတွက် စိတ်မကောင်းဖြစ်မိ၏။ တကယ်တော့ စင်က အပြစ်မဲ့သူပါ။ မမဘာဖြစ်လို့များ စင့်အပေါ် ပြဿနာရှာချင်နေရတာလဲ။ သူတားဆီး၍မရ။ မာမီလည်း အထီးကျန်ရှာ





လား။ သူ့မှာ တာဝန်ရှိသည်။ မာမီဖုန်းချသွားလေသည်။

"ဉာဏ်သာ"

"ဟင်"

"ဘယ်သူလဲ"

"မာမီပါ"

"ဉာဏ်သာ့မာမီက ဘာဖြစ်လို့ဆက်တာလဲ၊ မမကို ဘာဖြစ်လို့ မပေးရတာလဲ"

"မမ"

"နင်တို့သားအမိ ဘာဖြစ်လို့ အကောက်ကြံချင်ရတာလဲ ဉာဏ်သာ"

"မဟုတ်တာတွေ မမရာ၊ ကိုယ်တောင်းပန်ပါတယ်၊ မမထင်သလို မဟုတ်ပါဘူး"

"ဘာမဟုတ်ရတာလဲဉာဏ်သာ၊ မင်းမာမီက ငါ့ကို ဘာဖြစ်လို့ ချွေးမအဖြစ် လက်မခံရတာလဲ၊ ငါက ဘာမို့လို့လဲ ဉာဏ်သာ"

ဒီဒီ မကျေမနပ်နှင့် ဒေါသတွေ ဖြစ်နေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ မောပမ်းနေ၏။ ဒေါသတွေလည်း ဖြစ်ချင်နေရသည်။ အရာအားလုံး မကျေနပ်စရာတွေပဲဖြစ်နေသည်။ အဲဒါဘာဖြစ်လို့ အင်အားတွေ မရှိရတာလဲ။ နုံးခွေချင်နေသည်။ လက်ထပ်ဖို့ကိစ္စင် မစီစဉ်နိုင်ပေ။ ဉာဏ်သာရော အေးစက်နေတာလား။

သူ့အမေကရော ဒီဒီ့ကို ဘာဖြစ်လို့ခါးခါးသီးသီး မုန်းနေ တာလဲ။ သူတို့သားအမိ ဒီဒီ့ကိုနှိပ်စက်သွားတာပဲ။ ဒီဒီ့မျက်ဝန်းတွေ တင်းမာခက်ထန်နေလေသည်။ ဉာဏ်သာ့ကိုလည်း ဒေါသတကြီး တုံ့ ပြန်ချင်နေသည်။

“မင်းကို မယုံဘူး၊ မင်းအမေကို ငါသွားတွေ့မယ်၊ ငါ့ကို ချွေးမအဖြစ် လက်ခံဖို့ပဲ ရှိတယ်လို့ ငါသွားပြောမယ်”

“မမကိုတောင်းပန်တယ်လို့ ပြောထားပြီးပြီနော်၊ ပြဿနာ မရှာပါနဲ့ဗျာ၊ ကိုယ်တောင်းပန်ပါတယ်”

“ဘာဖြစ်လို့လဲဉာဏ်သာ၊ မင်းမာမီနဲ့ ငါကမတန်လို့လား မင်းအမေကို လက်ခံအောင် ငါသွားပြောရမယ်၊ ငါ့မင်္ဂလာပွဲမှာ မင်း အမေရှိသင့်ဟာပေါ့”

“မမ”





ဉာဏ်သာသည်းမခံနိုင်တော့သဖြင့် မမကိုအော်ဝစ်လိုက်မိ လေသည်။ ဒေါသတွေ ထွက်ချင်လာရ၏။ မမလွန်တယ်။ ငင့်ကို လည်း စော်ကားသည်။ ဉာဏ်သာ့ဘက်မှ အစွမ်းကုန်လိုက်လျှောခဲ့ တာပဲ။ သူ ထပ်ပြီး မာမီနှင့်ပြဿနာ မတက်စေလိုပေ။

“မမဒီလိုသာ ပြဿနာရှာနေရင် ကိုယ်ထွက်သွားတော့ မယ်၊ လက်ထပ်ဖို့လည်း ကိုယ့်ဘက်ကနေ ဖျက်သိမ်းပစ်ရမှာပဲ”

“မင်း မင်း”

ဉာဏ်သာ့စကားကြောင့် ဒီဒီရင်ထဲမှာ ထိတ်ထိတ်ပြာပြာ နှင့် တုန့်လှုပ်ချောက်ချားသွားရလေသည်။ ဖျက်သိမ်းလို့ ရမလား ဉာဏ်သာ။ ငါအမျှော်လင့်ဆုံးပဲ။ ဉာဏ်သာ့ကို ကြည့်တဲ့ ဒီဒီ မျက်ဝန်းတွေက ရီဝေမှိုင်းပြာချင်နေသည်။

ဒီဒီလဲကျသွားလို့မဖြစ်ပါဘူး။ ဒီဒီ့ကို ကျွန်းမာရေးချို့တဲ့တဲ့ မိန်းမလို့ ဉာဏ်သာမထင်စေရဘူး။ လက်ထပ်ပွဲကိုတော့ ဖျက်လို့ မဖြစ်ပါဘူး။ ဉာဏ်သာက သူမျက်ဝန်းတွေထဲမှာ မှုံဝါးလာရသည်။

“လက်ထပ်ပွဲကိုတော့ မဖျက်နိုင်ဘူးနော် ဉာဏ်သာ၊ မင်းကို မမချစ်မိသွားရပြီ၊ မမဘဝက အမြဲတမ်း နာကျင်ကြေကွဲမှု



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ အထီးကျန်နေခဲ့ရတာပါ''

ဉာဏ်သာ့မျက်ဝန်းတွေထဲမှာ ဒေါသတွေနှင့် မာထန် တောက်ပလွန်းနေလေသည်။ သူမအင်အားတွေကို စုစည်းထား လိုက်ရ၏။ ဉာဏ်သာကိုတောင်းပန်မယ်။ မမကို စွန့်ခွာမသွားပါနဲ့ လို့။

''မမကိုပစ်မထားလိုက်ပါနဲ့ ဉာဏ်သာ၊ တောင်းပန်ပါ တယ်နော်၊ မင်းကိုချစ်တယ်၊ မမအရမ်းချစ်တယ်၊ မင်းကို မမအရူး ပေးတာပါ၊ ဒူးထောက်ပြီး တောင်းပန်ရမလားဟင်''

ဒီဒီဘယ်လိုမှ ဟန်ဆောင်မနေနိုင်တော့။ ဒူးခွေကျသွားလေ သည်။ ဉာဏ်သာလက်တွေကို အငမ်းမရ တင်းကြပ်စွာ ဆုပ်ကိုင် ထားလိုက်မိ၏။

ဒီဒီမျက်ဝန်းတွေထဲမှာ အမှောင်က အထပ်လိုက်ပိကျသွား လေသည်။

✿ ✿ ✿



# အခန်း (၂၄)

''ဒေါ်မေမြတ်မဒီမှာ သွေးကင်ဆာဖြစ်နေပါပြီ''

''ဗျာ''

''ရိုးတွင်းချဉ်ဆီကလည်း ခမ်းခြောက်သွားပါပြီ''

''ဟို ဟို''

''အခြေအနေက အရမ်းလွန်သွားပြီဗျာ၊ မေမြတ်မဒီရဲ့ အသက်ကိုတော့ မကယ်တင်နိုင်တော့ဘူးဗျာ၊ စိတ်မကောင်းစရာပါ ပဲ''

''မမ''

သူ အထိတ်တလန့်နှင့် မမခန္ဓာကိုယ်လေးအား ပွေ့ဖက်



www.burmeseclassic.com

www.burmeseclassic.com



ထားမိလေသည်။ မမကို ကျန်းမာရေးကောင်းပုံ မရလို့ ဆေးစစ်ပါဆိုတော့ ပြောမရပေ။ ဟန်ဆောင်မာန်တင်းနေခဲ့၏။ ဖြစ်မှဖြစ်ရလေ မမရယ်။ လှပချောမောပြီး ကျက်သရေရှိလွန်းတဲ့ မမခန္ဓာကိုယ်လေးက ပိန်လှီနေသည်။ လောလောဆယ်တော့ မမအသိမဲ့နေ၏။ ဆေးတွေသွင်းထားရသည်။

"မမ"

"ကိုယ်ဘာလုပ်ပေးရမလဲ၊ ကိုယ့်ခန္ဓာကိုယ်ထဲမှာရှိတဲ့ ရိုးတွင်းချဉ်ဆီတွေ အကုန်ပေးရမလား၊ မမအသက်ရှင်ဖို့ ကိုယ်ပေးမယ်"

မမကို ရိုးတွင်းချဉ်ဆီအစားထိုးဖို့အတွက် ကြိုးစားသည်။ မရပေ။ မမက တစ်ကောက်ကြွက်မလေး။ သွေးမျိုးမရှိ သူ့ချဉ်ဆီကလည်း မမနှင့် မသင့်တော်ပေ။ သူပျာယာခတ်အောင် ကြိုးစားနေမိသည်။ မမအသက်ကို ကိုယ်ကယ်တင်ရမယ်။မဖြစ်ဘူး မမကိုယ့်ကိုထားခဲ့လို့မဖြစ်ဘူးလေ။ ကိုယ့်ကိုကြောင့် မမမှာ ထိခိုက်နစ်နာမှုတွေ အများကြီးရှိခဲ့ရတာပဲ။ ကိုယ်ပေးဆပ်ပါရစေဗျာ။ နှစ်ရက်လောက် သတိလစ်နေပြီးမှ မမအသိပြန်လည်လာသည်။





"မမ"

"ကို"

"ဘာမှ အားမငယ်နဲ့နော်၊ ကိုယ်ကြိုးစားနေတယ်၊ မမဘာမှမဖြစ်ပါဘူး၊ ဘာမှလည်း မဖြစ်ရဘူး"

မမခန္ဓာကိုယ်လေးအား သိမ်းကြုံးပွေ့ဖက်ပြီး မမပါးပြင်လေးကို သူ့ပါးပြင်နှင့်အပ်ထားမိလေသည်။ မမမျက်ဝန်းတွေထဲမှာ မျက်ရည်တွေပြည့်လျှံနေ၏။ ကိုယ်အငမ်းမရ နမ်းရှိုက်တော့ မမမျက်ဝန်းတွေထဲမှ မျက်ရည်တွေ လိမ့်ဆင်းကျလာလေသည်။

"မမလုံးဝ မငိုပါနဲ့ဗျာ၊ ကိုယ်မမြင်ရက်လို့ပါ၊ မမကိုယ့်ကို ရှုံးအောင်မလုပ်ပါနဲ့၊ ကိုယ့်ကိုအနိုင်ယူမသွားပါနဲ့"

ဒီဒီရဲ့ ရောဂါဝေဒနာကို ဒီဒီအသိဆုံးဖြစ်နေလေသည်။ ဆေးကုသဖို့ နောက်ကျသွားပြီဆိုတာ သိလိုက်ရ၏။ ကံကြမ္မာပါပဲ ဉာဏ်သာရယ်၊ မမအသက်ကို ဘယ်သူမှ ကယ်တင်လို့မရနိုင်တော့ပါဘူး။

မမမှားသွားတယ်။ အတွေတွေကြီးခဲ့တယ်။ ရောဂါကြောင့်လား။ ဘာကြောင့်လဲဆိုတာ မသိအောင် ဒေါသတွေပေါက်ကွဲ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အမှားအမှန်တွေကိုတောင် ဆင်ခြင်တုံတရား ကင်းမဲ့ခဲ့ရတယ်လေ။

"ကို"

"မမ"

"မာဓိနဲ့တွေ့ချင်တယ်"

"ကိုယ်သွားခေါ်ပေးမယ်၊ မမဖြစ်ချင်တဲ့ဆန္ဒတွေ ပြောစမ်းပါ"

"မာဓိကို တွေ့ချင်တဲ့ဆန္ဒတွေ ပြင်းပြနေတယ်လေ၊ မာဓိကို တွေ့ပါရစေ"

"မမဆန္ဒတွေ ပြည့်ဝစေရမယ်၊ ဉာဏ်သာအခုပဲ သွားခေါ်လာခဲ့မယ်နော်"

မမလူ့လောကကြီးထဲကနေ ထွက်ခွာသွားရတော့မှာပါ ဉာဏ်သာမရတော့ပါဘူး၊ အခုတောင် မမအင်္ဂါတော်လေး အင်္ဂါတွေ ကင်းမဲ့နေရပါပြီလေ မျက်လုံးတွေတောင် ဝါးနေပြီတစ်ခုတည်းသော ဆန္ဒလေးတစ်ခုကြောင့် မမအသက်ရှိချင်သေးတာပါ။ မာဓိလာပါ့မလား မမသေတဲ့အထိ ခွင့်မလွှတ်နိုင်တော့ဘူးလား။ မာဓိ





နေရာ ဒီဒီဆိုရင်တော့ ကိုယ့်သားငယ်ကို အကောင်းဆုံးဆိုတဲ့အရာတွေပဲ ပေးခဲ့ချင်မှာပါ။ ပြီးတော့ စင် မင်းလေးမှာ ဘာအပြစ်မှ မရှိပါဘူးကွယ် မမဘက်က တစ်ဘက်သတ် အတ္တကြီးပြီး စင့်ကို တိုက်ခိုက်ခဲ့မိတာပါ။ စင်က ဉာဏ်သာ့ကို အတင်းအကြပ်လုယူဖို့ ကြိုးစားနေတာမှ မဟုတ်တာပဲ။ မမအတ္တတွေက မမကိုသတ်တာပါ။ ရောဂါကို ကြိုကြိုတင်တင်ကုသဖို့တောင် မမမေ့လျော့ပြီး ကိုယ်ဖြစ်ချင်တာတစ်ခုကိုပဲ ရှေ့တန်းတင်ခဲ့မိတာပါ။

"မမ"

"ဟင်"

ဉာဏ်သာ့အသံကြောင့် မျှော်လင့်ချက်တွေနှင့် အားတက်သရော မျက်လုံးတွေကို ဖွင့်ကြည့်မိလေသည်။ မှုံဝါးနေတဲ့အမြင်တွေက တဖြည်းဖြည်းကြည်လင်လာတော့ မာဓိကို တွေ့လိုက်ရ၏။ ဒီဒီ ဝမ်းသာပျော်ရွှင်သွားရသည်။

"မာဓိ"

"ဒီဒီ"

သားငယ်က ရှိုးတောင်းပန်ပြီး အတင်းအကြပ်ခေါ်လာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် မေမြတ်မဒီအား အခုလိုတွေ့တော့လည်း စိတ်ထိခိုက်ကြေကွဲရလေသည်။ မေမြတ်မဒီရဲ့ ချောမောလှပကျက်သရေရှိမှုတွေက ဓါတ်ပုံထဲမှာထက် လုံးဝဆန့်ကျင်နေခဲ့၏။ မိမိချွေးမလောင်းကို ပထမဆုံးအကြိမ် တွေ့ဆုံခဲ့ရတာပါပဲ။

"မာမီ့ကို ဒီဒီတောင်းပန်ပါတယ်၊ ကန်တော့ပါတယ်၊ ခွင့်လွှတ်ပေးပါနော်"

"ခွင့်လွှတ်ပါတယ် ဒီဒီ၊ ခင်းဘာမှ မတွေးပါနဲ့၊ မင်းကျန်းမာရေးကိုပဲ ဂရုစိုက်ပါကွယ်"

"မာမီ"

"ပြောလေ ဒီဒီ"

"ဒီဒီတစ်ခုလောက် တောင်းဆိုချင်ပါတယ်"

"တောင်းဆိုလေ ဒီဒီ၊ မာမီပေးမှာပေါ့"

ဒေါ်သော်တာက စိတ်မကောင်းကြီးစွာဖြစ်ရပြီး မေမြတ်မဒီရဲ့ လက်လေးကို ဆုပ်ကိုင်ဖျစ်ညှစ်ထားမိသည်။

"ဒီဒီ့ကို ချွေးမအဖြစ် ခဏလေးပဲ လက်ခံအသိအမှတ်ပြုပေးပါလား"





"အသိအမှတ်ပြုပါတယ် ဒီဒီရယ်၊ မာမီ့ကိုလည်း ခွင့်လွှတ်ပေးပါ၊ မာမီဘက်က အတ္တကြီးခဲ့တာပဲလေ"

ဒီဒီမျက်နှာလေးက ဝင်းလက်တောက်ပလာကာ နှုတ်ခမ်းလေးတွေက ပြုံးယောင်သန်းသွားလေသည်။

"ဒီဒီနေကောင်းသွားရင် သားနဲ့လက်ထပ်မင်္ဂလာပွဲကို အကြီးကျယ်ဆုံး လုပ်ပေးမယ်နော်၊ အခုတောင် ဒီဒီနဲ့သားလက်ထပ်ဖို့ တရားသူကြီးကို ခေါ်ထားတယ်လေ"

"ဟင့်အင်း"

"ဘာဖြစ်လို့လည်း ဒီဒီ"

"စင့်ကို ခေါ်ပေးပါ ဒီဒီရှေ့မှာတင် စင်နဲ့ဉာဏ်သာ့ကို လက်ထပ်ပေးခဲ့ချင်တယ်"

"မမ"

"ဒီဒီတရားသူကြီးကို ခေါ်ခိုင်းတာ၊ ဉာဏ်သာနဲ့စင့်ကို လက်ထပ်သွားချင်လို့ပါနော်"

"ဒီဒီရယ်"

"ကိုယ် ဘယ်သူ့ကိုမှ လက်မထပ်ဘူးမမ ဘာတွေလုပ်



www.burmeseclassic.com

www.burmeseclassic.com



ရတာလဲဗျာ၊ ကိုယ် ကတိပေးပါတယ်၊ ကိုယ်စင်နဲ့ လုံးဝလက်မထပ်ဘူး၊ ကိုယ် လက်ထပ်မှာက မမပဲ"

"မမစကားတွေကို လက်ခံပါဉာဏ်သာ၊ မမအဖြစ်ချင်ဆုံးဆန္ဒတွေကို မင်းဖြည့်စွမ်းပေးမယ်မဟုတ်လား၊ မင်းကို စင့်လက်ထဲမှာ မမကိုယ်တိုင် အပ်ထားခဲ့ချင်လို့ပါ"

"မမ"

ဉာဏ်သာ ကြေကွဲဝမ်းနည်းစွာ မမကို ပွေ့ဖက်ထားမိလေသည်။ ကိုယ်ရူးရတော့မယ်မမ၊ ကိုယ့်ရော မမရော ဘယ်သူရှုံးတာလဲ။ ကိုယ့်ကိုထားခဲ့ပြီး မမက လူ့လောကကြီးထဲကနေ အပြီးအပိုင်ထွက်ခွာသွားတော့မယ်။ ကိုယ့်ဘဝတစ်သက်တာလုံး ကြေကွဲထိခိုက်မှုတွေ ခံစားနေရအောင် အနိုင်ယူပြသွားတာလားဗျာ။

"မမ စင့်ဆီ ဖုန်းဆက်ထားတယ်၊ လာခဲ့မယ်တဲ့"

"မမ"

"စင်က စိတ်သဘောထားပြည့်ဝပါတယ်၊ မင်းလက်ထပ်ဖို့ အသင့်တော်ဆုံးက ဖြူစင်ချိုပဲလေ"

ခဏကြာတော့ စင်ရောက်လာလေသည်။ မမက





တောင်းဆိုတော့ ငြင်းဆန်ခဲ့၏။ စင့်ပါးပြင်လေးပေါ်မှာ မမလက်ဝါးရာက ထင်ကျန်နေသေးသည်။

"မမစိတ်မကောင်းလိုက်တာကွယ်၊ စင့်လိုမိန်းကလေးမျိုးကိုမှ မမစော်ကားမိခဲ့တယ်"

"စင် ခွင့်လွှတ်ပါတယ်မမ၊ အချစ်ဆိုတာ အသိတွေကင်းမဲ့စေပြီး အတ္တကြီးတတ်ပါတယ်လေ၊ စင် နားလည်ပါတယ်၊ ကိုဉာဏ်သာက မမကိုအရမ်းချစ်တာ စင်သိနေပါတယ်၊ စင် နိုင်ငံခြားကို အပြီးအပိုင်ထွက်သွားတော့မှာပါ"

"မရဘူးစင်၊ မမဆန္ဒကို လက်ခံပေးပါ၊ မမ ကျေကျေနပ်နပ်နဲ့ လူ့လောကကြီးထဲကနေ ထွက်ခွာသွားပါစေကွယ်"

တရားသူကြီးလည်း ရောက်လာ၍ ဒီဒီဆန္ဒတွေအတိုင်းပဲ အားလုံးဖြည့်စွမ်းပေးလေသည်။ ဒီဒီ ကျေနပ်မိ၏။ နှုတ်ခမ်းလေးတွေက ပြုံးရိနေ၏။ ဉာဏ်သာလက်နှင့် စင့်လက်လေးကို ဆွဲယူပြီး လက်ထပ်ပေးလိုက်လေသည်။ တရားသူကြီးရှေ့မှာလည်း အသိသက်သေတွေနှင့် တရားဝင်လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးစေ၏။ ဒီဒီကိုယ်တိုင် အသိသက်သေနေရာမှာ ထိုးပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါက မမအဖြစ်ချင်ဆုံးဆန္ဒပါပဲနော်၊ မင်းတို့ကို မင်္ဂလာလက်ဖွဲ့အဖြစ် မမပိုင်ဆိုင်တဲ့ စည်းစိမ်ဥစ္စာတွေအားလုံး ပေးအပ်ခဲ့ပါတယ်"

"မမ"

"မမ"

"တရားသူကြီးနဲ့ ရှေ့နေတွေနဲ့ မမ အားလုံးစီစဉ်ခဲ့ပြီးပြီ လက်ခံပေးကြပါ၊ မမမှာ အမွေဆက်ခံဖို့ ဆွေမျိုးမှမရှိတာဘဲ၊ မမကို စိတ်အေးလက်အေးနဲ့ လုပ်ချင်တာလေးတွေ လုပ်ခဲ့ပြီး သွားပါရစေကွယ်"

"မမရယ်"

"မမရယ်"

"မမရဲ့ဆန္ဒတွေအတိုင်းပဲ လုပ်ပေးကြပါ၊ မင်းတို့နှစ်ယောက်နဲ့ ပျော်ပျော်ရွှင်ရွှင်နဲ့ ဘဝတစ်သက်တာလုံး လက်တွဲတည်ဆောက်သွားကြပါ၊ မမရဲ့ဆန္ဒပါပဲကွယ်"

ပြောနေရင်း ဒီဒီ့နှုတ်ခမ်းလေးတွေက လှုပ်ရှားလို့မရအောင် လေးလံလာရလေသည်။ မျက်ဝန်းတွေ ပြာဝေလာရတော့၏။ ဒီဒီ





ကျေနပ်စွာ ထွက်ခွာသွားမှာပါ။ ဖူးစာဆိုတာ ခက်သားပဲနော် ဉာဏ်သာ၊ နဖူးမှာ စာရေးထားခဲ့ပြီးသားထင်တယ်။ မမက ဉာဏ်သာ့ဖူးစာဖက် မဟုတ်ဘူးလေ။ ဖြူစင်ချိုပါပဲ။ ချောမောလှပပြီး စိတ်သဘောထားပြည့်ဝတဲ့ မိန်းကလေးနဲ့ ဉာဏ်သာ့ဖူးစာဖက်ဖြစ်နေလို့ မမ ကျေနပ်ဝမ်းသာမိပါတယ်ကွယ်။

"မမ"

"မမ"

ဒီဒီ ဘာမှမမြင်ရတော့ဘူး။ ဘာမှလည်း မကြားရတော့ဘူး။ ဒီဒီ အဖြစ်ချင်ဆုံးဆန္ဒတွေ လုပ်ထားခဲ့ပြီးပြီပဲလေ။ ဒီဒီ စိတ်တွေကို လျှော့ပစ်လိုက်မိလေသည်။

"မမ"

"မမ"

ဉာဏ်သာ အထိတ်တလန့်နှင့် မမလက်လေးကို ဆုပ်ကိုင်လှုပ်ရမ်းအော်ဟစ်နေမိလေသည်။ စင်က ဆရာဝန်ကို ပြေးခေါ်ခဲ့၏။ တာဝန်ကျဆရာဝန် ရောက်လာပြီး စမ်းသပ်မှုတွေပြုလုပ်ကာ ခေမြတ်မဒီ သေဆုံးသွားပြီဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

“မမ”

“မမရယ်”

“ဒီဒီရယ်”

ဉာဏ်သာ ဘာမှမတတ်နိုင်တော့ပါဘူး။ မမဖြစ်စေချင်ခဲ့တဲ့ ဆန္ဒတွေအတိုင်းသာ ဖြည့်ဆွမ်းပေးဖို့ပဲ ဉာဏ်သာ ဆုံးဖြတ်ထားလိုက်လေတော့သည်။

“မမ ကောင်းရာသုဂတိလားပါစေ၊ ပျော်ရွှင်ချမ်းမြေ့ပြည့်စုံတဲ့ ဘဝလေးကို သံသရာအဆက်ဆက် ရယူပိုင်ဆိုင်နိုင်ပါစေ”

ဉာဏ်သာရော ဖြူစင်ချိုပါ ရင်ထဲကနေ မမအတွက် ဆုတောင်းပေးနေမိလေသည်။

သင်မြတ်နိုး

စီးမီး - တပေ

www.burmeseclassic.com